မြန်မာကျောင်းသားများအဖွဲ့အစည်း-သီရိလင်္ကာ (MSAS)

# BUDDHIST SOCIAL DIMENSIONS

# မိတ်ဆက်



ဘိက္ခုသီလာစာရ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## MSAS ၏ အမှာစာ

မြန်မာကျောင်းသားများအဖွဲ့အစည်း – သီရိလင်္ကာ (MSAS) သည် ဗုဒ္ဓဘာသာလေ့လာရေး မဟာဝိဇ္ဇာဘွဲ့လွန် (MA) တန်းအတွက် သင်ခန်းစာများကို မြန်မာဘာသာဖြင့် မိတ်ဆက်ပေးသည့် ဘာသာရပ်မိတ်ဆက် စာအုပ်လေးများကို စာဖတ်သူတို့၏ လက်ထဲသို့ ထည့်ပေးနိုင်ပါတော့မည်။ မြန်မာကျောင်းသားများအဖွဲ့အစည်း – သီရိလင်္ကာ (MSAS) သည် အောက်ဖော်ပြပါ အဓိကရည်ရွယ်ချက်ငါးရပ်တို့ဖြင့် ဗုဒ္ဓစာပေလေ့လာရေး မဟာဝိဇ္ဇာဘွဲ့လွန်တန်းအတွက် သင်ခန်းစာများကို မြန်မာကျောင်းသားများအား မြန်မာဘာသာဖြင့် မိတ်ဆက်ပေးနိုင်ရန် စီစဉ်ခဲ့ကြပါသည်။ ထိုရည်ရွယ်ချက်ငါးရပ်တို့တွင် စာဖတ်သူများအတွက် ရည်ရွယ်ချက် (၂) ခုရှိပါသည်။ စာရေးသူများအတွက် ရည်ရွယ်ချက်သုံး (၃) ခု ရှိပါသည်။ စာဖတ်သူများအတွက် ရည်ရွယ်ချက်နှစ်(၂)ခုတို့မှာ

၁။ မြန်မာကျောင်းသားရဟန်းတော်များနှင့် သာသနာ့နွယ်ဝင်ဆရာလေးများ သီရိလင်္ကာနိုင်ငံတွင် ချဉ်းကပ်လေ့လာသည့် ဗုဒ္ဓစာပေလေ့လာရေး နည်းစနစ်များ (methodology) ကို ရှင်းလင်းလွယ်ကူစွာ နားလည်၍ လက်တွေ့နေ့စဉ်ဘဝတွင် အကျိုးရှိရှိအသုံးချနိုင်စေရန်နှင့် ၂။ မဟာဝိဇ္ဇာဘွဲ့လွန်တန်းကို တက်ရောက်လေ့လာနေကြသော မြန်မာရဟန်းတော်များနှင့် သာသနာ့နွယ်ဝင် ဆရာလေးများအတွက် ပညာရှင်များပို့ချပေးကြသည့် ဘာသာရပ်ကို စနစ်တကျ ပိုမိုနားလည်လာစေရန်နှင့် စာမေးပွဲအောင်မြင်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန်တို့ ဖြစ်ကြပါသည်။

စာရေးသူများအတွက် အဓိကရည်ရွယ်ချက် (၃) ခုတို့မှာ ၁။ ဘာသာရပ်တစ်ခုကို “ကျောင်းသားစိတ်" မှ "ပညာရှင်စိတ်"သို့ ကူးပြောင်းကာ ပညာရှင်ဆန်သည့် ချဉ်းကပ်နည်း (professional approach) ဖြင့် လေ့လာ၍ လူမှန်နေရာမှန်လုပ်ဆောင်ရမည့် လုပ်ငန်းကျွမ်းကျင်မှု (professionalism) ကို တည်ဆောက်နိုင်စေရန်၊ ၂။ စာရေးသူများသည် စိတ်ဝင်စားရာနယ်ပယ်ကို စူးစမ်းရေးသားခြင်းဖြင့် သုတေသနစွမ်းရည် (research skills) မြှင့်တင်၍ အနာဂတ်တွင် ပိုမိုကောင်းမွန်သော သုတေသနစာတမ်းများ ရေးသားနိုင်စေရန်နှင့် ၃။ မြန်မာစာဖြင့် ပညာရပ်ဆိုင်ရာ အကြောင်းအရာများကို ရေးသားနိုင်စွမ်းတိုးတက်စေရန်၊ ခေတ်ပညာရပ်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်း၊ မှန်ကန်၊ ကျစ်လျစ်သော မြန်မာစကားပြေအရေးအသားဖြင့် ရေးသားတတ်သည့် အလေ့အကျင့်ကောင်းများကို တည်ဆောက်နိုင်ရန်တို့ ဖြစ်ကြပါသည်။

ဤသင်ခန်းစာမိတ်ဆက် စာအုပ်လေးများ ဖြစ်ပေါ်လာခြင်းသည် ပါဝင်ဆောင်ရွက်ပေးကြသော ဆရာတော်များအားလုံးတို့၏ စိတ်အားထက်သန်မှု၊ အများအတွက် အချိန်ပေး၍ ကိုယ်ကျိုးစွန့်မှု၊ မအားလပ်သည့်ကြားမှ မလျှော့တမ်း ကြိုးစားအားထုတ်မှုတို့မှ ဖြစ်ပေါ်လာသည့် အကျိုးရလဒ်ဖြစ်ပါသည်။ ဘာသာရပ် အသီးသီးကို အချိန်ပေး၍ စိတ်ရှည်ရှည်ဖြင့် ရေးသားပေးကြသည့် စာရေးသူဆရာတော်များ အားလုံးကို MSAS အဖွဲ့အစည်းက အထူးပင်ကျေးဇူး တင်ရှိပါသည်။ မြန်မာကျောင်းသား ရဟန်းတော်များနှင့် သာသနာ့နွယ်ဝင်ဆရာလေးများ မဟာဝိဇ္ဇာတန်းကို တက်ရောက် လေ့လာရင်း အကြောင်းအရာများကို မြန်မာစာဖြင့် တစ်ဖက်တစ်လမ်းက အလွယ်တကူ လေ့လာနိုင်ရန် အချိန်မီ ဖြန့်ဝေနိုင်ခြင်းအတွက် MSAS တစ်ဖွဲ့လုံးက အထူးပင်ဝမ်းမြောက်မိပါသည်။ ဤသင်္ခန်းစာမိတ်ဆက်စာအုပ်လေးများသည် မြန်မာနိုင်ငံက စာသင်သားရဟန်းတော်များ

သာသနာ့နွယ်ဝင်ဆရာလေးများနှင့် ဗုဒ္ဓစာပေကို စိတ်ဝင်စားကြသည့် လူပုဂ္ဂိုလ်များအတွက်လည်း ဗုဒ္ဓစာပေကို ပညာရှင်ဆန်ဆန် လေ့လာချဉ်းကပ်နည်း၊ ခေတ်အမြင်ဖြင့် ချဉ်းကပ်လေ့လာခြင်းများအတွက် တစ်ထောင့်တစ်နေရာက အကျိုးပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤဘာသာရပ်မိတ်ဆက်စာအုပ်လေးများ၏ မူပိုင်ခွင့်အားလုံး (copyright) သည် စာရေးသူအသီးသီးကသာ ပိုင်ဆိုင်ကြပါသည်။ စာအုပ်ထုတ်ဝေခြင်း၊ ပြန်လည်ကူးယူဖော်ပြခြင်း၊ အခြားသော စီးပွားဖြစ်အသုံးပြုများအတွက် စာရေးသူများကို email မှတဆင့် တိုက်ရိုက်ဆက်သွယ်၍ ခွင့်ပြုချက်တောင်းခံပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဤသင်ခန်းစာမိတ်ဆက်များတွင် ပါရှိသည့် ပညာရပ်ဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ဝေါဟာရအသုံးအနှုန်းအချို့သည် မြန်မာနိုင်ငံရှိ အစဉ်အလာစာပေလေ့လာရေးပုံစံနှင့် အနည်းငယ်ကွဲလွဲနေနိုင်ပါသည်။ စာပေလေ့လာပုံ၊ ချဉ်းကပ်ပုံ၊ အဓိပ္ပါယ်ဖွင့်ဆိုပုံ၊ စာပေအယူအဆ အနည်းငယ်ကွဲလွဲမှုများလည်း တွေ့ရှိရနိုင်ပါသည်။ ထိုကွဲလွဲမှုများ၏ နောက်ကွယ်က အဓိကအကြောင်းတရားကိုပါ ဝေဖန်ဆန်းစစ်၍ စိတ်နှလုံးတံခါးဖွင့်ကာ ဖတ်ရှုလေ့လာကြစေချင်ပါသည်။

စာရေးသူဆရာတော်လေးများသည် ပညာရှင်စာရေးဆရာများ မဟုတ်ကြပါ။ မိမိတို့၏ ပါရဂူ (PhD) သုတေသနကျမ်းကို ပြုစုကြလျက် တစ်ဖက်တစ်လမ်းက မြန်မာကျောင်းသားများ အဆင်ပြေစေရန် စေတနာအရင်းခံဖြင့် ဤသင်ခန်းစာ မိတ်ဆက်များကို ရေးသားကြခြင်းဖြစ်ပါသည်။ စာအုပ်အဖြစ် ဖြန့်ဝေသည့်အခါတွင်လည်း မိမိတို့သုတေသနကျမ်းကိစ္စကို အချိန်ပေးနေရသည့်အတွက် ပြန်လည်မွမ်းမံခြင်း စသည်တို့ကို အချိန်လုံလုံလောက်လောက် မပေးနိုင်ခဲ့ကြပါ။ ထို့ကြောင့်

ဤသင်ခန်းစာမိတ်ဆက် စာအုပ်လေးများတွင် အချို့သော အားနည်းချက်များကို တွေ့မြင်ရနိုင်ပါသည်။ ထိုအားနည်းချက်၊ ချို့ယွင်းချက်များကို ခွင့်လွှတ်နားလည် ပေးကြပါရန် စာဖတ်သူများကို မေတ္တာရပ်ခံအပ်ပါသည်။

**ဒေါက်တာဘိက္ခုသောပါက (ကထိက)**

**ဥက္ကဋ္ဌ**

**မြန်မာကျောင်းသားများအဖွဲ့အစည်း – သီရိလင်္ကာ (MSAS)**

**26.06.2026.**

## စာပြုစုသူ၏ အမှာစာ

ဤစာအုပ်ငယ်သည် **မြန်မာကျောင်းသားများအဖွဲ့အစည်း - သီရိလင်္ကာ (MSAS)** က ၂၀၂၅/၂၀၂၆ ပညာသင်နှစ်၊ အမ်အေ (M.A) ကျောင်းသားများအတွက် ရည်ရွယ်၍ ပြုလုပ်ခဲ့သော "ဘာသာရပ်များမိတ်ဆက်ကဏ္ဍ" မှ ထွက်ပေါ်လာသည့် ရလဒ်များစွာထဲမှ တစ်ခုဖြစ်ပါသည်။

ဤစာအုပ်ငယ်သည် Buddhist Social Dimension / Buddhist Social Philosophy ဘာသာရပ်အောက်တွင် ယခင်နှစ်များက ပို့ချခဲ့သော ခေါင်းစဉ်အချို့ကို ၂၀၂၅/၂၀၂၆ ခုနှစ် ကျောင်းသားများအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဘာသာရပ်မိတ်ဆက်အနေဖြင့် အနှစ်ချုပ် စုစည်းရေးသားထားခြင်း ဖြစ်ပါသည်။

စာအုပ်တွင် ပို့ချချက် စုစုပေါင်း (၁၂) ခု ပါဝင်ပါသည်။ ဤပို့ချချက်များသည် PGIPBS, University of Kelaniya တစ်ခုတည်း၏ ပို့ချချက်များသာမကဘဲ PGIHS, University of Peradeniya ၏ ပို့ချချက်များကိုပါ အချိုးကျပေါင်းစပ် စုစည်းထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဘာသာရပ်၏ရှေ့တွင် ကေလနိယတက္ကသိုလ်၏ ဘာသာရပ်ကုဒ်ဖြစ်သော "MABS 27" ဟူသည့် ရည်ညွှန်းနံပါတ်ကို သီးခြားထည့်သွင်းမထားခြင်း ဖြစ်ပါသည်။

ထိုသို့သော မျှော်မှန်းချက်ဖြင့်သာ ရေးသားထားခြင်းဖြစ်၍ ညီတော်၊ နောင်တော်များထက် ပို၍ တော်သည်၊ တတ်သည်ဟူသော မှတ်ယူခြင်းမျိုး မပြုကြစေလိုပါ။ ဤစာအုပ်ပါ အကြောင်းအရာများသည် ဤဘာသာရပ်နယ်ပယ်၏ တစ်စိတ်တဒေသမျှလောက်သာဖြစ်ပါသည်။ ဤဘာသာရပ်သည် အလွန်ကျယ်ပြန့်ပြီး

စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများစွာဖြင့် ပြည့်နှက်နေသောကြောင့် လေ့လာ၍ ကုန်နိုင်ဖွယ် မရှိချေ။

ဤစာအုပ်ငယ်သည် Buddhist Social Dimensions ဘာသာရပ်အတွက် အခြေခံမျှကိုသာ ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။ နက်နက်ရှိုင်းရှိုင်း ဆက်လက်လေ့လာလိုသူများအတွက်မူ ဤထက်မက တိုးချဲ့လေ့လာကြရဦးမည် ဖြစ်သည်။ အဆောက်အအုံတစ်ခုကို တက်ရောက်ရာတွင် လှေကားထစ်သည် အထက်သို့ နင်းလျှောက်နိုင်ရန် ကူညီပေးသကဲ့သို့ ဤစာအုပ်သည်လည်း Social ပညာရပ်အဆင့်ဆင့်ကို ဆက်လက် လေ့လာနိုင်ရန် လမ်းဖွင့်ပေးမည့် လှေကားထစ်တစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

အဆုံးသတ်အနေဖြင့် ဤကဲ့သို့သော ပညာရပ်ဆိုင်ရာ ရလဒ်တစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာအောင် အဓိကအကြောင်းဖြစ်စေခဲ့သည့် **"မြန်မာကျောင်းသားများအဖွဲ့အစည်း - သီရိလင်္ကာ" (MSAS)** အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ညီတော်၊ နောင်တော်များသည်လည်း သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အသီးသီး၌ ဝါသနာနှင့် အလုပ် ထပ်တူကျကာ ပေါက်မြောက်အောင်မြင်ပြီး မိမိလေ့လာထားသမျှကို အကျိုးရှိစွာ အသုံးချနိုင်ကြပါစေ..........

**မေတ္တာဖြင့်**

**ဘိက္ခုသီလာစာရ**

Silacara000565@gmail.com

# မာတိကာ

*MSAS ၏ အမှာစာ* ........................................................ *Error! Bookmark not defined.*

*စာပြုစုသူ၏ အမှာစာ* ..................................................................................................၆

*မာတိကာ*.................................................................................................................၈

*Buddhist Social Dimension*..........................................................................................၉

**ပို့ချစဉ် (၁) - Introduction to the Social Philosophy in Buddhism**.......................၁၀

၁။ နိဒါန်း ........................................................................................................၁၀

၂။ ဘာသာရပ်၏ လေ့လာမှုနယ်ပယ်နှင့် ရည်ရွယ်ချက် ...........................................၁၁

၃။ ဘာသာရပ်နယ်ပယ်များ ဆက်စပ်မှု ................................................................ ၁၂

၄။ လူမှုပဋိညာဉ်နှင့် လွတ်လပ်မှု.........................................................................၁၃

၅။ အာဏာနှင့် တရားဝင်မှု ................................................................................၁၄

၆။ မြန်မာနိုင်ငံ ဖြစ်ရပ်လေ့လာချက် ...................................................................၁၅

၇။ လက်တွေ့ကျသော ဘာသာရေး .......................................................................၁၆

၈။ Melford Spiro ၏ ဗုဒ္ဓဘာသာ သုံးမျိုး .............................................................၁၇

၉။ နိဂုံး ...........................................................................................................၁၈

ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ...............................၁၈

**ပို့ချစဉ် (၂) - The Social & Political background of Buddhism reflected in the Pali Buddhist literature** .................................................................................... **၂၁**

၁။ နိဒါန်း ........................................................................................................ ၂၁

၂။ နိုင်ငံရေး ပထဝီဝင် - တိုင်းကြီး ၁၆ တိုင်း ......................................................၂၂

၃။ လူမှုဖွဲ့စည်းပုံနှင့် ဇာတ်စနစ် ........................................................................ ၂၄

၄။ ဗုဒ္ဓ၏ နိုင်ငံရေးဒဿန နှင့် စီးပွားရေးအမြင် .................................................. ၂၆

၅။ ၂၁ ရာစုအတွက် ဗုဒ္ဓနိုင်ငံရေးသီအိုရီ ............................................................ ၂၉

၇။ နိဂုံး ...........................................................................................................၃၁

ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ...............................၃၁

**ပို့ချစဉ် (၃) - Social Stratification: A Buddhist View** ............................................**၃၄**

၁။ နိဒါန်း ........................................................................................................၃၄

၂။ ဗြာဟ္မဏတို့၏ ဇာတ်ဝါဒနှင့် ဗုဒ္ဓ၏ ချေပချက်များ ..........................................၃၅

၃။ သံဃာ့အဖွဲ့အစည်းနှင့် တန်းတူညီမျှမှု...........................................................၃၇

၄။ ဗုဒ္ဓဘာသာ၏ လူမှုအလွှာသစ် ......................................................................၃၈

၅။ အမျိုးသမီးများ၏ အခန်းကဏ္ဍ ............................................................................ ၃၉
၆။ လေ့လာခြင်း၏ အနှစ်သာရ ................................................................................ ၄၀
၇။ နိဂုံး ............................................................................................................. ၄၁
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ................................ ၄၂

**ပို့ချစဉ် (၄) - Buddhist Theory of State ..................................................... ၄၄**
၁။ နိဒါန်း .......................................................................................................... ၄၄
၂။ နိုင်ငံတော် ဖြစ်ပေါ်လာပုံ သီအိုရီ ........................................................................ ၄၅
၃။ စကြာမင်း နှင့် အုပ်ချုပ်သူ၏ တာဝန်များ ............................................................ ၄၇
၄။ နိုင်ငံတော်၏ စီးပွားရေး စီမံကိန်း ........................................................................ ၄၈
၅။ ဒီမိုကရေစီ ဆန္ဒအဟုန်နှင့် တရားစီရင်ရေး ........................................................ ၄၉
၆။ ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ အမြင် .......................................................................... ၅၁
၇။ လေ့လာခြင်း၏ အနှစ်သာရ ................................................................................ ၅၂
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ................................ ၅၃

**ပို့ချစဉ် (၅) - Social Significance of Buddhist Path .................................... ၅၆**
၁။ နိဒါန်း .......................................................................................................... ၅၆
၂။ လမ်းစဉ်နှစ်သွယ် - လောကီနှင့် လောကုတ္တရာ ...................................................... ၅၇
၃။ မဂ္ဂင်ရှစ်ပါး၏ လူမှုရေး အသုံးချမှု ...................................................................... ၅၈
၄။ မှားယွင်းသော အသက်မွေးမှုနှင့် စီးပွားရေး လှည့်ကွက်များ .................................. ၅၉
၅။ ပဋ္ဌမသရဏာနိသက္ကသုတ်နှင့် လူမှုတန်းတူညီမျှမှု .............................................. ၆၁
၆။ မဂ္ဂင် ၁၀ ပါး .................................................................................................. ၆၂
၇။ လေ့လာခြင်း၏ အနှစ်သာရ ................................................................................ ၆၃
၈။ နိဂုံး ............................................................................................................. ၆၄
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ................................ ၆၄

**ပို့ချစဉ် (၆) - The Five Precepts and Its Social Application ....................... ၆၆**
၁။ နိဒါန်း .......................................................................................................... ၆၆
၂။ ငါးပါးသီလ၏ သမိုင်းကြောင်းနှင့် ဖွဲ့စည်းပုံ .......................................................... ၆၇
၃။ ငါးပါးသီလအား လူမှုဗေဒ ရှုထောင့်မှ လေ့လာခြင်း .............................................. ၆၉
၄။ ပဉ္စဝေရဘာယသုတ် နှင့် လူမှုလုံခြုံရေး ................................................................ ၇၂
၅။ ပြစ်မှုမြောက်သော အင်္ဂါရပ်များ ........................................................................ ၇၃
၆။ လေ့လာခြင်း၏ အနှစ်သာရ ................................................................................ ၇၅
၇။ နိဂုံး ............................................................................................................. ၇၆
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ................................ ၇၆

**ပို့ချစဉ် (၇) - Buddhist Attitude Towards the Functional Problems of Language ............ ၇၈**
၁။ နိဒါန်း ............ ၇၈
၂။ ဘာသာစကား၏ သဘောသဘာဝ - သမုတိသစ္စာ ............ ၇၉
၃။ အရဏဝိဘင်္ဂသုတ်နှင့် ဒေသန္တရ ဘာသာစကားပြဿနာ ............ ၈၀
၄။ မြင့်မြတ်သော ဘာသာစကား ပြဿနာ ............ ၈၂
၅။ ဘာသာစကားနှင့် ဉာဏ်အလင်း ............ ၈၄
၆။ ဘာသာစကားနှင့် ကျင့်ဝတ် ............ ၈၅
၇။ လေ့လာခြင်း၏ အနှစ်သာရ ............ ၈၆
၈။ နိဂုံး ............ ၈၆
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ............ ၈၇

**ပို့ချစဉ် (၈) - Buddhist Teachings of Conflict Resolution ............ ၈၉**
၁။ နိဒါန်း ............ ၈၉
၂။ ပဋိပက္ခ၏ စိတ်ပိုင်းဆိုင်ရာ ဇာစ်မြစ် ............ ၉၀
၃။ အမှန်တရားကို လက်ဝါးကြီးအုပ်ခြင်း ............ ၉၂
၄။ လက်တွေ့ ပဋိပက္ခဖြေရှင်းနည်းများ ............ ၉၃
၅။ ဒီဃာဝုမင်းသားနှင့် ကလဲ့စားချေခြင်း ............ ၉၄
၆။ ဘာသာပေါင်းစုံ သဟဇာတဖြစ်ရေး ............ ၉၅
၇။ လေ့လာခြင်း၏ အနှစ်သာရ ............ ၉၅
၈။ နိဂုံး ............ ၉၆
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ............ ၉၆

**ပို့ချစဉ် (၉) - Buddhist Education: Foundations and Methods ............ ၉၈**
၁။ နိဒါန်း ............ ၉၈
၂။ ပညာရေးဆိုင်ရာ ဒဿနအခြေခံများ ............ ၉၉
၃။ ပညာရေးဆိုင်ရာ စိတ်ပညာအခြေခံများ ............ ၁၀၀
၄။ ဗုဒ္ဓ၏ သင်ကြားနည်းစနစ်များ ............ ၁၀၂
၅။ ဆရာနှင့် တပည့် ဆက်ဆံရေး ............ ၁၀၅
၇။ လေ့လာခြင်း၏ အနှစ်သာရနှင့် ခေတ်သစ်ပညာရေး ............ ၁၀၆
၈။ နိဂုံး ............ ၁၀၇
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ............ ၁၀၇

**ပို့ချစဉ် (၁၀) - Buddhism on Ethnic Identity and Related Issues ............ ၁၀၉**
၁။ နိဒါန်း ............ ၁၀၉

၂။ လူမျိုး နှင့် လူမျိုးနွယ်စု ခွဲခြားခြင်း........................................................................၁၁၀
၃။ ဝါသေဋ္ဌသုတ်နှင့် လူသားမျိုးစိတ် တစ်ခုတည်း သီအိုရီ....................................၁၁၁
၄။ ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းများရှိ ပဋိပက္ခ ဇာစ်မြစ်များ ..................................၁၁၂
၅။ Daisaku Ikeda ၏ ငြိမ်းချမ်းရေး လမ်းစဉ် ၇ သွယ် ........................................၁၁၅
၆။ ဗုဒ္ဓဘာသာနှင့် အမျိုးသားရေးဝါဒ ဝိရောဓိ.......................................................၁၁၆
၇။ လေ့လာခြင်း၏ အနှစ်သာရ...................................................................................၁၁၆
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ..............................၁၁၇

**ပို့ချစဉ် (၁၁) - Buddhist Teachings on Sex/Gender ........................................ ၁၁၉**

၁။ နိဒါန်း ..................................................................................................................၁၁၉
၂။ Sex နှင့် Gender ကို ဗုဒ္ဓနည်းကျ ခွဲခြားခြင်း ......................................................၁၂၀
၃။ ဗုဒ္ဓခေတ် အမျိုးသမီးများ၏ အဆင့်အတန်း.......................................................၁၂၁
၄။ ဘိက္ခုနီ သာသနာနှင့် ဂရုဓမ္မ ပြဿနာ ..............................................................၁၂၃
၅။ လိင်စိတ် ကွဲပြားမှုနှင့် ပဏ္ဍက ပြဿနာ .............................................................၁၂၅
၆။ အိမ်ထောင်ရေးနှင့် ကွာရှင်းခွင့် ..........................................................................၁၂၇
၇။ ဖက်မီနစ်ဝါဒနှင့် ဗုဒ္ဓဘာသာ..............................................................................၁၂၈
၈။ လေ့လာခြင်း၏ အနှစ်သာရ...................................................................................၁၂၈
၉။ နိဂုံး .....................................................................................................................၁၂၉
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ..............................၁၂၉

**ပို့ချစဉ် (၁၂) - Early Buddhist Analysis of Rites and Rituals ............................ ၁၃၁**

၁။ နိဒါန်း ..................................................................................................................၁၃၁
၂။ ထုံးတမ်းစဉ်လာများ၏ လူမှုဗေဒ သဘောသဘာဝ..............................................၁၃၂
၃။ ရှေးဦးဗုဒ္ဓဘာသာ၏ ဝေဖန်ဆန်းစစ်ချက်............................................................၁၃၃
၄။ ပရိတ်ရွတ်ဖတ်ခြင်း၏ စိတ်ပညာနှင့် လူမှုရေး အခန်းကဏ္ဍ.................................၁၃၄
၅။ တိရောကုဍ္ဍသုတ် နှင့် ပူဆွေးမှု စီမံခန့်ခွဲခြင်း.......................................................၁၃၆
၆။ လူမှုပေါင်းစည်းမှု ယန္တရား ..................................................................................၁၃၇
၇။ လေ့လာခြင်း၏ အနှစ်သာရ...................................................................................၁၃၇
၈။ နိဂုံး .....................................................................................................................၁၃၈
ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့ ..............................၁၃၈

***Buddhist Social Philosophy/ Social Dimension of Buddhism ဘာသာရပ်နှင့်စပ်၍ ပို့ချသည့်ဆရာများက အကြံပြုထားသော ထပ်မံ ဖတ်ရှုသင့်သည့် စာအုပ်များ............... ၁၄၁***

# Buddhist Social Dimension

## ပို့ချစဉ် (၁) - Introduction to the Social Philosophy in Buddhism

### ၁။ နိဒါန်း

မိမိအပါအဝင် မြန်မာနိုင်ငံမှ ကျောင်းသားအများစုသည် ဗုဒ္ဓဘာသာကို လေ့လာရာ၌ "ပုဂ္ဂိုလ်ရေးဆိုင်ရာ စိတ်အေးချမ်းမှု[1]" နှင့် "နောင်ဘဝကုသိုလ်ရလိုစိတ်[2]" ဟူသော ရှုထောင့်များမှသာ အလေးပေးလေ့ရှိကြသည်။ သို့သော် သီရိလင်္ကာတက္ကသိုလ်များကဲ့သို့သော ခေတ်သစ်ပညာရေးစနစ်တွင်မူ ဗုဒ္ဓဝါဒကို "လူမှုဒဿန[3]" အမြင်ဖြင့် ချဉ်းကပ်လေ့လာကြသည်။

လူမှုဒဿနဆိုသည်မှာ လူ့အဖွဲ့အစည်းနှင့် အပြုအမူများကို လေ့လာရာတွင် "လက်တွေ့ဖြစ်ရပ်[4]" ထက် "ကိုယ်ကျင့်တရား တန်ဖိုးများ[5]" အပေါ် အခြေခံ၍

[1] Individual Peace
[2] Merit-making
[3] Social Philosophy
[4] Empirical relations
[5] Ethical values

လေ့လာခြင်းဖြစ်သည်။[6] ဆိုလိုသည်မှာ လူ့အဖွဲ့အစည်း၌ လူသားနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သူများအကြား၊ တိရိစ္ဆာန်တို့အကြား ဖြစ်ပေါ်လာသည့် လူမှုဆက်ဆံရေးနှင့် အပြုအမူများကို "ဘာဖြစ်နေသလဲ[7]" ဆိုသည်ထက် "ဘာဖြစ်သင့်သလဲ[8]" ကို ဗုဒ္ဓ၏ ဓမ္မနှင့်ယှဉ်၍ အဖြေရှာခြင်းဖြစ်သည်။ Oxford English Dictionary ၏ အဆိုအရ Social ဆိုသည်မှာ တူညီသော အကျိုးစီးပွားရှိသူများ သို့မဟုတ် မိတ်ဆွေအဖြစ် ပေါင်းသင်းဆက်ဆံလိုသူများ စုပေါင်းနေထိုင်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာလူမှုဒဿနသည် လူသားအချင်းချင်း အတူတကွ ရှင်သန်နေထိုင်ရေး[9] အတွက် ဗုဒ္ဓလမ်းစဉ်ကို မည်သို့အသုံးချနိုင်မည်နည်းဟူသော မေးခွန်းကို အဖြေရှာခြင်းပင်ဖြစ်သည်။

## ၂။ ဘာသာရပ်၏ လေ့လာမှုနယ်ပယ်နှင့် ရည်ရွယ်ချက်

လူမှုဒဿနသည် ကြီးမားကျယ်ပြန့်သော ဘောင်တစ်ခုအတွင်း၌ လူမှုဖြစ်ရပ်များ မည်သို့ဖြစ်ပျက်သည်၊ အဘယ်ကြောင့် ဖြစ်ပျက်သည်ကို လေ့လာခြင်းဖြစ်သည်။ လူမှုဖွဲ့စည်းပုံ နှင့် တစ်ဦးချင်းစီတို့ ဆက်စပ်နေပုံမှစ၍၊ နေ့စဉ်လူမှုဘဝဖြစ်သော အချစ်ရေး၊ ဒိတ်လုပ်ခြင်း၊ ဖက်ရှင် နှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာခြင်းဖြစ်သည်။ ထို့အပြင် အကြမ်းဖက်ဝါဒ[10] ကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာ ပြဿနာရပ်များကိုပါ ထည့်သွင်းလေ့လာကြသည်။ Gordon Marshall (1982) က "In Search of the Spirit of Capitalism" စာအုပ်တွင် ဤသို့ ဖွင့်ဆိုထားသည် -

---

[6] https://www.merriam-webster.com/dictionary/social%20philosophy
[7] What is
[8] What ought to be
[9] Mutual intercourse
[10] Terrorism

"လူမှုဆက်ဆံရေးတို့တွင် ပါဝင်လှုပ်ရှားနေသူများ၏ လုပ်ရပ်များနောက်ကွယ်မှ အဓိပ္ပာယ်ကို ဖော်ထုတ်ရန်နှင့် နှိုင်းယှဉ်လေ့လာမှုများမှတစ်ဆင့် လူ့ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာပုံ၊ လူမှုအပြောင်းအလဲဖြစ်ပေါ်လာပုံတို့၏ အကြောင်းရင်းများကို ရှာဖွေရန် ဖြစ်သည်"[11]

## ၃။ ဘာသာရပ်နယ်ပယ်များ ဆက်စပ်မှု

ဗုဒ္ဓဘာသာ လူမှုဒဿနသည် သီးခြားရပ်တည်နေသော ဘာသာရပ်မဟုတ်ဘဲ အခြားသော ဒဿနနယ်ပယ်များနှင့် နက်ရှိုင်းစွာ ဆက်စပ်နေသည်။ ဥပမာ -

(က) ကျင့်ဝတ်ဗေဒ[12] - တစ်ဦးချင်းစီ၏ အကျင့်စာရိတ္တသည် လူ့အဖွဲ့အစည်းအပေါ် သက်ရောက်နေပုံကို လေ့လာသောပညာရပ်။

(ခ) ဘာသာစကားဒဿန[13] - လူမှုဆက်ဆံရေးတွင် ဘာသာစကား၏ အခန်းကဏ္ဍ။

(ဂ) နိုင်ငံရေးဒဿန[14] - အာဏာ၊ အုပ်ချုပ်မှုနှင့် နိုင်ငံတော်တည်ဆောက်ပုံ အခြေခံမှုများကို လေ့လာသော ပညာရပ်။

(ဃ) လူမှုအသိပညာဗေဒ[15] - လူမှုအသိုက်အဝန်းအတွင်း အသိပညာဖြစ်ပေါ်မှုကို လေ့လာသောပညာရပ်။

[11] *In Search of the Spirit of Capitalism*, Gordon Mashall, 1982, p. 173.
[12] Ethics
[13] Language Philosophy
[14] Political Philosophy
[15] Social Epistemology

ထို့အပြင် ဤဘာသာရပ်သည် မနုဿဗေဒ[16]၊ လူမှုဗေဒ[17] နှင့် စိတ်ပညာ[18] တို့နှင့်လည်း ပေါင်းစပ်လျက် ရှိသည်။ ဤတွင် အဓိက အစိတ်အပိုင်းကြီး (၂) ခုမှာ "တစ်ဦးချင်း[19]" နှင့် "လူ့အဖွဲ့အစည်း[20]" တို့ ဖြစ်သည်။

## ၄။ လူမှုပဋိညာဉ်နှင့် လွတ်လပ်မှု

လူမှုဒဿနတွင် "တစ်ဦးချင်း" နှင့် "လူ့အဖွဲ့အစည်း" ဆက်ဆံရေးသည် အဓိကကျသည်။ ဤနေရာတွင် အနောက်တိုင်း ဒဿနပညာရှင် Immanuel Kant ၏ သီအိုရီကို ဗုဒ္ဓအမြင်နှင့် နှိုင်းယှဉ်လေ့လာနိုင်ပါသည်။

(က) Kant ၏ အယူအဆ - ကောင်းမွန်သော လူ့အဖွဲ့အစည်း၏ အခြေခံမှာ "လွတ်လပ်မှု" ဖြစ်သော်လည်း၊ ထိုလွတ်လပ်မှုသည် အကန့်အသတ်မဲ့ မဟုတ်ပေ။ လူသားတိုင်းသည် "လူမှုပဋိညာဉ်[21]" တစ်ခုဖြင့် ချည်နှောင်ထားပြီး၊ "အခွင့်အရေး[22]" နှင့် "တာဝန်ယူမှု[23]" မျှခြေကို ထိန်းညှိရသည်။

(ခ) ဗုဒ္ဓဘာသာ၏ အယူအဆ - ဗုဒ္ဓစာပေတွင်လည်း ဤသဘောတရားကို ဒီဃနိကာယ်လာ အဂ္ဂညသုတ်တွင် တွေ့ရသည်။ ကမ္ဘာဦးကာလ မင်းမဲ့စရိုက်[24] ဖြစ်ပွားသောအခါ လူအများက သဘောတူညီမှု[25]ဖြင့် မင်းတစ်ပါးကို

[16] Anthropology
[17] Sociology
[18] Psychology
[19] The Individual
[20] The Society
[21] Social Contract
[22] Rights
[23] Responsibilities
[24] Anarchy
[25] Consensus

တင်မြှောက်ကြသည်။ သူ့ကို “မဟာသမ္မတ (လူအများက သဘောတူရွေးချယ်ခံရသူ)” ဟု ခေါ်သည်။ ဤသည်မှာ ဗုဒ္ဓဘာသာ၏ လူမှုပဋိညာဉ်ပင် ဖြစ်သည်။

## ၅။ အာဏာနှင့် တရားဝင်မှု

လူမှုအဖွဲ့အစည်းတစ်ခု တည်မြဲရန် “တရားဝင် အာဏာ[26]” လိုအပ်သည်။ ဂျာမန်လူမှုဗေဒပညာရှင် Max Weber က အာဏာတည်ဆောက်ပုံ (၃)[27] မျိုးကို ခွဲခြားပြထားသည် -

၁။ Rational-Legal - ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသော အာဏာ (ဥပမာ - ဒီမိုကရေစီ ခေါင်းဆောင်များ) ။

၂။ Traditional - ရိုးရာအစဉ်အလာ သို့မဟုတ် မျိုးရိုးလိုက် ဘုရင်စနစ် (ဥပမာ - ရှေးခေတ် အိန္ဒိယဘုရင်များ) ။

၃။ Charismatic - ခေါင်းဆောင်၏ ထူးခြားသော အရည်အချင်းနှင့် ဆွဲဆောင်မှု (ဥပမာ - ဘာသာရေးခေါင်းဆောင်များ) ။

---

[26] Legitimate Authority - “တရားဝင် အာဏာ” ဆိုသည်မှာ လူတစ်စုက ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) အစိုးရတစ်ရပ်၏ အမိန့်ကို အဘယ်ကြောင့် လိုက်နာကြသနည်းဟူသော "ခိုင်လုံသော အကြောင်းပြချက်" ကို ဆိုလိုခြင်းဖြစ်သည်။ လူတို့သည် အာဏာကို ကြောက်သောကြောင့် လိုက်နာခြင်းမဟုတ်ဘဲ၊ "ဤပုဂ္ဂိုလ်/ဤအဖွဲ့အစည်းတွင် အုပ်ချုပ်ခွင့်ရှိသည်" ဟု လက်ခံယုံကြည်သည့်အတွက် လိုက်နာကြခြင်း ဖြစ်သည်။ Weber က ဤကဲ့သို့ လက်ခံယုံကြည်မှု (Legitimacy) ရလာပုံကို မူတည်ကာ အာဏာ (၃) မျိုး ခွဲခြားပြထားခြင်းဖြစ်သည်။

[27] https://www.britannica.com/topic/authority

ဗုဒ္ဓဘာသာ နိုင်ငံရေးဒဿနတွင် "စကြာဝတေ (စကြာမင်း)" အယူအဆသည် Charismatic နှင့် Rational (ဓမ္မဖြင့် အုပ်ချုပ်ခြင်း) ပေါင်းစပ်ထားသော ပုံစံမျိုးဖြစ်ကြောင်း ယူဆနိုင်သည်။

## ၆။ မြန်မာနိုင်ငံ ဖြစ်ရပ်လေ့လာချက်

ဤပို့ချချက်၏ အဓိက မီးမောင်းထိုးပြထားသည့်အချက်မှာ 'Buddhism and Economic behaviour in Myanmar' အမည်ရှိ ဆောင်းပါးတစ်ပုဒ်ကို ကိုးကား၍ မြန်မာနိုင်ငံ၏ "အလှူအတန်း ယဉ်ကျေးမှု" နှင့် "စီးပွားရေး စီမံခန့်ခွဲမှု" ကွာဟချက်ကို ဆန်းစစ်ထားခြင်း ဖြစ်သည်။[28]

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အလှူအတန်း အရက်ရောဆုံးနိုင်ငံ (World Giving Index အရ) ဖြစ်သော်လည်း၊ စီးပွားရေးအရ ဖွံ့ဖြိုးမှု နောက်ကျနေဆဲဖြစ်သည်။ အကြောင်းရင်းတစ်ချက်မှာ လူအများစုသည် "ကုသိုလ်ရလိုစိတ်" တစ်ခုတည်းဖြင့် မိမိငွေကြေးများကို ဘုန်းကြီးကျောင်းများသို့ အကန့်အသတ်မဲ့ လှူဒါန်းနေကြခြင်းကြောင့် ဖြစ်သည်ဟု ရဟန်းတော်တစ်ပါးက ဝေဖန်ထောက်ပြထားသည်။

လက်တွေ့တွင် ပြုလုပ်နေကြသော "လှူဒါန်းခြင်း" သည် ဗုဒ္ဓ၏ မူရင်းစီးပွားရေးလမ်းညွှန်ချက်နှင့် ကိုက်ညီမှု မရှိပေ။ ဗုဒ္ဓသည် သိင်္ဂါလောဝါဒသုတ်တွင် လူဝတ်ကြောင်တစ်ဦး၏ ဝင်ငွေခွဲဝေပုံကို အတိအကျ လမ်းညွှန်ခဲ့သည်။

၁။ ဧကေန ဘောဂေ ဘုဥ္ဇေယျ - တစ်ပုံကို မိမိနှင့် မိသားစုအတွက် စားသုံးပါ။ (၂၅%)

---

[28] ဤအကြောင်းအရာ အသေးစိတ်ကို Laura Hornig, April 11, 2016 ၏ '*Buddhism and Economic behaviour in Myanmar*' အမည်ရှိ ဆောင်းပါးတွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။
https://www.eth.mpg.de/4044160/blog_2016_04_11_01

၂။ ဒွိဟိ ကမ္မံ ပယောဇယေ - နှစ်ပုံကို စီးပွားရေးလုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံပါ။ (၅၀%)

၃။ စတုတ္ထံစ နိဒါပေယျ - ကျန်တစ်ပုံကို အရေးပေါ်အတွက် စုဆောင်းပါ။ (၂၅%)

မြန်မာဗုဒ္ဓဘာသာဝင်များသည် ဝင်ငွေ၏ ၅၀% (နှစ်ပုံ) ကို ရင်းနှီးမြှုပ်နှံရမည့်အစား လှူဒါန်းမှု၌သာ ပုံအောသုံးစွဲနေကြသဖြင့်၊ ယင်းလုပ်ရပ်သည် "ကျမ်းစာလာ အဆုံးအမ[29]" နှင့် "လက်တွေ့အပြုအမူ[30]" ကွဲလွဲနေခြင်း ဖြစ်သည်။

## ၇။ လက်တွေ့ကျသော ဘာသာရေး

ဤကွာဟချက်ကို မနုဿဗေဒပညာရှင် Edmund Leach (1968) ၏ သီအိုရီဖြင့် ရှင်းပြနိုင်သည်။

(က) Theological Religion - နောင်တမလွန်[31] အတွက် ရည်ရွယ်သော ဒဿနပိုင်း။

(ခ) Practical Religion - ယခုဘဝ[32] ရှင်သန်နေထိုင်ရေးအတွက် ရည်ရွယ်သော လက်တွေ့ပိုင်း။

Leach က ထိုင်းနိုင်ငံ၏ ဗုဒ္ဓဘာသာကို သုံးသပ်ရာတွင် "သေလွန်သူများအတွက် ဒဿနသက်သက်မဟုတ်ဘဲ၊ ရှင်သန်နေသူများအတွက် လက်တွေ့ကိုးကွယ်ကျင့်သုံးမှု[33]" ဟု

---

[29] Theology
[30] Expectable Behavior
[31] Life hereafter
[32] Here and now
[33] A cult for the living, not a theology for the dead - Edmund Leach ဆိုလိုချင်သည်မှာ "လူတို့သည် ပါးစပ်ကသာ 'နိဗ္ဗာန်၊ သံသရာဝဋ်ဆင်းရဲ' (Theology for the dead) အကြောင်း ပြောနေကြနေကြသော်လည်း၊

ဆိုသည်။ ဆိုလိုသည်မှာ လူများသည် နိဗ္ဗာန်လိုချင်၍ ကိုးကွယ်သည်ဟု ဆိုသော်လည်း၊ လက်တွေ့တွင်မူ ယခုဘဝ စီးပွားတက်ရန်၊ ဘေးရန်ကင်းရန်အတွက်သာ ဘာသာရေးကို အသုံးချနေကြခြင်း ဖြစ်သည်။ ဤအချက်သည် မိမိတို့၏ ဘာသာရေးကျင့်ထုံးများကို ပြန်လည်ဆန်းစစ်ရန် အရေးကြီးသော အချက်ဖြစ်သည်။

**၈။ Melford Spiro ၏ ဗုဒ္ဓဘာသာ သုံးမျိုး**

မြန်မာ့လူ့အဖွဲ့အစည်းကို လေ့လာခဲ့သော Melford Spiro က ဗုဒ္ဓဘာသာကို (၃) မျိုး ခွဲခြားပြခဲ့သည် -

၁။ Nibbanic Buddhism - နိဗ္ဗာန်ရောက်ကြောင်း (ရဟန်းများနှင့် တရားရိပ်သာဝင်သူများ) ။

၂။ Kammatic Buddhism - ကုသိုလ်ယူပြီး ဘဝသံသရာ ကောင်းစားရေး (အလှူဒါန ပြုလုပ်သူများ) ။

၃။ Apotropaic Buddhism - ဘေးအန္တရာယ် ကာကွယ်ရေး (ပရိတ်ရွတ်ခြင်း၊ ယတြာချေခြင်း)။ လူအများစုသည် ပထမအမျိုးအစားထက် ဒုတိယ နှင့် တတိယအမျိုးအစားကိုသာ ပိုမိုအားသန်ကြသည်မှာ လူမှုဗေဒအမြင်အရ သဘာဝကျသော ဖြစ်စဉ်တစ်ခုဖြစ်သည်။

---

သူတို့ လက်တွေ့ကျင့်သုံးနေသည့် ပုံစံသည်ကား ယခုဘဝ၌ စားဝတ်နေရေးပြေလည်ရန်နှင့် ဘေးရန်ကင်းရန် (Cult for the living) အတွက်သာ ဖြစ်နေပါသည်"။ ဥပမာ - စာပေသဘောအရ ပရိတ်ရွတ်ခြင်းသည် တရားတော်ကို နာယူပြီး ဆင်ခြင်စေရန် (Theology) ဖြစ်သင့်သည်။ သို့သော် လက်တွေ့သဘောအရ လူအများစုသည် ပရိတ်ကို "မကောင်းဆိုးဝါး နှင်ထုတ်ရန်" သို့မဟုတ် "စီးပွားရေး အဆင်ပြေစေရန်" (Cult for the living) ရည်ရွယ်ချက်ဖြင့် ရွတ်ဖတ်ပူဇော်နေကြသည်။

## ၉။ နိဂုံး

ဗုဒ္ဓဘာသာ လူမှုဒဿနကို လေ့လာခြင်းသည် မိမိတို့အား “စာအုပ်ထဲက ဗုဒ္ဓဘာသာ” မှ “ရှင်သန်နေသော ဗုဒ္ဓဘာသာ” သို့ ပို့ဆောင်ပေးသည်။ မိမိတို့သည် ယခင်က ဘာသာရေးကို သီးခြားလောကတစ်ခုအဖြစ် မြင်ခဲ့သော်လည်း၊ ဤဘာသာရပ်က ဘာသာရေးသည် လူမှုအဖွဲ့အစည်း၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့် ခွဲခြား၍မရအောင် ဆက်စပ်နေကြောင်း ပြသနေသည်။

အထူးသဖြင့် အလှူဒါနပြုခြင်းကဲ့သို့သော ကိစ္စရပ်များတွင်ပင် ဗုဒ္ဓ၏ လမ်းညွှန်ချက် နှင့် လက်တွေ့ကျင့်သုံးမှုများ လွဲချော်နေသည်ကို သိမြင်ခြင်းဖြင့်၊ နောင်တွင် ပိုမိုမျှတသော လူ့အဖွဲ့အစည်း တစ်ခု တည်ဆောက်ရန် မည်သို့ ပြုပြင်ပြောင်းလဲရမည်ကို သင်ခန်းစာယူနိုင်ပါသည်။ ဤသည်မှာ ဤဘာသာရပ်ကို သင်ကြားရခြင်း၏ အဓိက ရည်ရွယ်ချက်ပင် ဖြစ်ပါတော့သည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Social Philosophy" နှင့် "Sociology of Buddhism" ဘာသာရပ်များအတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

**၁။ Abeynayake, Oliver. (2016). The Social and Economic Dimensions of Early Buddhism. Buddha-Dharma Centre of Hong Kong.** ဆရာကြီး Oliver Abeynayake သည် ဤဘာသာရပ် သင်ရိုးကို ဦးဆောင်ရေးဆွဲသူ တစ်ဦးဖြစ်ပြီး၊ သူ၏ ဤစာအုပ်တွင် ဗုဒ္ဓဘာသာ၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ

အမြင်များကို ပိဋကတ်တော်လာ အထောက်အထားများဖြင့် စနစ်တကျ သုတေသနပြုထားသည်။ ဤဘာသာရပ် သင်ခန်းစာ အများစုသည် ဤစာအုပ်ကို အခြေခံထားသဖြင့် ကျောင်းသားများအတွက် အဓိက လက်စွဲစာအုပ် ဖြစ်သည်။ **ဤစာအုပ်ကို မိမိက "ရှေးဦးဗုဒ္ဓဝါဒလာ လူမှုရေးနှင့် စီးပွားရေးအမြင်များ" အမည်ဖြင့် ဘာသာပြန်ဆိုထားပြီး ဖြစ်သည်။**

**၂။ Spiro, Melford E. (1982). Buddhism and Society: A Great Tradition and Its Burmese Vicissitudes. University of California Press.** ပို့ချချက်ထဲတွင်ပါသော "မြန်မာနိုင်ငံ ဖြစ်ရပ်လေ့လာချက် (Myanmar Case Study)" အား နားလည်ရန် အကောင်းဆုံးစာအုပ်ဖြစ်သည်။ မနုဿဗေဒပညာရှင် Spiro က မြန်မာ့လူ့အဖွဲ့အစည်းထဲတွင် ဗုဒ္ဓဘာသာ (၃) မျိုး ကွဲပြားနေပုံကို အသေးစိတ် လေ့လာတင်ပြထားသည်။

**၃။ Leach, Edmund. (1968). Dialectic in Practical Religion. Cambridge University Press.** ပို့ချချက်၏ အဓိက သီအိုရီဖြစ်သော "Philosophical Religion" (စာပေလာ ဘာသာရေး) နှင့် "Practical Religion" (လက်တွေ့ ဘာသာရေး) ကွာခြားချက်ကို ရှင်းပြထားသည့် မူရင်းကျမ်းစာအုပ် ဖြစ်သည်။

**၄။ Chakravarti, Uma. (1987). The Social Dimensions of Early Buddhism. Oxford University Press.** ဗုဒ္ဓဘာသာကို "ဘာသာရေးကျမ်းစာ" သက်သက်မကြည့်ဘဲ "လူမှုစီးပွား (Socio-economic)" ရှုထောင့်ကနေ ကြည့်ထားခြင်းဖြစ်သည်။ ရှေးဦးဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်း တည်ဆောက်ပုံကို လေ့လာရာ၌ အလွန်အသုံးဝင်ပါသည်။

**၅။ Schumacher, E.F. (1973). Small is Beautiful: Economics as if People Mattered. Harper & Row.** ပို့ချချက်ပါ "စီးပွားရေးစီမံခန့်ခွဲမှု" အပိုင်းအတွက် အထောက်အကူပြုပါသည်။ ဗုဒ္ဓဘာသာ စီးပွားရေးအမြင် (Buddhist Economics) ကို ခေတ်သစ်စီးပွားရေးနှင့် ယှဉ်တွဲလေ့လာထားသည့် စာအုပ်ဖြစ်သည်။

## ပို့ချစဉ် (၂) - The Social & Political background of Buddhism reflected in the Pali Buddhist literature

### ၁။ နိဒါန်း

ဗုဒ္ဓဘာသာ ပေါ်ပေါက်လာသော ဘီစီ ၆ ရာစုသည် အိန္ဒိယသမိုင်းတွင် အလွန်အရေးပါသော အချိုးအကွေ့ကာလဖြစ်သည်။ သမိုင်းပညာရှင်များက ဤကာလကို "ဒုတိယအကြိမ် မြို့ပြထွန်းကားခြင်း[1]" ဟု တင်စားခေါ်ဝေါ်ကြသည်။ အာရိယန်တို့ ဂင်္ဂါမြစ်ဝှမ်းသို့ ဝင်ရောက်လာပြီးနောက် 'သံ' ကို စိုက်ပျိုးရေးနှင့် စစ်ရေးတွင် တွင်ကျယ်စွာ အသုံးပြုလာခြင်းသည် လူမှုစီးပွားဘဝကို ကြီးမားစွာ ပြောင်းလဲစေခဲ့သည်။

---

[1] Second Urbanization - အိန္ဒိယသမိုင်းတွင် "ပထမအကြိမ် မြို့ပြထွန်းကားခြင်း" မှာ ဘီစီ ၂၅၀၀ ခန့်က အိန္ဒိယန်းမြစ်ဝှမ်း ယဉ်ကျေးမှု (Indus Valley Civilization/Harappa) ဖြစ်သည်။ ဤ၌"ဒုတိယအကြိမ်" ဆိုသည်မှာ ဘီစီ ၆၀၀ ခန့် ဂင်္ဂါမြစ်ဝှမ်းဒေသတွင် သံခေတ် (Iron Age) နည်းပညာနှင့်အတူ မြို့ပြနိုင်ငံများ ပြန်လည်ထွန်းကားလာမှုကို ဆိုလိုခြင်းဖြစ်သည်။

https://ia600502.us.archive.org/20/items/MaterrialCultureAndSocialFormationsInAncientIndiaRamSharanSharma/Materrial%20Culture%20and%20Social%20Formations%20in%20Ancient%20India%2C%20Ram%20Sharan%20Sharma.pdf

ပိုလျှံသီးနှံများ[2] ထွက်ရှိလာမှုနှင့်အတူ ကုန်သွယ်ရေးလမ်းကြောင်းများ ပွင့်လာပြီး၊ ယခင် မျိုးနွယ်စုအလိုက် အုပ်ချုပ်သော စနစ်[3] မှ နယ်မြေဒေသကို အခြေခံသော နိုင်ငံတော်စနစ်[4] များ ပေါ်ထွက်လာသည်။ ဤကဲ့သို့သော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး အပြောင်းအလဲကြီးများ ဖြစ်ပေါ်နေချိန်တွင် ဗုဒ္ဓဘာသာသည် ခေတ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော "လူမှုပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု[5]" တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဤပို့ချချက်သည် မဟာဇနပုဒ် ၁၆ နိုင်ငံ၏ နိုင်ငံရေးပထဝီဝင်၊ လူမှုဇာတ်စနစ်[6] ပြောင်းလဲလာပုံ၊ စီးပွားရေးအခြေခံနှင့် ဗုဒ္ဓဘာသာ၏ နိုင်ငံရေးဒဿနတို့ကို Gunapala Dharmasiri နှင့် Matthew J. Moore တို့၏ သုတေသနအမြင်များနှင့် ပေါင်းစပ်လေ့လာ ပို့ချထားသည်။

## ၂။ နိုင်ငံရေး ပထဝီဝင် - တိုင်းကြီး ၁၆ တိုင်း

အင်္ဂုတ္တရနိကာယ်တွင် ထိုခေတ်က အင်အားကြီးမားသော တိုင်းကြီး (၁၆) တိုင်းကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်။ ယင်းတို့မှာ -

(၁) အင်္ဂ၊ (၂) မာဂဓ၊ (၃) ကာသိ၊ (၄) ကောသလ၊ (၅) ဝဇ္ဇီ၊ (၆) မလ္လ၊ (၇) စေတိ၊ (၈) ဝံသ၊ (၉) ကုရု၊ (၁၀) ပဉ္စာလ၊ (၁၁) မစ္ဆ၊ (၁၂) သူရသေန၊ (၁၃) အဿက၊ (၁၄) အဝန္တိ၊ (၁၅) ဂန္ဓာရ၊ (၁၆) ကမ္ဘောဇ တို့ ဖြစ်ကြသည်။

ဤနိုင်ငံများ၏ အုပ်ချုပ်ရေးစနစ်ကို အဓိကအားဖြင့် (၂) မျိုး ခွဲခြားနိုင်သည် -

---

[2] Surplus production
[3] Tribal Polity
[4] Territorial State
[5] Social Reform Movement
[6] Caste System

## (က) သက်ဦးဆံပိုင် ဘုရင်စနစ်- မျိုးရိုးစဉ်ဆက်အုပ်ချုပ်သောစနစ်[7]

မာဂဓ (ရာဇဂြိုဟ်) နှင့် ကောသလ (သာဝတ္ထိ)၊ ဝံသ (ကောသမ္ဗီ) နှင့် အဝန္တိ (ဥဇ္ဇေနီ) တို့သည် အင်အားအကြီးဆုံး ဖြစ်သည်။ ဤနိုင်ငံများတွင် ဘုရင်သည် အာဏာကုန်ရှိပြီး ဗျူရိုကရေစီယန္တရားဖြင့် အုပ်ချုပ်သည်။[8] ဘုရင်သည် စစ်တပ်ကို ပိုင်ဆိုင်ပြီး၊ အခွန်ကောက်ခံခွင့် အာဏာရှိသည်။ ဗုဒ္ဓဘာသာသည် ဤနိုင်ငံများတွင် ဘုရင်နှင့် သူဌေးများ၏ ထောက်ပံ့မှုဖြင့် လျင်မြန်စွာ ပြန့်ပွားခဲ့သည်။ ဥပမာ - မာဂဓဘုရင် ဗိမ္ဗိသာရ နှင့် ကောသလဘုရင် ပသေနဒီတို့သည် ဗုဒ္ဓ၏ အဓိက ဒကာများ ဖြစ်ကြသည်။

## (ခ) သမ္မတနိုင်ငံပုံစံ - ပြည်သူက ရွေးကောက်တင်မြှောက်သောစနစ်[9]

ဝဇ္ဇီ၊ မလ္လ၊ သာကီဝင် နှင့် ကောလိယ နိုင်ငံများသည် မျိုးနွယ်စုခေါင်းဆောင်များ (ရာဇ) စုပေါင်း၍ လွှတ်တော်တွင် ဆွေးနွေးတိုင်ပင်ကာ အုပ်ချုပ်သည်။[10] ဤစနစ်တွင် တစ်ဦးတည်း အာဏာပိုင်ခြင်း မရှိဘဲ၊ စုပေါင်းခေါင်းဆောင်မှု[11] ရှိသည်။ ဗုဒ္ဓသည် ယင်းတို့၏ ဒီမိုကရေစီဆန်သော အုပ်ချုပ်ပုံ (သတ္တ အပရိဟာနိယ ဓမ္မ[12]) ကို များစွာ ချီးကျူးခဲ့ပြီး

---

[7] Monarchy

[8] ဗျူရိုကရေစီ (Bureaucracy) ဆိုသည်မှာ နိုင်ငံရေးစနစ်တစ်ခု (Political System) မဟုတ်ပါ။ ယင်းသည် "အုပ်ချုပ်ရေး ယန္တရား" သို့မဟုတ် "ရုံးလုပ်ငန်းစနစ်" ကို ဆိုလိုသည်။ ထပ်မံရှင်းရလျှင် Monarchy (ဘုရင်စနစ်) နှင့် Republic (သမ္မတစနစ်) ဆိုသည်မှာ "တိုင်းပြည်ကို မည်သူပိုင်သည်၊ မည်သူဦးဆောင်သည်" ဆိုသည်ကို ခွဲခြားခြင်းဖြစ်ပြီး၊ Bureaucracy ဆိုသည်မှာ"ထိုခေါင်းဆောင်များ၏ အမိန့်ကို လက်တွေ့ မည်သို့အကောင်အထည်ဖော်မည်" ဆိုသည့် စနစ်ဖြစ်သည်။

[9] Republic

[10] Rhys Davids, T.W. (1903). *Buddhist India*. London: T. Fisher Unwin. p. 19. (ပါမောက္ခ Rhys Davids က ဝဇ္ဇီနှင့် မလ္လတို့၏ အုပ်ချုပ်ရေးကို "သမ္မတနိုင်ငံပုံစံ (Republics)" ဟု ဦးစွာ သုံးနှုန်းခဲ့သည်။)

[11] Collective Leadership

[12] "မဆုတ်ယုတ်ကြောင်း တရား ၇ ပါး" ဟု အဓိပ္ပာယ်ရသည်။ ဝဇ္ဇီတိုင်းသားတို့၏ ဒီမိုကရေစီဆန်သော စုပေါင်းခေါင်းဆောင်မှုစနစ်ကို ဗုဒ္ဓက ချီးကျူးခဲ့ခြင်းဖြစ်သည်။ ယင်းတို့မှာ - (၁) မကြာခဏ စည်းဝေးခြင်း၊ (၂)

သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းပုံတွင် ပြန်လည်အသုံးချခဲ့သည်။ သို့သော် ဤသမ္မတနိုင်ငံများသည် စစ်ရေးအင်အားကြီးသော မာဂဓကဲ့သို့သော ဘုရင်နိုင်ငံများ၏ ဝါးမျိုးခြင်းကို ခံခဲ့ရသည်။

## ၃။ လူမှုဖွဲ့စည်းပုံနှင့် ဇာတ်စနစ်

ဗြာဟ္မဏဝါဒက လူ့အဖွဲ့အစည်းကို ဇာတ်ကြီး ၄ ပါး (ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ၊ သုဒ္ဒ) ဖြင့် ခွဲခြားထားသော်လည်း၊ ပါဠိစာပေများတွင် ထိုခေတ်၏ လက်တွေ့ဘဝကို ထင်ဟပ်သော လူတန်းစားအလွှာများကို အောက်ပါအတိုင်း တွေ့ရသည် -

### (က) ခတ္တိယ

ဗြာဟ္မဏတို့က သူတို့သည် ဗြဟ္မာ၏ ခံတွင်းမှ မွေးဖွားသူများဖြစ်၍ အမြင့်မြတ်ဆုံးဟု ဆိုသော်လည်း၊ ဗုဒ္ဓစာပေများတွင် ဇာတ်စဉ်ပြရာ၌ "ခတ္တိယ" ကိုသာ ထိပ်ဆုံးမှ ထားလေ့ရှိသည်။ အဂ္ဂညသုတ်တွင် ခတ္တိယဆိုသည်မှာ "လယ်မြေကို အစိုးရသောသူ (ခေတ္တာနံ ပတိ)" ဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး၊ ဘုရားသခင်က ဖန်ဆင်းခြင်းမဟုတ်ဘဲ လူအများက ရွေးချယ်တင်မြှောက်ထားသော "မဟာသမ္မတ" မှ ဆင်းသက်လာသည်ဟု ဆိုသည်။ သူတို့သည် နိုင်ငံရေးအာဏာနှင့် စစ်ရေးအာဏာကို ချုပ်ကိုင်ထားသူများ ဖြစ်သည်။

---

ညီညွတ်စွာ စည်းဝေး၍ ညီညွတ်စွာ ဆုံးဖြတ်ခြင်း၊ (၃) ဥပဒေဟောင်းကို မပယ်ဖျက်ဘဲ ဥပဒေသစ် အလွယ်တကူ မပြဋ္ဌာန်းခြင်း၊ (၄) လူကြီးသူမစကား နားထောင်ခြင်း၊ (၅) အမျိုးသမီးများကို အနိုင်ကျင့်မှု မရှိခြင်း၊ (၆) မြို့စောင့်နတ်/ရိုးရာကို လေးစားခြင်း၊ (၇) ရဟန်းများကို စောင့်ရှောက်ခြင်း တို့ဖြစ်သည်။ (ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၊ https://suttacentral.net/dn16/en/sujato)။

**(ခ) ဗြာဟ္မဏ**

ထိုခေတ်က ဗြာဟ္မဏများသည် နှစ်မျိုးကွဲပြားနေသည်။ တစ်မျိုးမှာ ရိုးရာဓလေ့အတိုင်း ယဇ်ပူဇော်ခြင်း၊ ဂါထာမန္တန်ရွတ်ခြင်းဖြင့် အသက်မွေးသူများဖြစ်ပြီး၊ အခြားတစ်မျိုးမှာ ကြွယ်ဝချမ်းသာသော မြေရှင်ကြီးများ (ဗြာဟ္မဏမဟာသာလ) အဖြစ် ပြောင်းလဲလာသူများ ဖြစ်သည်။ ဗုဒ္ဓသည် မျိုးရိုးဖြင့် ဗြာဟ္မဏဖြစ်ခြင်းကို ပယ်ချပြီး၊ အကျင့်သီလဖြင့်သာ ဗြာဟ္မဏဖြစ်ခြင်းကို လက်ခံသည်။

**(ဂ) ဂဟပတိ - သူဌေးများ**

ဘီစီ ၆ ရာစု၏ အထူးခြားဆုံး လူမှုအပြောင်းအလဲမှာ "ဝေဿ" ဟူသော ဝေါဟာရထက် "ဂဟပတိ[13]" (အိမ်ရှင်/သူဌေး) ဟူသော လူတန်းစားသစ် ပေါ်ထွက်လာခြင်းဖြစ်သည်။ သူတို့သည် မြေရှင်များနှင့် ကုန်သည်ကြီးများ ဖြစ်ကြသည်။ ကုန်သွယ်ရေးလမ်းကြောင်းများ ပွင့်လာခြင်းကြောင့် သူဌေးများသည် စီးပွားရေးအရ အလွန်အင်အားကြီးလာပြီး၊ ဘုရင်များကိုပင် ငွေကြေးထောက်ပံ့နိုင်လာသည်။ ဓမ္မပဒအဋ္ဌကထာတွင် ထိုအချိန်က ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏက၊ ကာကဝလိယ စသည့် ထင်ရှားသော သူဌေးကြီးများကို ဖော်ပြထားသည်။ မင်းနှင့် သူဌေး ဆက်ဆံရေးအရ ကောသလဘုရင် ပသေနဒီသည် မာဂဓဘုရင် ဗိမ္ဗိသာရထံမှ ဓနဉ္စနိသူဌေး (ဝိသာခါ၏ ဖခင်) ကို တောင်းယူ၍

[13] ပါဠိစာပေတွင် "ဂဟပတိ" သည် အိမ်ထောင်ဦးစီး သက်သက်မဟုတ်ဘဲ၊ ထိုခေတ်က ထွန်းကားလာသော လယ်ယာမြေပိုင်ဆိုင်သည့် မြေရှင်များနှင့် ငွေကြေးဓနအင်အားကြီးမားသော "Burgeoning Middle Class" (ဖွံ့ဖြိုးစ လူလတ်တန်းစား) ကို ရည်ညွှန်းသည်။ သူတို့သည် ဗုဒ္ဓသာသနာ ပြန့်ပွားရေး၏ အဓိက ဒေါက်တိုင်များ ဖြစ်လာသည်။ https://wiswo.org/books/_resources/book-reference-pdfs/Chakravarti-1987-Social%20Dimensions%20of%20Early%20Buddhism.pdf

မိမိတိုင်းပြည်တွင် အခြေချစေခဲ့သည်။ ဤအချက်က သူဌေးများသည် နိုင်ငံ၏ "စီးပွားရေးမဏ္ဍိုင်" ဖြစ်ကြောင်း သက်သေပြနေသည်။

## (ဃ) သုဒ္ဒ နှင့် ကျွန်စနစ်

အောက်ဆုံးလူတန်းစားမှာ "သုဒ္ဒ" ဖြစ်ပြီး၊ ထိုအထဲတွင် "ကျွန်" များ ပါဝင်သည်။ ဇာတ်တော်များနှင့် ဝိနည်းပိဋကတ်အရ ကျွန် (၄) မျိုး ရှိကြောင်း တွေ့ရသည် -

**၁။ အန္တောဇာတဒါသဗျ** - အိမ်တွင် မွေးဖွားသော ကျွန် (ကျွန်ပေါက်)။

**၂။ ဓနက္ကီတဒါသဗျ** - ငွေဖြင့် ဝယ်ယူထားသော ကျွန်။

**၃။ ကရမရာနီတဒါသဗျ** - စစ်ပွဲတွင် ဖမ်းဆီးရမိသော ကျွန်

**၄။ သာမံဒါသဗျ** - စားဝတ်နေရေး ကျပ်တည်း၍ မိမိသဘောဆန္ဒအလျောက် ကျွန်ခံသူ။[14]

ကျွန်များသည် လူမှုရေးအရ နှိမ်ချခံရပြီး နိမိတ်မကောင်းသူများ[15]အဖြစ် သတ်မှတ်ခံရသော်လည်း၊ ဝေဿန္တရဇာတ်ကဲ့သို့သော ဇာတ်တော်များတွင် ကျွန်များသည် ရွေးငွေပေးပါက လွတ်မြောက်ခွင့်[16] ရှိကြောင်း တွေ့ရှိရသည်။ ဗုဒ္ဓသာသနာတွင် ကျွန်များကို ရဟန်းပြုခွင့် မပေးမီ သခင်၏ ခွင့်ပြုချက်ရယူရန် ပညတ်ထားခြင်းမှာ ထိုခေတ် ဥပဒေနှင့် လူမှုရေးပြဿနာများကို ရှောင်ရှားရန်ဖြစ်သည်။

## ၄။ ဗုဒ္ဓ၏ နိုင်ငံရေးဒဿန နှင့် စီးပွားရေးအမြင်

---

[14] ဝိဓုရပဏ္ဍိတဇာတ် နှင့် ဝိနယပိဋက (ဘိက္ခုဝိဘင်္ဂ) တို့တွင် ကျွန်အမျိုးအစားများကို အတိအကျ ခွဲခြားပြထားသည်။

[15] Bad Omen

[16] Manumission

Gunapala Dharmasiri ၏ "Fundamentals of Buddhist Ethics" စာအုပ် (အခန်း ၈ - Buddhist Polity) တွင် ဗုဒ္ဓ၏ နိုင်ငံရေးနှင့် စီးပွားရေး အမြင်များကို အသေးစိတ် သုတေသနပြုထားသည်။

### (က) ဆင်းရဲမွဲတေမှုနှင့် မှုခင်း

စက္ကဝတ္တိသီဟနာဒသုတ်[17]တွင် ဗုဒ္ဓက မှုခင်းဖြစ်ပွားရခြင်း၏ အဓိကတရားခံသည် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရား ပျက်ပြားမှုသက်သက် မဟုတ်ဘဲ၊ နိုင်ငံတော်၏ စီးပွားရေး စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့် ဖြစ်သည်ဟု ဟောကြားထားသည်။ ဘုရင်သည် ဆင်းရဲသားများအား ဓနဥစ္စာ မထောက်ပံ့သောအခါ (အဓနာနံ ဓနေ အနနုပ္ပဒိယမာနေ) ဆင်းရဲခြင်း (ဒလိဒ္ဒိယ) ဖြစ်ပေါ်လာသည်။ ဆင်းရဲခြင်းကြောင့် ခိုးမှု (အဒိန္နာဒါန) ဖြစ်သည်။ ခိုးမှုကြောင့် လက်နက်ကိုင်မှု (သတ္ထဒဏ္ဍာ)၊ လူသတ်မှု (ပါဏာတိပါတ)၊ လိမ်ညာမှု (မုသာဝါဒ) များ ဆက်တိုက် ဖြစ်ပေါ်လာသည်။

ဤကွင်းဆက်သည် ဗုဒ္ဓဘာသာ၏ စီးပွားရေး အကြောင်းတရားအပေါ် အခြေခံခြင်း[18] သဘောတရားကို ပြသနေသည်။[19]

---

[17] ဤသုတ္တန်သည် ဗုဒ္ဓ၏ "Economic Determinism" (စီးပွားရေးက လူ့ကျင့်ဝတ်ကို လွှမ်းမိုးပုံ) ကို အထင်ရှားဆုံး ပြသနေသည်။ ဆင်းရဲမွဲတေမှုကြောင့် ခိုးမှုဖြစ်သည်၊ ခိုးမှုကြောင့် လက်နက်ကိုင်မှုနှင့် လူသတ်မှုများ ဖြစ်လာသည်ဟု ဟောကြားချက်သည် ခေတ်သစ်ရာဇဝတ်မှုဗေဒ (Criminology) ရှုထောင့်မှ အလွန်အရေးပါသည်။ စက္ကဝတ္တိသီဟနာဒသုတ်

[18] Economic Determinism

[19] "Economic Determinism" ဆိုသည်မှာ လူ့အဖွဲ့အစည်း၏ အပြုအမူ၊ ယဉ်ကျေးမှုနှင့် ရာဇဝတ်မှုများသည် စီးပွားရေးအခြေအနေပေါ်တွင် မူတည်သည်ဟူသော သီအိုရီဖြစ်သည်။ ကားလ်မတ်စ် (Karl Marx) ၏ သီအိုရီနှင့် ဆင်တူသော်လည်း၊ ဗုဒ္ဓဝါဒက စီးပွားရေးတစ်ခုတည်း (Materialism) ကိုသာ အလေးမပေးဘဲ၊ စိတ်ပိုင်းဆိုင်ရာ (Psychological factor) ကိုပါ ထည့်သွင်းစဉ်းစားသည်။ ကူဋဒန္တသုတ်တွင် ဆင်းရဲခြင်းကြောင့် ခိုးမှုဖြစ်သည်ဟု ဆိုသော်လည်း၊ လူ၏ လောဘကိုလည်း ထိန်းချုပ်ရန် လိုအပ်ကြောင်း ဟောကြားထားသည်။

## (ခ) ကူဋဒန္တသုတ် နှင့် စီးပွားရေးစီမံကိန်း

ကူဋဒန္တသုတ်တွင် ဘုရင် မဟာဝိဇိတသည် တိုင်းပြည်အတွင်း သူခိုးဓားပြများကို နှိမ်နင်းရန် စီစဉ်သောအခါ၊ ပုရောဟိတ် (ဘုရားလောင်း) က ပြစ်ဒဏ်ပေးခြင်း၊ သတ်ဖြတ်ခြင်းဖြင့် မှုခင်းမငြိမ်းနိုင်ကြောင်း သတိပေးသည်။ ထိုအစား အောက်ပါ စီးပွားရေး စီမံကိန်းများကို အကြံပြုထားသည် -

**၁။** လယ်သမားများကို မျိုးစေ့နှင့် စားနပ်ရိက္ခာ(ဗီဇဘတ္တ) ထောက်ပံ့ပါ။

**၂။** ကုန်သည်များကို အရင်းအနှီး (ပါပတ) ထုတ်ပေးပါ။

**၃။** မင်းမှုထမ်းများကို လစာနှင့် ရိက္ခာ (ဘတ္တဝေတန) တိုးမြှင့်ပေးပါ။

ဤနည်းဖြင့် လူထုသည် စီးပွားရေး အဆင်ပြေလာသောအခါ ခိုးမှုများ ပျောက်ကွယ်ပြီး တိုင်းပြည် ငြိမ်းချမ်းသွားသည်။ ဤသည်မှာ ခေတ်သစ် လူမှုဖူလုံရေး နိုင်ငံတော်[20] အယူအဆနှင့် ဆင်တူသည်။

## (ဂ) မင်းကျင့်တရား နှင့် မိဘသဖွယ် အုပ်ချုပ်ခြင်း

စက္ကဝတ္တိသုတ်အဆိုအရ ဗုဒ္ဓဘာသာ နိုင်ငံရေးတွင် အရေးကြီးဆုံးမှာ ဥပဒေ မဟုတ်ဘဲ၊ အုပ်ချုပ်သူ၏ စိတ်စေတနာ[21] ဖြစ်သည်။ မင်းသည် တိုင်းသူပြည်သားများကို "မိခင်သည် ရင်သွေးအား ချစ်ခင်သကဲ့သို့" စောင့်ရှောက်ရမည်။ စကြာမင်းကျင့်ဝတ်တွင် မင်းသည်

---

[20] Welfare State
[21] Goodwill

လူသားများသာမက တိရစ္ဆာန်များနှင့် ငှက်များကိုပါ (မိဂပက္ခီသု) ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း ဖော်ပြထားသည်။

## ၅။ ၂၁ ရာစုအတွက် ဗုဒ္ဓနိုင်ငံရေးသီအိုရီ

Matthew J. Moore ၏ "Buddhist Political Theory for the Twenty-first Century" စာတမ်းတွင် ဗုဒ္ဓဘာသာ နိုင်ငံရေးသီအိုရီသည် ခေတ်မကုန်သေးဘဲ ယနေ့ခေတ်အတွက် အသုံးဝင်ပုံကို ဆွေးနွေးထားသည်။

### (က) စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု

Moore က ဗုဒ္ဓဘာသာ နိုင်ငံရေး၏ အန္တိမရည်မှန်းချက်သည် "အတ္တ[22]" အယူအမှားကြောင့် ဖြစ်ပေါ်လာသော လူမှုပြဿနာများကို ဖြေရှင်းရန် ဖြစ်သည်ဟု ဆိုသည်။ နိုင်ငံတော်သည် ပြည်သူများအား စိုးရိမ်သောက ကင်းဝေးစေပြီး၊ တရားအားထုတ်နိုင်မည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရမည်။ ယင်းကို Stoics ဒဿနမှ စိတ်ငြိမ်းချမ်းမှု/စိုးရိမ်မှုကင်းခြင်း[23] နှင့် နှိုင်းယှဉ်ပြထားသည်။

### (ခ) ကိုယ်ကျင့်တရားနှင့် နိုင်ငံရေး

[22] Self

[23] Ataraxia - ဤစကားလုံးသည် ဂရိစကားလုံးဖြစ်ပြီး "စိတ်အနှောင့်အယှက်ကင်းခြင်း" သို့မဟုတ် "အေးချမ်းတည်ငြိမ်ခြင်း" (Tranquility/Untroubled mind) ဟု အဓိပ္ပာယ်ရသည်။ ဂရိဒဿန ပညာရှင်များဖြစ်သည့် Stoics နှင့် Epicureans တို့၏ ပန်းတိုင်ဖြစ်သည်။ Matthew J. Moore က ဗုဒ္ဓဘာသာ၏ နိဗ္ဗာန် သို့မဟုတ် ဥပေက္ခာသဘောတရားကို ရှင်းပြရာတွင် အနောက်တိုင်းသားများ နားလည်လွယ်စေရန် နှိုင်းယှဉ်ပြထားခြင်း ဖြစ်သည်။ *Stanford Encyclopedia of Philosophy* – Ataraxia.

ခေတ်သစ် နိုင်ငံရေးသိပ္ပံသည် "အာဏာ[24]" ကို ဗဟိုပြုသော်လည်း၊ ဗုဒ္ဓဘာသာသည် "ဓမ္မ[25]" ကို ဗဟိုပြုသည်။ ဗုဒ္ဓသည် ဘုရင်စနစ်ကို လက်ခံခဲ့သော်လည်း၊ ထိုဘုရင်သည် "ဓမ္မရာဇာ" (တရားသဖြင့် မင်းပြုသူ) ဖြစ်ရမည်ဟု စည်းကမ်းသတ်မှတ်ခဲ့သည်။ Moore ၏ အမြင်တွင် ဗုဒ္ဓဘာသာသည် နိုင်ငံရေးစနစ်တစ်ခုတည်းကို တရားသေ ဆုပ်ကိုင်မထားဘဲ၊ လူသားများ၏ ဒုက္ခကို လျှော့ချပေးနိုင်မည့် မည်သည့်စနစ် (ဒီမိုကရေစီ အပါအဝင်) ကိုမဆို လက်ခံနိုင်သည်။

## ၆။ လေ့လာခြင်း၏ အနှစ်သာရ

ဤပို့ချချက်ကို ဆန်းစစ်ကြည့်ခြင်းအားဖြင့် **(၁)** ဗုဒ္ဓဘာသာသည် လေထဲတွင် သီးခြားပေါ်လာသော ဘာသာတရားတစ်ခု မဟုတ်ဘဲ၊ "ဒုတိယအကြိမ် မြို့ပြထွန်းကားခြင်း" နှင့်အတူ ပေါ်ပေါက်လာသော လူမှုရေး၊ စီးပွားရေး အပြောင်းအလဲများကို တုံ့ပြန်သော "လူမှုပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု" တစ်ခုဖြစ်ကြောင်း နားလည်စေသည်။ **(၂)** ဗုဒ္ဓဘာသာသည် အဘယ်ကြောင့် ကုန်သည်များနှင့် မင်းများအကြား လျင်မြန်စွာ ပြန့်ပွားခဲ့သနည်း ဆိုသည့်အချက်ကို သုံးသပ်နိုင်စေသည်။ အထူးသဖြင့် "ဂဟပတိ" ဟူသော ကုန်သည်လူတန်းစားသစ်သည် ဗြာဟ္မဏတို့၏ ကုန်ကျစရိတ်များသော ယဇ်ပူဇော်မှုများကို စွန့်ပယ်ပြီး၊ ငြိမ်းချမ်းရေးနှင့် ခြိုးခြံချွေတာမှုကို အားပေးသော ဗုဒ္ဓလမ်းစဉ်ကို ထောက်ခံအားပေးခဲ့ပုံ ကို သိမြင်စေသည်။ **(၃)** ရှေးခေတ်အိန္ဒိယ၏ သမ္မတနိုင်ငံစနစ်များနှင့် ဝဇ္ဇီတို့၏ "စုပေါင်းခေါင်းဆောင်မှု" ပုံစံကို လေ့လာခြင်းအားဖြင့်၊ ဗုဒ္ဓသည် ယင်းတို့၏ ဒီမိုကရေစီဆန်သော အလေ့အထများကို သံဃာ့အဖွဲ့အစည်း၏

[24] Power
[25] Righteousness

ဖွံ့စည်းပုံအခြေခံဥပဒေအဖြစ် မည်သို့ ပေါင်းစပ်အသုံးပြုခဲ့သည် ကို နှိုင်းယှဉ်လေ့လာနိုင်သည်။ **(၄)** ကုဋဒန္တသုတ်လာ "ဆင်းရဲမွဲတေမှုကြောင့် မှုခင်းဖြစ်ပွားသည်" ဟူသော စီးပွားရေးအခြေခံ အကြောင်းတရားကို နားလည်စေသည်။ မှုခင်းနှိမ်နင်းရာတွင် ပြစ်ဒဏ်ပေးခြင်းထက် စီးပွားရေးဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်းက ပိုမိုထိရောက်ကြောင်း သိရှိရသဖြင့် ယနေ့ခေတ် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လက်တွေ့ကျသော သင်ခန်းစာများကို ရရှိစေသည်။

## ၇။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဘီစီ ၆ ရာစု ဂင်္ဂါမြစ်ဝှမ်းဒေသသည် နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများကြားတွင် ရှုပ်ထွေးနေသော ကာလဖြစ်သည်။ ဇာတ်စနစ်၏ ဖိနှိပ်မှုနှင့် ကျွန်စနစ်၏ ဆိုးကျိုးများ ရှိနေသော်လည်း၊ တစ်ဖက်တွင် စီးပွားရေးအင်အားကောင်းသော ကုန်သည်လူတန်းစားများ ပေါ်ထွက်လာခြင်းက တွေးခေါ်မှုအသစ်များကို လက်ခံရန် လမ်းပွင့်စေခဲ့သည်။ ဗုဒ္ဓဘာသာသည် ဤလူမှုနောက်ခံအခြေအနေကို မှန်ကန်စွာ သုံးသပ်ပြီး၊ ဇာတ်၊ မျိုးရိုး၊ ဆင်းရဲချမ်းသာ မရွေး တန်းတူညီမျှသော လွတ်မြောက်မှုလမ်းစဉ်ကို ချပြနိုင်ခဲ့သဖြင့် အိန္ဒိယကျွန်းဆွယ်တစ်ခုလုံးသို့ လျင်မြန်စွာ ပြန့်ပွားနိုင်ခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓ၏ နိုင်ငံရေးဒဿနသည် အာဏာရှင်ဆန်သော အုပ်ချုပ်ရေးကို "ဓမ္မ" ဖြင့် ထိန်းကျောင်းပေးပြီး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Social History of India" နှင့် "Buddhism and Society" အကြောင်းအရာများအတွက် မဖတ်မဖြစ်စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

၁။ **Abeynayake, Oliver. (2016). The Social and Economic Dimensions of Early Buddhism. Buddha-Dharma Centre of Hong Kong.** ဆရာကြီး Oliver Abeynayake သည် ဤဘာသာရပ် သင်ရိုးကို ဦးဆောင်ရေးဆွဲသူ တစ်ဦးဖြစ်ပြီး၊ သူ၏ ဤစာအုပ်တွင် ဗုဒ္ဓဘာသာ၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အမြင်များကို ပိဋကတ်တော်လာ အထောက်အထားများဖြင့် စနစ်တကျ သုတေသနပြုထားသည်။ ဤပို့ချချက်ပါ နိုင်ငံရေးနောက်ခံ သမိုင်းကြောင်းများသည် ဤစာအုပ်ကို အဓိက အခြေခံထားသဖြင့် ကျောင်းသားများအတွက် အဓိက လက်စွဲစာအုပ် ဖြစ်သည်။ **ဤစာအုပ်ကို မိမိက "ရှေ့ဦးဗုဒ္ဓဝါဒလာ လူမှုရေးနှင့် စီးပွားရေးအမြင်များ" အမည်ဖြင့် ဘာသာပြန်ဆိုထားပြီး ဖြစ်သည်။**

၂။ **Wagle, N.K. (1966). Society at the Time of the Buddha. Popular Prakashan.** ဗုဒ္ဓခေတ် လူမှုဖွဲ့စည်းပုံကို အသေးစိတ်အကျဆုံး လေ့လာထားသည့် စာအုပ်ဖြစ်သည်။ ပါဠိပိဋကတ်တော်လာ အထောက်အထားများကိုသာ သီးသန့်အသုံးပြုပြီး ထိုခေတ်က ဆွေမျိုးဆက်စပ်ပုံ၊ လက်ထပ်ထိမ်းမြားခြင်း၊ အစားအသောက်နှင့် နေ့စဉ်လူမှုဘဝ အကြောင်းများကို ဖော်ထုတ်ထားသဖြင့် ထိုခေတ် အိန္ဒိယလူ့အဖွဲ့အစည်းကို မြင်ယောင်စေရန် မဖတ်မဖြစ် လိုအပ်သည်။

၃။ **Chakravarti, Uma. (1987). The Social Dimensions of Early Buddhism. Oxford University Press.** ဤစာအုပ်သည် သူဌေးလူတန်းစား၏ အခန်းကဏ္ဍနှင့် ဗုဒ္ဓဘာသာ ဆက်စပ်ပုံကို အထူးပြုလေ့လာထားသည်။ ဗုဒ္ဓဘာသာသည် ကုန်သည်များနှင့် မည်သို့ အပြန်အလှန် အကျိုးပြုခဲ့သည် ဆိုသည့်အချက်ကို လူမှုစီးပွား ရှုထောင့်မှ ခွဲခြမ်းစိတ်ဖြာထားသည်။

၄။ **Rhys Davids, T.W. (1903). Buddhist India. T. Fisher Unwin.** မဟာဇနပုဒ် (၁၆) နိုင်ငံနှင့် ဂဏသံဃ ဟုခေါ်သော သမ္မတနိုင်ငံစနစ်များအကြောင်းကို သမိုင်းရှုထောင့်မှ ဦးစွာဖော်ထုတ်ခဲ့သော စာအုပ်ဖြစ်သည်။ ဗုဒ္ဓခေတ် နိုင်ငံရေးပထဝီဝင်ကို နားလည်ရန်အတွက် အခြေခံအကျဆုံး စာအုပ်ဖြစ်သည်။

၅။ **Chanana, Dev Raj. (1960). Slavery in Ancient India. People's Publishing House.** ဗုဒ္ဓခေတ် ကျွန်စနစ် အကြောင်းကို သီးသန့်လေ့လာလိုသူများအတွက် အကောင်းဆုံးစာအုပ်ဖြစ်သည်။ ကျွန်အမျိုးအစားများ၊ ကျွန်တို့၏ လူမှုဘဝနှင့် ဗုဒ္ဓဘာသာ၏ ကျွန်စနစ်အပေါ် သဘောထားများကို အသေးစိတ် လေ့လာတင်ပြထားသည်။

**ပို့ချစဉ် (၃) - Social Stratification: A Buddhist View**

**၁။ နိဒါန်း**

အိန္ဒိယလူ့အဖွဲ့အစည်းတွင် လူတစ်ဦး၏ တန်ဖိုးနှင့် အဆင့်အတန်းကို "မွေးဖွားခြင်း" ဖြင့် သတ်မှတ်သော ဇာတ်စနစ်သည် နှစ်ပေါင်းထောင်ချီ၍ အမြစ်တွယ်ခဲ့သည်။ ဗြာဟ္မဏဝါဒသည် လူသားများကို ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ၊ သုဒ္ဒ ဟူ၍ အလွှာလေးခု ခွဲခြားပြီး၊ ဗြာဟ္မဏများသည် ဗြဟ္မာကြီး၏ ခံတွင်းမှ မွေးဖွားသူများဖြစ်၍ အမြင့်မြတ်ဆုံးဟု ခံယူထားကြသည်။ ဗုဒ္ဓသည် ဤမွေးရာပါ ဇာတ်စနစ်ကို ပြင်းထန်စွာ ဝေဖန်ပယ်ချခဲ့ပြီး၊ "ကိုယ်ကျင့်တရား (သီလ)" နှင့် "ဉာဏ်ပညာ (ပညာ)" ပေါ်တွင် အခြေခံသော လူမှုအလွှာ ခွဲခြားမှုပုံစံသစ်ကို မိတ်ဆက်ခဲ့သည်။ ဤပို့ချချက်သည် ဗုဒ္ဓဘာသာက ဇာတ်စနစ်ကို ဇီဝဗေဒ၊ လူမှုဗေဒနှင့် ကျင့်ဝတ်ဆိုင်ရာ ရှုထောင့်များမှ မည်သို့ ချေပခဲ့ပုံနှင့် သံဃာ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှမှုကို မည်သို့ တည်ဆောက်ခဲ့ပုံကို ဆွေးနွေးတင်ပြထားသည်။

## ၂။ ဗြာဟ္မဏတို့၏ ဇာတ်ဝါဒနှင့် ဗုဒ္ဓ၏ ချေပချက်များ

ဆရာကြီး Oliver Abeynayake ၏ အဆိုအရ ဗြာဟ္မဏတို့သည် သူတို့၏ မြင့်မြတ်မှုကို အကြောင်းပြချက် (၃) ချက်ဖြင့် တည်ဆောက်ထားသည်။ ယင်းတို့မှာ (၁) ဗြဟ္မာကြီး၏ ခံတွင်းမှ မွေးဖွားလာခြင်း[1] ၊ (၂) အခြားဇာတ်များထက် အသားအရောင် ပိုမိုဖြူစင်ခြင်း[2]၊ (၃) သူတို့သာလျှင် သန့်ရှင်းစင်ကြယ်ခြင်း[3] တို့ ဖြစ်သည်။[4] ဗုဒ္ဓက ဤအချက်များကို သိပ္ပံနည်းကျကျနှင့် ယုတ္တိရှိရှိ ပြန်လည်ချေပခဲ့သည်။

### (က) ဇီဝဗေဒဆိုင်ရာ ချေပချက်[5]

ဒီဃနိကာယ်လာ ဝါသေဋ္ဌသုတ်တွင် ဗုဒ္ဓက သစ်ပင်များ၊ အင်းဆက်များ၊ တိရစ္ဆာန်များတွင် မျိုးစိတ်[6] ကွဲပြားမှုများ ရှိသော်လည်း၊ လူသားအားလုံးသည် ဇီဝဗေဒအရ တူညီသော မျိုးစိတ်[7] သာဖြစ်ကြောင်း ထောက်ပြခဲ့သည်။ လူသားချင်း ခန္ဓာကိုယ်ဖွဲ့စည်းပုံ တူညီနေသဖြင့် ဇာတ်ခွဲခြားခြင်းသည် အတုအယောင်သာ ဖြစ်သည်။

---

[1] Divine Origin

[2] Physical Beauty

[3] Purity

[4] မဇ္ဈိမနိကာယ်၊ အဿလာယနသုတ်တွင် ဗြာဟ္မဏတို့က သူတို့သာ ဖြူစင်သည်ဟု ပြောဆိုချက်ကို ဗုဒ္ဓက ယောန/ကမ္ဗောဇ တိုင်းများတွင် ဇာတ်မရှိကြောင်း ဥပမာပေး၍ ချေပခဲ့သည်။

[5] Biological Argument

[6] Species

[7] ဗုဒ္ဓက လူသားအားလုံးသည် ဇီဝဗေဒအရ ကွဲပြားမှုမရှိကြောင်း ဟောကြားရာတွင် တိရစ္ဆာန်များနှင့် နှိုင်းယှဉ်ပြခဲ့သည်။ ဥပမာ - နွား၊ ခွေး၊ ဆင် စသည်တို့တွင် ခြေလက်၊ ဦးခေါင်း၊ အမွေးအမျှင် ပုံသဏ္ဌာန်ကွဲပြားကြသော်လည်း လူသားများတွင်မူ ဆံပင်၊ ဦးခေါင်း၊ နားရွက်၊ မျက်စိ၊ နှာခေါင်း စသည်တို့မှာ လူမျိုးမရွေး၊ ဇာတ်မရွေး ပုံစံတူညီကြသည်။ ပါဠိတော်တွင် "ဧဝမေဝ မနုဿေသု၊ လိင်္ဂံ နတ္ထိ ပုထုဒ္ဓိ" (လူသားတို့၌ ဇာတ်ကိုခွဲခြားနိုင်သော ရုပ်ပိုင်းဆိုင်ရာ အမှတ်အသား မရှိပါ) ဟု အတိအလင်း ဆိုထားသည်။ https://suttacentral.net/mn98/en/sujato

### (ခ) လူမှုဗေဒဆိုင်ရာ ချေပချက်[8]

ဒီဃနိကာယ်လာ အဂ္ဂညသုတ်တွင် လူတန်းစားများသည် ဘုရားသခင် ဖန်ဆင်း၍ ပေါ်လာခြင်းမဟုတ်ဘဲ၊ လုပ်ငန်းခွင်[9] ကွဲပြားမှုကြောင့် ပေါ်ပေါက်လာကြောင်း ရှင်းပြထားသည်။

- မင်းမဲ့စရိုက်ကို ထိန်းသိမ်းသူသည် ခတ္တိယ ဖြစ်လာသည်။
- မကောင်းမှုကို အပပြုသူသည် ဗြာဟ္မဏ ဖြစ်လာသည်။
- ကုန်သွယ်လယ်လုပ်သူသည် ဝေဿ ဖြစ်လာသည်။
- အမဲလိုက်၊ နှိမ့်ကျသော အလုပ်လုပ်သူသည် သုဒ္ဒ ဖြစ်လာသည်။

ထို့ကြောင့် ဇာတ်ဟူသည် လူမှုသဘောတူညီချက်[10] မျှသာဖြစ်သည်။

### (ဂ) ကျင့်ဝတ်ဆိုင်ရာ ချေပချက်[11]

မဇ္ဈိမနိကာယ်လာ မဓုရသုတ် နှင့် ဧသုကာရီသုတ် တို့တွင် ဇာတ်လေးပါးလုံးသည် မကောင်းမှုပြုလုပ်ပါက ငရဲကျမည်ဖြစ်ပြီး၊ ကောင်းမှုပြုလုပ်ပါက နတ်ပြည်ရောက်မည်ဟု ဟောကြားထားသည်။ "ကံ (ကမ္မ)" တရားသည် ဇာတ်ကို မျက်နှာမလိုက်ပေ။ ထို့ကြောင့် ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားခြင်းသည် အဓိပ္ပာယ်မဲ့လေသည်။[12]

---

[8] Sociological Argument
[9] Profession
[10] Social Convention
[11] Ethical Argument
[12] မဓုရသုတ်တွင် ရှင်မဟာကစ္စည်းမထေရ်က မဓုရမင်းကြီးအား ဖြေကြားရာ၌ "အကယ်၍ ဇာတ်နိမ့်သူ (သုဒ္ဒ) တစ်ဦးသည် ငွေကြေးချမ်းသာလာပါက သူ၏အိမ်တွင် ဇာတ်မြင့်သူ (ဗြာဟ္မဏ) တစ်ဦးသည် အခစားဝင်၍

## ၃။ သံဃာ့အဖွဲ့အစည်းနှင့် တန်းတူညီမျှမှု

ဗုဒ္ဓသည် ဇာတ်စနစ်ကို သီအိုရီအရ ပယ်ချရုံသာမက လက်တွေ့တွင်လည်း "သံဃာ့အဖွဲ့အစည်း" ၌ တန်းတူညီမျှမှုကို ကျင့်သုံးခဲ့သည်။

### (က) မြစ်များနှင့် သမုဒ္ဒရာ ဥပမာ

အင်္ဂုတ္တရနိကာယ်လာ ပဟာရာဒသုတ်တွင် "ဂင်္ဂါ၊ ယမုနာ စသော မြစ်ကြီးများသည် သမုဒ္ဒရာထဲသို့ ရောက်သောအခါ မူလအမည်များ ပျောက်ကွယ်ပြီး 'သမုဒ္ဒရာ' ဟူသော အမည်တစ်ခုတည်း ဖြစ်သွားသကဲ့သို့၊ ဇာတ်လေးပါးမှ လူများသည် သာသနာတော်တွင်းသို့ ရောက်သောအခါ ဇာတ်အမည်များ ပျောက်ကွယ်ပြီး 'ရဟန်း (သကျပုတ္တ)' ဟူသော အမည်တစ်ခုတည်း ဖြစ်သွားသည်" ဟု ဟောကြားခဲ့သည်။

### (ခ) အာဏာရှင်စနစ်ကို ပယ်ချခြင်း

ဗုဒ္ဓသည် ပုဂ္ဂိုလ်စွဲဖြင့် အာဏာတည်ဆောက်ခြင်းကို လက်မခံခဲ့ပေ။ ဒေဝဒတ်က သံဃာ့အဖွဲ့အစည်းကို ဦးဆောင်ခွင့်တောင်းသောအခါ ဗုဒ္ဓက ငြင်းပယ်ခဲ့သည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခါနီးတွင်လည်း "ငါဘုရား မရှိတော့လျှင် ဓမ္မနှင့်ဝိနည်းသည်သာ သင်တို့၏ ဆရာဖြစ်သည်" ဟု မှာကြားခဲ့သည်။ ဤအချက်သည် လူပုဂ္ဂိုလ်ဗဟိုပြုစနစ်မှ တရားဥပဒေဗဟိုပြုစနစ်[13] သို့ ကူးပြောင်းခြင်း ဖြစ်သည်။

---

အလုပ်လုပ်ရမည် မဟုတ်လော" ဟု မေးခွန်းထုတ်ခဲ့သည်။ ဤအချက်သည် ဇာတ်စနစ်ထက် စီးပွားရေးအင်အား (Economic Power) က လက်တွေ့ဘဝတွင် ပိုမိုလွှမ်းမိုးမှုရှိကြောင်း ထောက်ပြထားခြင်း ဖြစ်သည်။

[13] Rule of Law

## (ဂ) ဝါစဉ်နှင့် သီလကိုသာ အလေးထားခြင်း

သို့သော် သံဃာ့အဖွဲ့အစည်းတွင် မင်းမဲ့စရိုက်[14]မဖြစ်စေရန် "ဝါစဉ်[15]" နှင့် "သီလ" ပေါ်မူတည်သော ရိုသေမှုစနစ်ကို ထားရှိသည်။ တိတ္တိရဇာတ်တွင် ဆင်၊ မျောက် နှင့် ခါငှက်တို့၏ ဇာတ်လမ်းကို ဟောကြားပြီး အသက်ကြီးသူ၊ ဝါကြီးသူကို ရိုသေရမည်ဟု ပညတ်ခဲ့သည်။ သို့သော် ထိုဝါစဉ်သည် ဇာတ်နိမ့်၊ ဇာတ်မြင့်နှင့် မသက်ဆိုင်ဘဲ သာသနာသို့ စောစီးစွာ ရောက်ရှိမှုအပေါ်တွင်သာ မူတည်သည်။[16]

## ၄။ ဗုဒ္ဓဘာသာ၏ လူမှုအလွှာသစ်

ဗုဒ္ဓဘာသာသည် မွေးရာပါ ဇာတ် ၄ ပါး[17] ကို ပယ်ဖျက်ပြီး၊ စိတ်ပေါက်မြောက်မှု အဆင့်အတန်း[18] ကို အခြေခံသော ပရိသတ် ၄ ပါး[19] ကို အစားထိုးခဲ့သည်။ ယင်းတို့မှာ -

၁။ ဘိက္ခု (ရဟန်းယောကျ်ား)

---

[14] အဂ္ဂညသုတ်တွင် ဖော်ပြထားသော ကမ္ဘာဦးအစ လူ့ဘောင်အဖွဲ့အစည်း ပျက်စီးယိုယွင်းလာပုံ (မင်းမဲ့စရိုက်ဖြစ်ပေါ်လာပုံ) နှင့် မဟာသမ္မတမင်း ရွေးချယ်ပုံတို့သည် ခေတ်သစ်နိုင်ငံရေးသိပ္ပံပညာရှင်များဖြစ်သော Thomas Hobbes, John Locke နှင့် Rousseau တို့၏ "လူမှုပဋိညာဉ် သီအိုရီ (Social Contract Theory)" နှင့် သဘောတရားချင်း ဆင်တူပါသည်။ ဇာတ်စနစ်ဆိုသည်မှာ ဘုရားဖန်ဆင်းခြင်း မဟုတ်ဘဲ လူတို့သတ်မှတ်ချက် (Social Convention) သက်သက်သာဖြစ်ကြောင်း သက်သေပြချက်ဖြစ်သည်။ https://www.google.com/search?q=https://www.accesstoinsight.org/tipitaka/dn/dn.27.0.than.html

[15] Seniority

[16] တိတ္တိရဇာတ်တွင် ဆင်၊ မျောက်နှင့် ခါငှက်တို့ သူငယ်ချင်းသုံးဦးတွင် မည်သူက အကြီးဆုံးလဲဆိုသည်ကို ညောင်ပင်တစ်ပင်ကို အကြောင်းပြု၍ ဆုံးဖြတ်ကြသည်။ ခါငှက်သည် ညောင်သီးစား၍ မစင်စွန့်ရာမှ ဤညောင်ပင်ပေါက်လာသည်ဟု ဆိုသဖြင့် ခါငှက်ကို အကြီးဆုံးအရာထားကြသည်။ ဗုဒ္ဓက ဤဇာတ်ကို ဟောကြားပြီး သံဃာ့ဘောင်တွင် ဇာတ်နိမ့်၊ ဇာတ်မြင့်၊ အသက်ကြီး၊ ငယ် မလိုဘဲ "ဥပသမ္ပဒ (ရဟန်းခံချိန်)" စောသူက ဝါကြီးသည်ဟု သတ်မှတ်ကာ တန်းတူညီမျှမှုကို တည်ဆောက်ခဲ့သည်။

[17] Four Varnas

[18] Spiritual Attainment

[19] Fourfold Society

၂။ ဘိက္ခုနီ (ရဟန်းမ)

၃။ ဥပသကာ (လူဒါယကာ)

၄။ ဥပသိကာ (လူဒါယိကာမ) တို့ဖြစ်သည်။

အင်္ဂုတ္တရနိကာယ်လာ သောဘနသုတ်တွင် "ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာ ဟူသော ပရိသတ်လေးပါးလုံးသည် သီလ၊ သမာဓိ၊ ပညာ နှင့် ပြည့်စုံပါက သံဃာ့အဖွဲ့အစည်းကို တင့်တယ်စေသူများ (သံဃံ သောဘေန္တိ) ဖြစ်သည်" ဟု ဟောကြားထားသည်။[20] ဤတွင် လူဝတ်ကြောင်များရော၊ အမျိုးသမီးများပါ သီလရှိလျှင် အမြင့်မြတ်ဆုံး ဖြစ်နိုင်ကြောင်း တွေ့ရသည်။

## ၅။ အမျိုးသမီးများ၏ အခန်းကဏ္ဍ

ဗြာဟ္မဏဝါဒတွင် အမျိုးသမီးများကို အမျိုးသားများ၏ လက်အောက်ခံ၊ သားယောကျ်ားလေး မွေးပေးရန်သာ တာဝန်ရှိသူများအဖြစ် သတ်မှတ်သည်။ ဗုဒ္ဓသည် ဤအယူအဆကို ပြုပြင်ပြောင်းလဲခဲ့သည်။ ကောသလဘုရင် ပသေနဒီသည် သမီးမွေးဖွား၍ စိတ်ပျက်နေချိန်တွင် ဗုဒ္ဓက "မြတ်သောမင်းကြီး၊ အချို့သော သမီးမိန်းကလေးများသည် သားယောကျ်ားလေးများထက်ပင် ပို၍ မြတ်သည် (ဣတ္ထီပိ ဟိ ဧကစ္စိယာ၊ သေယျာ ပေါသဇနာဓိပ)" ဟု ကောသလသံယုတ်တွင် ဟောကြား၍ အမျိုးသမီးများ၏ တန်ဖိုးကို မြှင့်တင်ပေးခဲ့သည်။ တဖန် မာရ်နတ်က အမျိုးသမီးများသည် ဉာဏ်ပညာနည်းသည်ဟု စွပ်စွဲသောအခါ၊ သောမာထေရီ က "စိတ်ကို စောင့်ထိန်းနိုင်သူအတွက် လိင်ကွဲပြားမှုက

[20] အင်္ဂုတ္တရနိကာယ်၊ သောဘနသုတ်တွင် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာ လေးဦးစလုံးသည် သီလရှိလျှင် သံဃာကို တင့်တယ်စေသူများ ဖြစ်သည်ဟု ဟောကြားထားသည်။

ဘာအနှောင့်အယှက် ဖြစ်မှာလဲ" ဟု ပြန်လည်ချေပခဲ့သည်။ ထို့အပြင် မိထွေးတော် ဂေါတမီကို ဦးဆောင်၍ ဘိက္ခုနီသာသနာ တည်ထောင်ပေးခဲ့ခြင်းသည် ရှေးခေတ်ကမ္ဘာတွင် အမျိုးသမီးအခွင့်အရေးအတွက် အကြီးမားဆုံး တော်လှန်ပြောင်းလဲမှုကြီး တစ်ခုဖြစ်သည်။[21]

## ၆။ လေ့လာခြင်း၏ အနှစ်သာရ

ဤပို့ချချက်ကို လေ့လာခြင်းအားဖြင့် **(၁)** ဗုဒ္ဓဘာသာသည် လူတစ်ဦး၏ တန်ဖိုးကို "မွေးဖွားခြင်း" ဖြင့် မဆုံးဖြတ်ဘဲ၊ "ကိုယ်ကျင့်တရားနှင့် ပညာ[22]" ဖြင့်သာ ဆုံးဖြတ်ကြောင်း နားလည်စေသည်။ ဤအချက်သည် လူမှုဗေဒအလိုအရ "မွေးရာပါအဆင့်အတန်း[23]" စနစ်မှ "ကြိုးစားယူရသော အဆင့်အတန်း[24]" စနစ်သို့ ကူးပြောင်းပေးခဲ့သော သမိုင်းဝင် အချိုးအကွေ့တစ်ခု ဖြစ်ကြောင်း သိမြင်စေသည်။[25] **(၂)** ဇာတ်စနစ်နှင့် လူမျိုးရေးခွဲခြားမှုများကို ဆန့်ကျင်ရာတွင် စိတ်ခံစားချက်သက်သက်ဖြင့် မဟုတ်ဘဲ၊ ဝါသေဋ္ဌသုတ်လာ "လူသားအားလုံးသည် ဇီဝဗေဒအရ မျိုးစိတ်တစ်ခုတည်း" ဟူသော

---

[21] အမျိုးသမီးဖြစ်၍ တရားမရနိုင်ဟု မာရ်နတ်က နှိမ်ချပြောဆိုသောအခါ သောမာထေရီ ရွတ်ဆိုခဲ့သော ဂါထာမှာ ဗုဒ္ဓစာပေ၏ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အထင်ရှားဆုံး ကြွေးကြော်သံဖြစ်သည်။ *"ဉာဏမှိ ဝတ္တမာနမှိ၊ ဓမ္မံ ဝိပဿတော"* - (စိတ်သည် တည်ကြည်ငြိမ်သက်နေပြီး တရားကို ကောင်းစွာရှုမြင်နေပါက မိန်းမဖြစ်ခြင်း၊ ယောက်ျားဖြစ်ခြင်းက ဘာများတတ်နိုင်ဦးမည်နည်း)။

[22] Morality and Wisdom)

[23] Ascribed Status

[24] Achieved Status

[25] ဤဝေါဟာရများကို အမေရိကန် မနုဿဗေဒပညာရှင် Ralph Linton က စတင်သုံးစွဲခဲ့သည်။ Scribed Status (မွေးရာပါအဆင့်အတန်း) ဟူသည် မိမိရွေးချယ်ခွင့်မရှိဘဲ ရလာသောအရာ (ဥပမာ - ဇာတ်၊ လူမျိုး၊ ကျား/မ)။ Achieved Status (ဆည်းပူးရယူသော အဆင့်အတန်း) ဟူသည် မိမိအရည်အချင်း၊ ကြိုးစားမှုဖြင့် ရယူသောအရာ (ဥပမာ - ပညာတတ်၊ သီလရှိသူ၊ ရဟန္တာ)။ ဗုဒ္ဓဝါဒသည် Ascribed Status စနစ်ကို ပယ်ဖျက်ပြီး Achieved Status စနစ်ကို အားပေးသည်။ https://sk.sagepub.com/ency/edvol/the-sage-encyclopedia-of-intercultural-competence/chpt/ascribed-achieved-status#_

သိပ္ပံနည်းကျ အချက်အလက်များဖြင့် ယုတ္တိရှိရှိ ချေပတတ်သော နည်းလမ်းကို ရရှိစေသည်။ **(၃)** အမျိုးသမီးများသည် အမျိုးသားများနည်းတူ စိတ်ပိုင်းဆိုင်ရာ အမြင့်ဆုံးအဆင့် (အရဟတ္တဖိုလ်) သို့ ရောက်နိုင်ကြောင်း သောမာထေရီနှင့် ကောသလသံယုတ် ဥပမာများမှတဆင့် သိရှိရသည်။ ဤသည်မှာ ရှေးခေတ်ကမ္ဘာတွင် အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာ၏ တော်လှန်ပြောင်းလဲခဲ့မှုကို မီးမောင်းထိုးပြနေသည် ။ **(၄)** မြစ်ချောင်းများစွာသည် သမုဒ္ဒရာအတွင်းသို့ ရောက်သောအခါ တစ်သားတည်း ဖြစ်သွားသကဲ့သို့၊ မတူညီသော နောက်ခံရှိသည့် လူသားများသည် သာသနာ့ဘောင် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုအတွင်း ရောက်ရှိပါက တန်းတူညီမျှမှု[26] ရှိရမည်ဆိုသော ဒီမိုကရေစီ အခြေခံမူကို နားလည်သဘောပေါက်စေသည် ။

## ၇။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓ၏ လူမှုအလွှာခွဲခြားမှုဆိုင်ရာ အမြင်သည် ထိုခေတ်က အလွန်ရှေးရိုးစွဲသော အိန္ဒိယလူ့အဖွဲ့အစည်းအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်ခဲ့သည်။ ဗုဒ္ဓသည် ဇာတ်နိမ့်များကို မြှောက်ပေးပြီး အကြမ်းဖက် တော်လှန်ခိုင်းခြင်း မဟုတ်ဘဲ၊ လူသားအားလုံး၏ ဇီဝဗေဒဆိုင်ရာ တူညီမှုနှင့် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများကို မီးမောင်းထိုးပြခြင်းဖြင့် ဇာတ်စနစ်၏ အခြေခံအုတ်မြစ်များကို ဉာဏ်ပညာဖြင့် ဖြိုဖျက်ခဲ့သည်။ သီလနှင့် ပညာကို အခြေခံသော ဗုဒ္ဓ၏ လူမှုအလွှာစနစ်သည် ယနေ့ခေတ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး စံနှုန်းများနှင့်လည်း ထပ်တူကျနေကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

[26] Equality

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Social Philosophy" နှင့် "Social Dimension of Buddhism" ဘာသာရပ်များအတွက် မဖတ်မဖြစ်စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

**၁။ Abeynayake, Oliver. (2016). The Social and Economic Dimensions of Early Buddhism. Buddha-Dharma Centre of Hong Kong.**

ဆရာကြီး Oliver Abeynayake သည် ဤဘာသာရပ် သင်ရိုးကို ဦးဆောင်ရေးဆွဲသူ တစ်ဦးဖြစ်ပြီး၊ သူ၏ ဤစာအုပ်တွင် ဗုဒ္ဓဘာသာ၏ ဇာတ်စနစ်နှင့် အမျိုးသမီးများအပေါ် ထားရှိသော သဘောထားများကို ပိဋကတ်တော်လာ အထောက်အထားများဖြင့် စနစ်တကျ သုတေသနပြုထားသည်။ ဤဘာသာရပ် သင်ခန်းစာ အများစုသည် ဤစာအုပ်ကို အခြေခံထားသဖြင့် ကျောင်းသားများအတွက် အဓိက လက်စွဲစာအုပ် ဖြစ်သည်။

**၂။ Chakravarti, Uma. (1987). The Social Dimensions of Early Buddhism. Oxford University Press.**

ဤစာအုပ်သည် ဗုဒ္ဓခေတ် လူမှုအလွှာခွဲခြားမှုကို အသေးစိတ် လေ့လာထားသည်။ အထူးသဖြင့် ဇာတ်စနစ်ကို ဗုဒ္ဓက မည်သို့ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည် ဆိုသည့်အချက်ကို ရှင်းလင်းစွာ တင်ပြထားသည်။

**၃။ Malalasekera, G.P. & Jayatilleke, K.N. (1958). Buddhism and the Race Question. UNESCO.**

ကုလသမဂ္ဂ (UNESCO) မှ ထုတ်ဝေသော ဤစာအုပ်ငယ်သည် ဗုဒ္ဓဘာသာ၏ လူမျိုးရေးနှင့် ဇာတ်စနစ် ခွဲခြားမှုအပေါ် ဆန့်ကျင်ပုံကို သိပ္ပံနည်းကျကျ၊ ခေတ်သစ်လူ့အခွင့်အရေး ရှုထောင့်မှ ရှင်းပြထားသော အဖိုးတန်စာအုပ်ဖြစ်သည်။

**၄။ Horner, I.B. (1930). Women Under Primitive Buddhism. Routledge.**

ရှေးဦးဗုဒ္ဓဘာသာခေတ် အမျိုးသမီးများ၏ ဘဝ၊ ဘိက္ခုနီသာသနာ ပေါ်ပေါက်လာပုံနှင့် အမျိုးသမီးများ ရရှိခဲ့သော လွတ်လပ်ခွင့်များကို လေ့လာလိုသူများအတွက် အကောင်းဆုံး ကိုးကားကျမ်းဖြစ်သည်။

## ပို့ချစဉ် (၄) - Buddhist Theory of State

### ၁။ နိဒါန်း

နိုင်ငံရေးသိပ္ပံ[1]တွင် "နိုင်ငံတော်[2] သည် မည်သို့စတင်ဖြစ်ပေါ်လာသနည်း" နှင့် "အုပ်ချုပ်သူ၏ အာဏာသည် မည်သည့်နေရာမှ ဆင်းသက်လာသနည်း" ဟူသော မေးခွန်းများသည် အခြေခံအကျဆုံး မေးခွန်းများ ဖြစ်သည်။ ရှေးခေတ် အိန္ဒိယရှိ ဗြာဟ္မဏဝါဒက ဘုရင်သည် ဘုရားသခင်က ဖန်ဆင်းထားသူဖြစ်ပြီး ဘုရားသခင်၏ ကိုယ်စားလှယ်[3] ဟု ယုံကြည်ကြသည်။ သို့သော် ဘီစီ ၆ ရာစုတွင် ပေါ်ထွန်းခဲ့သော ဗုဒ္ဓဘာသာသည် ဤအယူအဆကို ပြင်းထန်စွာ ပယ်ချခဲ့သည်။

ဗုဒ္ဓဘာသာ၏ နိုင်ငံရေးဒဿနသည် နိုင်ငံတော်ဆိုသည်မှာ လူသားတို့၏ လိုအပ်ချက်အရ လူသားချင်း သဘောတူညီမှုဖြင့် တည်ဆောက်ထားသော အဖွဲ့အစည်းဖြစ်ကြောင်း

---

[1] Political Science
[2] The State
[3] Divine Right of Kings

ရှင်းပြထားသည်။ ဤပို့ချချက်သည် အဂ္ဂညသုတ်ပါ နိုင်ငံတော်ဖြစ်ပေါ်လာပုံ စက္ကဝတ္တိသီဟနာဒသုတ်ပါ မင်းကျင့်တရားများ၊ ကုဋဒန္တသုတ်ပါ စီးပွားရေးနှင့် မှုခင်းဆိုင်ရာ အမြင်များ၊ နှင့် ဆရာကြီး P.D. Premasiri ၏ စာတမ်းပါ ဝဇ္ဇီတို့၏ တရားစီရင်ရေးစနစ်[4] ရှိ ဒီမိုကရေစီ အသွင်အပြင်များကို လေ့လာဆန်းစစ် တင်ပြထားသည်။

## ၂။ နိုင်ငံတော် ဖြစ်ပေါ်လာပုံ သီအိုရီ

ဒီဃနိကာယ်လာ အဂ္ဂညသုတ်သည် ဗုဒ္ဓဘာသာ၏ နိုင်ငံရေးအတွေးအခေါ်ကို အဓိက ဖော်ပြသော သုတ္တန်ဖြစ်သည်။ ဤသုတ္တန်တွင် နိုင်ငံတော်နှင့် အုပ်ချုပ်သူ မင်း ဖြစ်ပေါ်လာပုံကို အဆင့်ဆင့်ကို ရှင်းပြထားသည်။

### (က) သဘာဝအခြေအနေ

ကမ္ဘာဦးအစတွင် လူသားများသည် ဗြဟ္မာကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါနှင့် ပြည့်စုံပြီး လိုအင်ဆန္ဒ နည်းပါးကြသည်။ သို့သော် ကာလကြာလာသည်နှင့်အမျှ "လောဘ" ဝင်လာကာ အစာရေစာများကို စားသုံးရာမှ ရုပ်ခန္ဓာများ ရိုင်းစိုင်းလာပြီး၊ ကျား/မ လိင်ကွဲပြားမှုများ ဖြစ်ပေါ်လာသည်။[5]

---

[4] Judicial System

[5] နိုင်ငံရေးသိပ္ပံပညာရှင် Thomas Hobbes က "State of Nature" (အစိုးရမပေါ်ပေါက်မီ သဘာဝအခြေအနေ) သည် "လူသားတစ်ဦးနှင့်တစ်ဦး ဝံပုလွေကဲ့သို့ သတ်ဖြတ်နေသော အခြေအနေ (War of all against all)" ဟု ဆိုခဲ့သည်။ သို့သော် ဗုဒ္ဓဝါဒ (အဂ္ဂညသုတ်) ၏ State of Nature သည် ကနဦးတွင် ငြိမ်းချမ်းပြီး၊ "တဏှာ (Craving)" နှင့် "မစ္ဆရိယ (Stinginess/Possessiveness)" ဝင်လာမှသာ ပျက်စီးသွားခြင်းဖြစ်သည်။ ဤသည်မှာ လူ့သဘောသဘာဝကို အကောင်းမြင်ဝါဒ (Optimism) နှင့် အဆိုးမြင်ဝါဒ (Pessimism) ကြား ရှုမြင်ပုံကွာခြားချက် ဖြစ်သည်။ Thomas Hobbes, *Leviathan*, ed. C. B. Macpherson (London: Penguin Books, 1985), 186. ဒီဃနိကာယ်၊ ပါထိကဝဂ်၊ အဂ္ဂညသုတ်။

## (ခ) ပုဂ္ဂလိက ပိုင်ဆိုင်မှုနှင့် ပြစ်မှုများ

လူသားများသည် ပျင်းရိလာသဖြင့် သလေးဆန်များကို ကြိုတင်ယူငင်စုဆောင်းလာကြသည်။ ထိုမှတဆင့် "ဒါ ငါ့အကွက်၊ ဒါ မင်းအကွက်" ဟု နယ်မြေပိုင်းခြားသတ်မှတ်ရာမှ "ပုဂ္ဂလိက ပိုင်ဆိုင်မှု[6]" စတင်ပေါ်ပေါက်လာသည်။ ပိုင်ဆိုင်မှုနှင့်အတူ ခိုးမှု[7]၊ စွပ်စွဲမှု[8]၊ လိမ်ညာမှု[9] နှင့် ပြစ်ဒဏ်ပေးမှု[10] စသော လူမှုပြဿနာများ ပေါ်ပေါက်လာပြီး "မင်းမဲ့စရိုက်[11]" အခြေအနေသို့ ရောက်ရှိသွားသည်။

## (ဂ) မဟာသမ္မတ နှင့် လူမှုပဋိညာဉ်

ဤပြဿနာများကို ဖြေရှင်းရန် လူအများသည် အစည်းအဝေးထိုင်ပြီး တညီတညွတ်တည်း ဆုံးဖြတ်ချက်ချကာ လူများအထဲမှ အစွမ်းအစ အရှိဆုံး၊ အသင့်တော်ဆုံး ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်၍ "အကျွန်ုပ်တို့၏ လယ်မြေများကို စောင့်ရှောက်ပေးပါ။ အပြစ်ရှိသူကို အပြစ်ပေးပါ။ ထိုအလုပ်အတွက် အကျွန်ုပ်တို့၏ စပါး (ဝင်ငွေ) ထဲမှ အချို့ကို အခွန်အဖြစ် ပေးပါမည်" ဟု ကတိပြုကြသည်။[12]

---

[6] Private Property
[7] Theft
[8] Accusation
[9] Lying
[10] Punishment
[11] Anarchy
[12] ဒီဃနိကာယ်၊ အဂ္ဂညသုတ်တွင် "မဟာသမ္မတ" ဆိုသည်မှာ ပါဠိစကားလုံး "မဟာ" (ကြီးကျယ်သော/များပြားသော) နှင့် "သမ္မတ" (သဘောတူညီချက်ရသူ) ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ "ဘုရားသခင်က ခန့်အပ်သူ" မဟုတ်ဘဲ "လူအများစု၏ ဆန္ဒမဲ (Consensus) ဖြင့် တင်မြှောက်ခံရသူ" (The Great Elect) ဟု အဓိပ္ပာယ်ရသည်။ ဤကား ကမ္ဘာ့ပထမဆုံး ဒီမိုကရေစီနည်းကျ ခေါင်းဆောင်ရွေးချယ်မှုပုံစံ ဖြစ်သည်။

ထိုရွေးကောက်ခံ ပုဂ္ဂိုလ်ကို “မဟာသမ္မတ (လူအများက သဘောတူ ရွေးချယ်တင်မြှောက်ခံရသူ)” ဟု ခေါ်သည်။ ဤသည်မှာ ခေတ်သစ်နိုင်ငံရေးသိပ္ပံပညာရှင် Jean-Jacques Rousseau တင်ပြသော "လူမှုပဋိညာဉ် သီအိုရီ[13]" ပင် ဖြစ်သည်။

## ၃။ စကြာမင်း နှင့် အုပ်ချုပ်သူ၏ တာဝန်များ

ဗုဒ္ဓဘာသာသည် မင်းကောင်းမင်းမြတ်တို့၏ စံပြအဖြစ် စကြာမင်းအယူအဆကို တင်ပြထားသည်။ စက္ကဝတ္တိသီဟာနာဒသုတ်တွင် စကြာမင်းတို့ လိုက်နာရမည့် ကျင့်ဝတ် (စက္ကဝတ္တိဝတ္တ) များကို ညွှန်ကြားထားသည်။

(က) ဓမ္မဝိဇယ

စကြာမင်းသည် လက်နက် (ဒဏ္ဍ) ဖြင့် တိုင်းပြည်ကို အောင်နိုင်သူ မဟုတ်ဘဲ၊ ဓမ္မ (တရား) ဖြင့် အောင်နိုင်သူ ဖြစ်ရမည်။ တိုင်းသူပြည်သားများကို "ငါးပါးသီလ" လုံခြုံအောင် စောင့်ရှောက်ရမည်။[14]

**(ခ) စကြာမင်း ကျင့်ဝတ်များ**

---

[13] Social Contract Theory

[14] အသောကမင်းကြီး လက်ထက်တွင် ဤ "ဓမ္မဝိဇယ" မူဝါဒကို လက်တွေ့ကျင့်သုံးခဲ့သည်။ ကာလိင်္ဂစစ်ပွဲအပြီးတွင် အသောကမင်းသည် "စစ်လက်နက်ဖြင့် အောင်နိုင်ခြင်း" ကို စွန့်လွှတ်ပြီး "တရားဖြင့် အောင်နိုင်ခြင်း" ကို ပြောင်းလဲကျင့်သုံးခဲ့ကြောင်း သူ၏ ကျောက်စာများ (Rock Edicts) တွင် တွေ့ရသည်။ ဤအချက်သည် စက္ကဝတ္တိသီဟနာဒသုတ်၏ သမိုင်းဆိုင်ရာ သက်သေအထောက်အထား ဖြစ်သည်။ https://www.cs.colostate.edu/~malaiya/ashoka.html

**၁။ ရက္ခာဝရဏဂုတ္တိ -** မိမိ၏ သားမယား၊ ဆွေမျိုး၊ စစ်တပ်၊ မင်းမှုထမ်းများမှစ၍ တောရိုင်းတိရစ္ဆာန်များ (မိဂပက္ခီသု) အထိ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည်။

**၂။ ဓနံ အနုပ္ပဒေယျ -** တိုင်းပြည်အတွင်း ဆင်းရဲသားမရှိအောင် ငွေကြေးထောက်ပံ့ရမည်။

**၃။ ပရိပုစ္ဆေယျ -** တိုင်းပြည်ရှိ ပညာရှိ ရဟန်းပုဏ္ဏားများကို မေးမြန်းတိုင်ပင်၍ တိုင်းပြည်ကို အုပ်ချုပ်ရမည်။

### ၄။ နိုင်ငံတော်၏ စီးပွားရေး စီမံကိန်း

ကူဋဒန္တသုတ်သည် နိုင်ငံတော်၏ စီးပွားရေးစီမံခန့်ခွဲမှုနှင့် မှုခင်းနှိမ်နင်းရေးကို ဆက်စပ်ပြထားသော အလွန်အရေးကြီးသည့် သုတ္တန်တစ်ခုဖြစ်သည်။

### (က) မှုခင်း၏ ဇာစ်မြစ်

ဘုရင် မဟာဝိဇိတသည် တိုင်းပြည်တွင် သူခိုးဓားပြ များပြားသဖြင့် နှိမ်နင်းလိုကြောင်း ပုရောဟိတ်ကို တိုင်ပင်သည်။ ပုရောဟိတ် (ဘုရားလောင်း) က "မင်းကြီး၊ လူတွေကို ဖမ်းဆီးသတ်ဖြတ်ရုံနဲ့ မှုခင်း မကုန်နိုင်ပါ။ သူခိုးသေရင် သူခိုးနောက်လိုက်များ ကျန်နေဦးမည်။ မှုခင်းဖြစ်ရခြင်း၏ အဓိက တရားခံမှာ "ဆင်းရဲမွဲတေမှု(ဒလိဒ္ဒိယ) ကြောင့် ဖြစ်သည်" ဟု အကြံပေးသည်။

### (ခ) စီးပွားရေးဖြင့် ဖြေရှင်းခြင်း

ထို့ကြောင့် ဘုရင်သည် နှိပ်ကွပ်ခြင်းကို ရပ်တန့်ပြီး အောက်ပါ စီးပွားရေး စီမံကိန်းများကို လုပ်ဆောင်ခဲ့သည်။

**၁။** လယ်သမားများကို မျိုးစေ့နှင့် စားနပ်ရိက္ခာ(ဗီဇဘတ္တံ) ထောက်ပံ့သည်။

**၂။** ကုန်သည်များကို အရင်းအနှီး (ပါဘတံ) ထုတ်ပေးသည်။

**၃။** မင်းမှုထမ်းများကို လစာနှင့် ရိက္ခာ (ဘတ္တဝေတနံ) တိုးမြှင့်ပေးသည်။

ဤနည်းဖြင့် လူထုသည် စီးပွားရေး အဆင်ပြေလာသောအခါ ခိုးမှုများ ပျောက်ကွယ်ပြီး တိုင်းပြည် ငြိမ်းချမ်းသွားသည်။ ဤသုတ္တန်သည် "လူမှုဖူလုံရေး နိုင်ငံတော်[15]" အယူအဆကို ရှေးအကျဆုံး ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

## ၅။ ဒီမိုကရေစီ ဆန္ဒအဟုန်နှင့် တရားစီရင်ရေး

***Democratic Impulses and Judicial System*** အမည်ရှိစာတမ်းတွင် ဆရာကြီး P.D. Premasiri က ဗုဒ္ဓဘာသာ၏ ဒီမိုကရေစီ သဘောတရားများကို ဝဇ္ဇီတို့၏ အုပ်ချုပ်ရေးစနစ်မှတဆင့် မီးမောင်းထိုးပြထားသည်။[16]

### (က) သတ္တ အပရိဟာနိယ ဓမ္မ

ဗုဒ္ဓသည် ဝဇ္ဇီမင်းတို့၏ "မဆုတ်ယုတ်ကြောင်း တရား ၇ ပါး" ကို ချီးကျူးခဲ့သည်။ ယင်း ၇ပါးတို့အနက် အရေးကြီးဆုံးမှာ

---

[15] Welfare State

[16] သုမင်္ဂလဝိလာသိနီ၊ P.D. Premasiri ၏ စာတမ်းတွင် ဤအဋ္ဌကထာလာ အချက်အလက်များကို ကိုးကား၍ ဗုဒ္ဓခေတ် တရားစီရင်ရေး၏ ဒီမိုကရေစီသဘောကို ထောက်ပြထားသည်။

၁။ မကြာခဏ စည်းဝေးခြင်း[17]။

၂။ အစည်းအဝေးကို ညီညွတ်စွာ တက်ရောက်ခြင်း၊ ညီညွတ်စွာ ဆုံးဖြတ်ခြင်း၊ ညီညွတ်စွာ ပြန်ကြခြင်း[18]။

၃။ ဥပဒေပြဋ္ဌာန်းထားသည်များကို လေးစားလိုက်နာခြင်း[19] တို့ ဖြစ်သည်။

ဤအချက်များသည် ခေတ်သစ် ပါလီမန်ဒီမိုကရေစီ[20] ၏ အခြေခံအုတ်မြစ်များ ဖြစ်သည်။

**(ခ) ဝဇ္ဇီတို့၏ တရားစီရင်ရေး စနစ်**

ဆရာကြီး P.D. Premasiri ထောက်ပြသော အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်မှာ ဝဇ္ဇီတို့၏ အဆင့်ဆင့် တရားစီရင်ရေး စနစ်ဖြစ်သည်။ တရားခံတစ်ဦးကို အပြစ်ပေးရန်အတွက် အောက်ပါ အဖွဲ့အစည်း (၈) ခုကို ဖြတ်ကျော်ရသည်။[21]

**၁။ ဝိနိစ္ဆယမဟာမတ္တာ** - တရားသူကြီးများက စစ်ဆေးသည်။ အပြစ်မရှိရင် လွှတ်ပေးသည်။ ရှိရင် အထက်ကို ပို့သည်။

**၂။ ဝေါဟာရိကာ** - ဥပဒေပညာရှင်များ။

[17] Frequent Meetings
[18] Concord
[19] Rule of Law
[20] Parliamentary Democracy
[21] အလွန်အရေးကြီးသော အချက်မှာ ဤ "အဆင့် (၈) ဆင့်ပါသော တရားစီရင်ရေးစနစ်" သည် ပါဠိတော်မူရင်းတွင် မပါရှိဘဲ၊ အရှင်မဟာဗုဒ္ဓဃောသပြုစုသော ဒီဃနိကာယ် အဋ္ဌကထာ (သုမင်္ဂလဝိလာသိနီ) တွင်သာ ပါရှိသည်။ သမိုင်းပညာရှင်များက ဤစနစ်သည် ဗုဒ္ဓခေတ်က အမှန်တကယ်ရှိခဲ့သော စနစ်တစ်ခုကို အဋ္ဌကထာဆရာက မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ကြသည်။ Study on Vajji Judicial System by G.P. Malalasekera: Dictionary of Pali Proper Names - Licchavi

**၃။ သုတ္တဓရာ -** ဓမ္မသတ်ကျွမ်းကျင်သူများ။

**၄။ အဋ္ဌကုလိကာ -** မျိုးနွယ်စုကိုယ်စားလှယ် (၈) ဦးပါသော ဂျူရီအဖွဲ့ (Jury)။

**၅။ သေနာပတိ -** စစ်သေနာပတိ။

**၆။ ဥပရာဇ -** အိမ်ရှေ့မင်း။

**၇။ ရာဇ -** ဘုရင်။

အကယ်၍ အဆင့်တစ်ခုခုတွင် အပြစ်မရှိကြောင်း တွေ့ရှိပါက ချက်ချင်း လွှတ်ပေးသည်။ ဘုရင်အထိ ရောက်မှသာ "ပဝေဏီပေါတ္ထက[22]" ခေါ် ဓမ္မသတ်ကျမ်းနှင့် တိုက်ဆိုင်ပြီး ပြစ်ဒဏ်ချမှတ်သည်။ ဤစနစ်သည် အပြစ်မဲ့ပြည်သူတစ်ဦးကို မှားယွင်းအပြစ်မပေးမိစေရန် အထူးစီမံထားသော ဒီမိုကရေစီနည်းကျ တရားစီရင်ရေး ဖြစ်သည်။

## ၆။ ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ အမြင်

ဗုဒ္ဓဘာသာ နိုင်ငံရေးသီအိုရီတွင် ပြစ်ဒဏ်ပေးခြင်းသည် "လက်တုံ့ပြန်ခြင်း/ကလဲ့စားချေခြင်း[23]" မဖြစ်ရဘဲ၊ "ပြုပြင်ပြောင်းလဲပေးခြင်း[24]" သာ ဖြစ်ရမည်။[25] စက္ကဝတ္တိသီဟနာဒသုတ်တွင် ဘုရင်တစ်ပါးသည် သူခိုးကို ဖမ်းမိသောအခါ

---

[22] Precedents Book

[23] Retributive

[24] Reformative

[25] Retributive Justice ဟူသည် "မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး" ဟူသော လက်တုံ့ပြန်သည့် စနစ်။ Reformative Justice ဟူသည် ပြစ်မှုကျူးလွန်သူကို ပြုပြင်ပြောင်းလဲပေးပြီး လူကောင်းအဖြစ် လူ့ဘောင်သို့ ပြန်လည်ပို့ဆောင်ပေးသည့် စနစ် (ဥပမာ - အင်္ဂုလိမာလကို ဗုဒ္ဓက တရားဖြင့် ယဉ်ကျေးစေခြင်း)။ ဗုဒ္ဓဝါဒသည် Reformative ကို ဦးစားပေးသော်လည်း၊ တိုင်းပြည်အုပ်ချုပ်ရာတွင် ဥပဒေစိုးမိုးရေးအတွက် ထိရောက်သော

အပြစ်မပေးဘဲ ငွေထုတ်ပေးလိုက်သည်။ (ဆိုလိုသည်မှာ ဆင်းရဲလို့ ခိုးရခြင်းဖြစ်၍ အရင်းအနှီးပေးလိုက်ခြင်း ဖြစ်သည်) ။ သို့သော် နောက်ပိုင်းတွင် လူတို့က "ခိုးရင် ငွေရမယ်" ဟု ထင်ပြီး လိုက်ခိုးကြသောအခါ ဘုရင်က ခေါင်းဖြတ်သတ်လိုက်သည်။ ထိုအခါ သူခိုးများကလည်း လက်နက်ကိုင်ပြီး ပြန်သတ်ကြသဖြင့် နိုင်ငံပျက်စီးသွားသည်။ ဤဇာတ်လမ်းက "အစွန်းရောက် ကရုဏာ[26]" လည်း မကောင်း၊ "အစွန်းရောက် ရက်စက်မှု[27]" လည်း မကောင်းဘဲ၊ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို မျှတအောင် လုပ်ဆောင်ရမည်ဟု သင်ခန်းစာပေးထားသည်။

## ၇။ လေ့လာခြင်း၏ အနှစ်သာရ

ဤပို့ချချက်ကို လေ့လာခြင်းအားဖြင့် **(၁)** ဗုဒ္ဓဘာသာသည် ဘုရင်စနစ်ကို "ဘုရားသခင်၏ ဖန်ဆင်းမှု" ဟု ယူဆသော ရှေးရိုးအယူအဆကို ပယ်ချပြီး၊ "လူအများ၏ သဘောတူညီချက်" ဖြင့် တင်မြှောက်သော ဒီမိုကရေစီဆန်သည့် အယူအဆကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် စတင်မိတ်ဆက်ခဲ့ကြောင်း နားလည်စေသည်။ နိုင်ငံတော်၏ အာဏာသည် ပြည်သူထံမှ ဆင်းသက်ကြောင်း သိမြင်စေသည် ။ **(၂)** ရာဇဝတ်မှုများကို နှိမ်နင်းရာတွင် ရက်စက်စွာ အပြစ်ပေးခြင်း သက်သက်ဖြင့် မအောင်မြင်နိုင်ဘဲ၊ ဆင်းရဲမွဲတေမှုကို ဖြေရှင်းပေးမည့် စီးပွားရေးစီမံကိန်းများဖြင့်သာ ဖြေရှင်းနိုင်ကြောင်း ကူဋဒန္တသုတ်မှတဆင့် သိရှိရသည် ။ ဤအချက်သည် ခေတ်သစ် "လူမှုဖူလုံရေး နိုင်ငံတော်" တည်ဆောက်ရေးအတွက် အရေးပါသော သင်ခန်းစာဖြစ်သည်။ **(၃)** ဝဇ္ဇီတို့၏ (၈) ဆင့်သွား

---

အရေးယူမှု (Deterrence) လည်း လိုအပ်ကြောင်း စက္ကဝတ္တိသီဟနာဒသုတ်က သတိပေးထားသည်။ Gunapala Dharmasiri, *Fundamentals of Buddhist Ethics* (Singapore: Buddhist Research Society, 1986), 196–198.

[26] Leniency

[27] Harshness

တရားစီရင်ရေးစနစ်ကို လေ့လာခြင်းဖြင့် ဗုဒ္ဓခေတ် အိန္ဒိယလူ့အဖွဲ့အစည်းတွင် အပြစ်မဲ့ပြည်သူတစ်ဦးကို မှားယွင်းအပြစ်ပေးခြင်းမှ ကာကွယ်ရန် လူ့အခွင့်အရေးကို မည်မျှအလေးထားခဲ့ကြောင်း သက်သေပြနေသည် ။ ဥပဒေစိုးမိုးရေးသည် ဒီမိုကရေစီ၏ အသက်ဖြစ်ကြောင်း နားလည်စေသည် ။ **(၄)** တိုင်းပြည်အုပ်ချုပ်ခြင်းသည် အာဏာစက်သက်သက် မဟုတ်ဘဲ၊ မေတ္တာနှင့် ကိုယ်ကျင့်တရား ပေါင်းစပ်ထားသော "ဓမ္မဝိဇယ" လမ်းစဉ်ဖြစ်မှသာ တိုင်းပြည်ငြိမ်းချမ်းသာယာမည်ဖြစ်ကြောင်း စကြာမင်းကျင့်ဝတ်များက မီးမောင်းထိုးပြနေသည် ။

## ၇။ နိဂုံး

နိဂုံးချုပ်အားဖြင့် ဗုဒ္ဓဘာသာ၏ နိုင်ငံရေးဒဿနသည် "ဘုရားသခင် ပေးသောအာဏာ" ကို ပယ်ချပြီး၊ "ပြည်သူလူထု၏ သဘောတူညီချက် (မဟာသမ္မတ)" ကို အခြေခံသော ဒီမိုကရေစီစနစ်ကို အားပေးသည်။ နိုင်ငံတော်၏ အဓိကတာဝန်သည် အခွန်ကောက်ရန် သက်သက်မဟုတ်ဘဲ၊ တိုင်းပြည်၏ စီးပွားရေးကို မြှင့်တင်ပေးရန်၊ တရားဥပဒေစိုးမိုးရေးကို တည်ဆောက်ရန် နှင့် ပြည်သူတို့၏ အကျင့်စာရိတ္တကို မြှင့်တင်ပေးရန်[28] ဖြစ်ကြောင်း ကူဋဒန္တနှင့် စက္ကဝတ္တိသုတ္တန်များက သက်သေပြနေပါသည်။ ဝဇ္ဇီတို့၏ တရားစီရင်ရေးစနစ်သည် ယနေ့ခေတ် လူ့အခွင့်အရေးနှင့် တရားမျှတမှု စံနှုန်းများနှင့် ကိုက်ညီနေသည်မှာ အံ့သြဖွယ်ရာပင် ဖြစ်သည်။

**ညှိပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့**

[28] Moral Promotion

ဤစာအုပ်တို့သည် ဗုဒ္ဓဘာသာ နိုင်ငံရေးအတွေးအခေါ် (Buddhist Political Thought) အတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

၁။ Abeynayake, Oliver. (1995). Fundamentals of Buddhist Polity.

ဆရာကြီး Oliver Abeynayake သည် ဤစာအုပ်တွင် ဗုဒ္ဓစာပေလာ နိုင်ငံရေးအယူအဆများကို အခန်းလိုက် ခွဲခြားတင်ပြထားသည်။ အထူးသဖြင့် နိုင်ငံတော်ဖြစ်ပေါ်လာပုံ၊ ဘုရင်၏ အရည်အချင်းများနှင့် နိုင်ငံခြားရေးဝါဒများကို ပိဋကတ်တော်လာ မူရင်းအထောက်အထားများဖြင့် သုတေသနပြုထားသဖြင့် ကျောင်းသားများအတွက် အဓိက လက်စွဲစာအုပ်ဖြစ်သည်။

၂။ Gokhale, B.G. (1966). "Early Buddhist Kingship". The Journal of Asian Studies.

စကြာမင်း (စက္ကဝတ္တိ) အယူအဆနှင့် ဓမ္မဝိဇယ သဘောတရားများကို သမိုင်းပညာရှင်တစ်ဦး၏ အမြင်ဖြင့် သုံးသပ်ထားသော စာတမ်းဖြစ်သည်။

၃။ Premasiri, P.D. (2000). "Democratic Impulses in Religion: A Buddhist Perspective". Dialogue.

ဤပို့ချချက်တွင် အဓိက ကိုးကားထားသော စာတမ်းဖြစ်သည်။ ဗုဒ္ဓဘာသာသည် Metaphysical သက်သက်မဟုတ်ဘဲ၊ လူ့အဖွဲ့အစည်း၏ တရားမျှတမှုနှင့် လူ့အခွင့်အရေးကို ကာကွယ်ပေးသော ဒီမိုကရေစီ အခြေခံအုတ်မြစ်များ ရှိကြောင်း ဝဇ္ဇီတို့၏ တရားစီရင်ရေးစနစ်ကို ဥပမာပေး၍ ရှင်းပြထားသည်။

၄။ Swaris, Nalin. (1999). The Buddha's Way to Human Liberation: A Socio-historical Approach.

ဗုဒ္ဓ၏ နိုင်ငံရေးဝါဒသည် ဗြာဟ္မဏတို့၏ ဇာတ်စနစ်နှင့် အာဏာရှင်စနစ်ကို တော်လှန်သော "လွတ်မြောက်ရေး လှုပ်ရှားမှု" ဖြစ်ပုံကို လူမှုသမိုင်း ရှုထောင့်မှ တင်ပြထားသည်။

၅။ Dissanayake, P. (1977). Political Thoughts of the Buddha.

ဗုဒ္ဓဟောကြားခဲ့သော နိုင်ငံရေးဆိုင်ရာ သုတ္တန်များကို စုစည်းပြီး ခေတ်သစ်နိုင်ငံရေး သိပ္ပံသဘောတရားများနှင့် နှိုင်းယှဉ်လေ့လာထားသည်။

## ပို့ချစဉ် (၅) - Social Significance of Buddhist Path

### ၁။ နိဒါန်း

ဗုဒ္ဓဘာသာကို လေ့လာသော အနောက်တိုင်း ပညာရှင်အချို့ အထူးသဖြင့် ဂျာမန်လူမှုဗေဒပညာရှင် Max Weber (1864-1920) ကဲ့သို့သော ပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာကို "လူမှုရေးကို စိတ်မဝင်စားသော ဝါဒ[1]"သို့မဟုတ် "လောကထွက်ပြေးဝါဒ"[2] အဖြစ် မှားယွင်းစွာ ကောက်ချက်ချခဲ့ကြသည်။ သူတို့၏ အမြင်တွင် မဂ္ဂင်ရှစ်ပါးသည် တောထွက်ပြီး တရားအားထုတ်သူများအတွက်သာ ရည်ရွယ်သည်ဟု ယူဆကြသည်။ သူတို့က ဗုဒ္ဓဘာသာသည် လူ့အဖွဲ့အစည်းကို တိုးတက်အောင် လုပ်ဆောင်ခြင်းထက်၊ လူ့အဖွဲ့အစည်းမှ ထွက်ခွာသွားခြင်းကိုသာ အားပေးသည်ဟု ဝေဖန်ကြသည်။

---

[1] Asocial Religion

[2] Max Weber သည် သူ၏ ကျော်ကြားသော စာအုပ် *"The Religion of India (1967)"* တွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆိုထားသည်။ 'Buddhism is asocial, anti-political, and other-worldly religion'. ‚It is a specifically un-political and anti-political status religion. Buddhism had no sort of tie with any sort of ‚social‛ movement, nor did it run parallel with such and it has established no 'social-political goal' (Weber, 1967:206-226).

.

သို့သော် ပိဋကတ်တော်လာ မူရင်းသုတ္တန်များ၊ အထူးသဖြင့် မဇ္ဈိမနိကာယ်လာ မဟာစတ္တာရီသကသုတ်နှင့် သံယုတ္တနိကာယ်လာ ပဌမသရဏာနိသက္ကသုတ်တို့ကို စနစ်တကျ လေ့လာကြည့်ပါက၊ ဗုဒ္ဓ၏ လမ်းစဉ်သည် တစ်ကိုယ်ရေ စိတ်သန့်စင်မှုကို ဦးတည်သည်မှာ မှန်သော်လည်း၊ ထိုမှတဆင့် လူမှုဆက်ဆံရေးများကို ငြိမ်းချမ်းစေသော လက်တွေ့ကျသည့် လူမှုဒဿနတစ်ခု ဖြစ်ကြောင်း တွေ့ရှိရသည်။ ဤပို့ချချက်သည် မဂ္ဂင်ရှစ်ပါး၏ လောကီအဆင့် အသုံးချမှုများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ နှင့် လူမှုရေးပါဝင်နိုင်မှု[3]တို့ကို ဆွေးနွေးတင်ပြထားသည်။

## ၂။ လမ်းစဉ်နှစ်သွယ် - လောကီနှင့် လောကုတ္တရာ

မဟာစတ္တာရီသကသုတ်သည် မဂ္ဂင်ရှစ်ပါးကို လူမှုရေးရှုထောင့်မှ နားလည်ရန် အရေးအပါဆုံး သုတ္တန်ဖြစ်သည်။ ဤသုတ္တန်တွင် ဗုဒ္ဓက မဂ္ဂင်အင်္ဂါရပ်များကို (၂) မျိုး ခွဲခြားပြထားသည်ကို တွေ့ရသည်။[4]

### (က) သာသဝ (လောကီလမ်းစဉ်)

ဤအဆင့်သည် "အာသဝေါတရားများနှင့် တကွဖြစ်သော၊ ကုသိုလ်အဖို့ရှိသော (ပုညဘာဂိယ)၊ ဘဝသံသရာ၌ အကျိုးပေးတတ်သော (ဥပဓိဝေပက္က)" အဆင့်ဖြစ်သည်။ ယင်းသည် လူဝတ်ကြောင်များအတွက် အဓိက ရည်ရွယ်ပြီး၊ ကောင်းမွန်သော

---

[3] Social Inclusivity

[4] ဤသုတ္တန်ကို အဘယ့်ကြောင့် "မဟာစတ္တာရီသက (ကြီးကျယ်သော ၄၀)" ဟု ခေါ်သနည်းဆိုလျှင် မဂ္ဂင်တစ်ပါးစီ၌ (၁) မိစ္ဆာ၊ (၂) လောကီသမ္မာ၊ (၃) လောကုတ္တရာသမ္မာ ဟူ၍ ခွဲခြားပြပြီး၊ စုစုပေါင်း အချက် (၄၀) ပါဝင်သောကြောင့် ဖြစ်သည်။ ဤသုတ္တန်သည် သမ္မာဒိဋ္ဌိသည် ကျန်မဂ္ဂင်အားလုံး၏ ရှေ့ဆောင် (Forerunner) ဖြစ်ကြောင်း အလေးပေးထားသည်။ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ မဟာစတ္တာရီသကသုတ်။

လူ့အဖွဲ့အစည်း တည်ဆောက်ရေးအတွက် အခြေခံဖြစ်သည်။ **ဥပမာ -** သမ္မာဒိဋ္ဌိတွင် "ပေးလှူခြင်းသည် အကျိုးရှိ၏၊ မိဘကျေးဇူး ရှိ၏၊ ကံ ကံ၏ အကျိုး ရှိ၏" ဟု ယုံကြည်ခြင်းသည် လောကီသမ္မာဒိဋ္ဌိ ဖြစ်သည်။ ဤယုံကြည်ချက်သည် လူတစ်ဦးအား ကိုယ်ကျင့်တရား ကောင်းမွန်စေပြီး လူမှုအကျိုးပြု လုပ်ငန်းများ လုပ်ဆောင်ရန် တွန်းအားပေးသည်။

**(ခ) အနာသဝ (လောကုတ္တရာလမ်းစဉ်)**

ဤအဆင့်သည် "အာသဝေါတရား ကင်းသော၊ လောကမှ လွန်မြောက်သော (လောကုတ္တရ)" အရိယာအဆင့် ဖြစ်သည်။ ယင်းသည် နိဗ္ဗာန်ရောက်ရေးအတွက် သက်သက်ဖြစ်သည်။ **ဥပမာ -** သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော ပညာ၊ ကိလေသာကို ပယ်သတ်သော မဂ်ပညာ။

ဗုဒ္ဓသည် "သာသဝ" အဆင့်ကို ဟောကြားခြင်းအားဖြင့် လူသားတို့၏ နေ့စဉ်ဘဝကို လစ်လျူမရှုကြောင်း သက်သေပြနေသည်။ လူတစ်ယောက်သည် အရိယာမဖြစ်မီ ကောင်းမွန်သော နိုင်ငံသားတစ်ယောက် ဖြစ်ရန် လိုအပ်ကြောင်း ဤသုတ္တန်က မီးမောင်းထိုးပြထားသည်။

**၃။ မဂ္ဂင်ရှစ်ပါး၏ လူမှုရေး အသုံးချမှု**

မဂ္ဂင်ရှစ်ပါးကို သီလ၊ သမာဓိ၊ ပညာ ဟူ၍ အုပ်စုဖွဲ့နိုင်သကဲ့သို့ လူမှုရေးရှုထောင့်မှလည်း အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာနိုင်သည်။

**(က) သမ္မာဒိဋ္ဌိ - လူမှုအမြင်မှန်**

မဟာစတ္တာရီသကသုတ်တွင် "သမ္မာဒိဋ္ဌိသည် ရှေ့သွားခေါင်းဆောင် (ပုဗ္ဗင်္ဂမ) ဟောကြားထားသည်။ လူတစ်ဦးသည် "ကံ၊ ကံ၏ အကျိုး" (ကမ္မဿကတာ သမ္မာဒိဋ္ဌိ) ကို ယုံကြည်မှသာ မိမိပြုလိုက်သော မကောင်းမှုသည် သူတစ်ပါးကို ထိခိုက်စေရုံသာမက မိမိကိုပါ ဒုက္ခပေးနိုင်ကြောင်း နားလည်မည်။

ဤအသိတရားသည် ကိုယ်ကျင့်တရား၏ အုတ်မြစ်ဖြစ်သည်။ သမ္မာဒိဋ္ဌိ ရှိသူသည် လူမှုရေး တာဝန်ဝတ္တရားများကို ကျေပွန်သူ ဖြစ်လာသည်။

**(ခ) သီလမဂ္ဂင်များ - လူမှုငြိမ်းချမ်းရေး**

**၁။ သမ္မာဝါစာ** သည် လိမ်ညာခြင်း (မုသာဝါဒ) သက်သက်ကို ရှောင်ခြင်းမဟုတ်ပါ။ "ကုန်းတိုက်ခြင်း (ပိသုဏဝါစာ)" ကို ရှောင်ခြင်းသည် လူအများ ညီညွတ်ရေးကို တည်ဆောက်ပေးသည်။ "ကြမ်းတမ်းသော စကား (ဖရုသာဝါစာ)" ကို ရှောင်ခြင်းသည် အကြမ်းမဖက်ရေးကို အားပေးသည်။

**၂။ သမ္မာကမ္မန္တ** အရ သူတစ်ပါး အသက်မသတ်ခြင်း၊ မခိုးခြင်း၊ ကာမဂုဏ် မဖောက်ပြန်ခြင်းတို့သည် လူ့အခွင့်အရေး အထူးသဖြင့် အသက်ရှင်သန်ခွင့်နှင့် ပိုင်ဆိုင်ခွင့်တို့ကို လေးစားလိုက်နာခြင်းပင် ဖြစ်သည်။

**၃။ သမ္မာအာဇီဝ** သည် စီးပွားရေးကျင့်ဝတ်ဖြစ်သည်။ လက်နက်၊ လူကုန်ကူးမှု၊ အဆိပ်၊ မူးယစ်ဆေး စသည့် ရောင်းဝယ်မှု (၅) မျိုးကို ရှောင်ကြဉ်ခြင်းသည် လူ့အဖွဲ့အစည်းကို ဘေးကင်းလုံခြုံစေသည်။

**၄။ မှားယွင်းသော အသက်မွေးမှုနှင့် စီးပွားရေး လှည့်ကွက်များ**

ဤပို့ချချက်တွင် မဟာစတ္တာရီသကသုတ်ကို ကိုးကား၍ ရဟန်းတော်များ (နှင့် လူဝတ်ကြောင်များ) ရှောင်ကြဉ်ရမည့် "မှားယွင်းသော စီးပွားရှာနည်း" (၅) မျိုးကို အသေးစိတ် ဖော်ပြထားသည်။[5] ဤအချက်များသည် ခေတ်သစ် စီးပွားရေးလောကနှင့် အလွန်ဆက်စပ်မှု ရှိသည်။

**၁။ ကုဟန -** ဟန်ဆောင်လှည့်ဖြားခြင်းဟူသည် အရည်အသွေး မမီသော ပစ္စည်းကို ကောင်းသယောင် ထုပ်ပိုးရောင်းချခြင်း၊ ဘာသာရေးကို ခုတုံးလုပ်၍ စီးပွားရှာခြင်းဟု နားလည်နိုင်သည်။

**၂။ လပန -** လာဘ်လိုချင်၍ မြှောက်ပင့်ပြောဆိုခြင်းဟူသည် ကြော်ငြာလုပ်ငန်းတွင် သုံးစွဲသူကို ဆွဲဆောင်ရန် အပိုပြောခြင်း၊ Sales Talk များဖြင့် ဖြားယောင်းခြင်းဟု နားလည်နိုင်သည်။

**၃။ နေမိတ္တကတာ -** နိမိတ်ပြ၍ တောင်းခံခြင်းဟူသည် သွယ်ဝိုက်သောနည်းဖြင့် လာဘ်ထိုးရန် အရိပ်အမြွက်ပြခြင်းဟု နားလည်နိုင်သည်။

**၄။ နိပ္ပေသိကတာ -** သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချ၍ မိမိကောင်းကြောင်းပြောကာ စီးပွားရှာခြင်းဟူသည် ပြိုင်ဘက်ကုမ္ပဏီကို တိုက်ခိုက်ခြင်း၊ သူတစ်ပါး ဂုဏ်သိက္ခာချ၍ နေရာယူခြင်းဟု နားလည်နိုင်သည်။

[5] လူဝတ်ကြောင်များ ရှောင်ကြဉ်ရမည့် ကုန်သွယ်မှု (၅) မျိုး (လက်နက်၊ လူ၊ အသား၊ အရက်၊ အဆိပ်) ကို သီးသန့်ဟောကြားထားသော သုတ္တန်မှာ "ဝါဏိဇ္ဇသုတ်" ဖြစ်သည်။ သမ္မာအာဇီဝကို ကျင့်သုံးရာတွင် ဤသုတ္တန်သည် အခြေခံအကျဆုံးဖြစ်သည်။

**၅။ လာဘေန လာဘံ နိဇိဂိသနတာ -** အမြတ်ကြီးစားခြင်း၊ အတိုးကြီးစားခြင်း သို့မဟုတ် ရရှိပြီးသော လာဘ်ဖြင့် နောက်ထပ် လာဘ်ကို မျှားယူခြင်းဟူသည် စျေးကစားခြင်း[6]၊ လောင်းကစားခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းဟု နားလည်နိုင်သည်။[7]

ဤအချက်များကို ရှောင်ကြဉ်ခြင်းသည် ဗုဒ္ဓဘာသာ၏ "သမ္မာအာဇီဝ" ဖြစ်ပြီး၊ မျှတသော စီးပွားရေးစနစ်[8] ကို ဖြစ်ပေါ်စေသည်။

## ၅။ ပဥ္စမသရဏာနိသက္ကသုတ်နှင့် လူမှုတန်းတူညီမျှမှု

ဗုဒ္ဓလမ်းစဉ်သည် အထက်တန်းစားများ၊ ရဟန်းများ သို့မဟုတ် တင်းကျပ်သော သီလရှင်များအတွက်သာ မဟုတ်ကြောင်း ပဥ္စမသရဏာနိသက္ကသုတ်က သက်သေပြနေသည်။

### (က) သရဏာနိမင်းသားဖြစ်စဉ်

သာကီဝင်မင်းသား "သရဏာနိ" သည် အရက်သေစာ သောက်စားသူ၊ သိက္ခာပုဒ် မလုံခြုံသူ တစ်ဦးဖြစ်သည်။ သို့သော် သူသေဆုံးသောအခါ "သောတာပန်" (အပါယ်တံခါးပိတ်ပြီးသူ) ဖြစ်သွားကြောင်း ဗုဒ္ဓက ဗျာဒိတ်ပေးသည်။ လူအများက "အရက်သမားတောင် သောတာပန်ဖြစ်ရင် ဘယ်သူမဆို ဖြစ်နိုင်တာပေါ့" ဟု ကဲ့ရဲ့ကြသည်။

---

[6] Speculation

[7] ဤ၌ ဖော်ပြထားသော ကုဟန၊ လပန စသည့် (၅) မျိုးကို မဟာစတ္တာရီသကသုတ်တွင် အမည်မျှသာ ဖော်ပြထားသော်လည်း၊ ယင်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အပြည့်အစုံကို ဝိသုဒ္ဓိမဂ်၏ သီလခန်းတွင် အသေးစိတ် တွေ့ရှိရသည်။ ဤအချက်များသည် ခေတ်သစ် စီးပွားရေးကျင့်ဝတ် (Business Ethics) နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။

[8] Fair Trade

**(ခ) ဗုဒ္ဓ၏ ဖြေရှင်းချက်**

ဗုဒ္ဓက မဟာနာမမင်းကြီးအား လူတို့၏ ဣန္ဒြေ[9] ကွဲပြားပုံကို ရှင်းပြသည်။ နိဗ္ဗာန်သို့ သွားရာတွင် လမ်းကြောင်း (၂) သွယ် ရှိသည်။ ယင်းတို့မှာ

**၁။ ဓမ္မာနုသာရီ -** ပညာ[10] ကို အဓိကထားသူ။

**၂။ သဒ္ဓါနုသာရီ -** သဒ္ဓါတရား[11] ကို အဓိကထားသူ။

သရဏာနိသည် သီလမပြည့်စုံသော်လည်း၊ ဘုရားရှင်အပေါ် မတုန်လှုပ်သော သဒ္ဓါတရား ရှိခဲ့သောကြောင့် သေခါနီးတွင် တရားထူးရခဲ့ခြင်း ဖြစ်သည်။[12]

**(ဂ) လူမှုဗေဒ သုံးသပ်ချက်**

ဤသုတ္တန်သည် ဗုဒ္ဓလမ်းစဉ်၏ "အားလုံးပါဝင်နိုင်မှု" ကို ပြသနေသည်။ လူ့ဘောင်မှ ပစ်ပယ်ခံရသူ[13] သို့မဟုတ် အကျင့်စာရိတ္တ အားနည်းသူဖြစ်စေ၊ ပြုပြင်ပြောင်းလဲခွင့် ရှိသည်။ နိဗ္ဗာန်သည် "သီလစင်ကြယ်သူများ" အတွက်သာ မဟုတ်၊ သာမန်လူသားများ အတွက်လည်း တံခါးဖွင့်ထားသည်။ ဤသည်မှာ စိတ်ပိုင်းဆိုင်ရာပေါက်မြောက်မှု ဒီမိုကရေစီ ဖြစ်သည်။

**၆။ မဂ္ဂင် ၁၀ ပါး**

---

[9] Faculties

[10] Wisdom

[11] Faith

[12] သရဏာနိမင်းသား သောတာပန်ဖြစ်ရခြင်းမှာ သူသည် သီလအားနည်းသော်လည်း "သဒ္ဓါနုသာရီ" ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဖြစ်သည်။ ဗုဒ္ဓဝါဒတွင် ဉာဏ်ပညာကို ဦးစားပေးသူ နှင့် ယုံကြည်မှုကို ဦးစားပေးသူ ဟူ၍ နှစ်မျိုးရှိရာ၊ ယုံကြည်မှုကို ဦးစားပေးသူသည် ဘုရား၊ တရား၊ သံဃာအပေါ် မတုန်လှုပ်သော ယုံကြည်ချက်ဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်။ ယင်းသည် Protestant ဘာသာရေး၏ "Sola Fide" (Faith alone) အယူအဆနှင့် ခပ်ဆင်ဆင်တူသော်လည်း၊ ဗုဒ္ဓဝါဒတွင် ပညာပါမှသာ ပြည့်စုံမှုရသည်။

[13] Social Outcast

သာမန်အားဖြင့် မဂ္ဂင် (၈) ပါးဟု သိထားကြသော်လည်း၊ မဟာစတ္တာရီသကသုတ်တွင် ရဟန္တာအဆင့် (အသေက္ခ)[14] သို့ ရောက်ရန် နောက်ထပ် (၂) ပါး ထပ်ဖြည့်ထားသည်။ ယင်းတို့မှာ

**၁။ သမ္မာဉာဏ** - သမ္မာဉာဏ် (အမှန်ကို သိမြင်ခြင်း)။

**၂။ သမ္မာဝိမုတ္တိ** - သမ္မာဝိမုတ္တိ (ကိလေသာမှ လွတ်မြောက်ခြင်း)။

ဆိုလိုသည်မှာ မဂ္ဂင် ၈ ပါးသည် "ကျင့်စဉ်[15]" ဖြစ်ပြီး၊ နောက်ဆုံး ၂ ပါးသည် "ရလဒ်" ဖြစ်သည်။ ဤ ၁၀ ပါး ပြည့်စုံမှသာ ပြီးပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်လာမည်။ လူမှုရေးအရ ကြည့်လျှင် ဤပုဂ္ဂိုလ်သည် လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ကင်းဆုံးနှင့် အကျိုးအပြုဆုံး ပုဂ္ဂိုလ်ဖြစ်သည်။

## ၇။ လေ့လာခြင်း၏ အနှစ်သာရ

ဤပို့ချချက်ကို လေ့လာခြင်းအားဖြင့် **(၁)** ဗုဒ္ဓဘာသာသည် "လောကထွက်ပြေးဝါဒ" မဟုတ်ဘဲ၊ လောကီလူမှုဘဝကို တိုးတက်အောင် လုပ်ဆောင်ပေးသော "လက်တွေ့ကျင့်ဝတ်ဝါဒ[16]" ဖြစ်ကြောင်း Max Weber ၏ အယူအဆကို ချေပနိုင်သည်။ **(၂)** စီးပွားရေးရှာဖွေရာတွင် "သမ္မာအာဇီဝ" ကျင့်ဝတ်လိုက်နာခြင်းသည် စီးပွားရေးနှင့် ဘာသာရေးကို သီးခြားခွဲထုတ်၍ မရကြောင်း သိမြင်စေသည်။ **(၃)**

---

[14] "အသေက္ခ" ဆိုသည်မှာ ကျင့်စရာလမ်းဆုံးသွားသူ (ရဟန္တာ) ကို ဆိုလိုသည်။ သာမန် ပုထုဇဉ်များနှင့် ကျင့်ကြံဆဲ အရိယာ (သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်) များကို "သေက္ခ (Trainee)" ဟု ခေါ်သည်။ မဂ္ဂင် (၈) ပါးသည် "သေက္ခ" များအတွက်ဖြစ်ပြီး၊ ရဟန္တာဖြစ်သွားသောအခါ သမ္မာဉာဏနှင့် သမ္မာဝိမုတ္တိ ပေါင်းစပ်ကာ မဂ္ဂင် (၁၀) ပါး ပြည့်စုံသွားသည်။

[15] Training/Process

[16] Ethical Pragmatism

ပဋ္ဌမသရဏာနိသက္ကသုတ်ကို လေ့လာခြင်းအားဖြင့် မည်သူမဆို (အရက်သမားပင်ဖြစ်စေ) ပြုပြင်ပြောင်းလဲခွင့်နှင့် လွတ်မြောက်ခွင့် ရှိသည်ဟူသော မျှော်လင့်ချက်ကို ပေးစွမ်းနိုင်သည်။ **(၄)** ခေတ်သစ်စီးပွားရေးနှင့် နိုင်ငံရေးလောကတွင် ပျောက်ဆုံးနေသော "ကိုယ်ကျင့်တရား" ကို မဂ္ဂင်လမ်းစဉ်အားဖြင့် ပြန်လည်ဖြည့်ဆည်းပေးနိုင်သည်။

## ၈။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓ၏ မဂ္ဂင်လမ်းစဉ်သည် လူတစ်ဦးချင်းစီ၏ စိတ်ကို ပြုပြင်ခြင်း[17]မှ စတင်သော်လည်း၊ ယင်း၏ အဆုံးသတ် ရလဒ်မှာ လူမှုပြုပြင်ပြောင်းလဲရေး[18] ပင်ဖြစ်သည်။ သမ္မာဒိဋ္ဌိ ရှိသော၊ သမ္မာအာဇီဝဖြင့် အသက်မွေးသော၊ သမ္မာဝါစာဖြင့် ပြောဆိုသော နိုင်ငံသားများ များပြားလာပါက ထိုနိုင်ငံသည် အလိုအလျောက် ငြိမ်းချမ်းသာယာသော နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သွားရာ လမ်းကြောင်းသာမက၊ ကမ္ဘာကြီးကို ငြိမ်းချမ်းအောင် တည်ဆောက်ပေးသော "လူမှုသဟဇာတ လမ်းစဉ်[19]" ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် ဗုဒ္ဓဘာသာ ကျင့်ဝတ်နှင့် လူမှုအသုံးချမှု (Buddhist Ethics and Social Application) အတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

၁။ Bhikkhu Bodhi. (1984). The Noble Eightfold Path: The Way to the End of Suffering. Buddhist Publication Society.

---

[17] Psychological Reform
[18] Social Reform
[19] Path to Social Harmony

မဂ္ဂင်ရှစ်ပါး၏ သဘောတရားများကို အသေးစိတ် ရှင်းပြထားသော လက်စွဲစာအုပ်ဖြစ်သည်။ အထူးသဖြင့် သမ္မာအာဇီဝနှင့် သီလအပိုင်းများကို လူ့ဝတ်ကြောင်များအတွက် လက်တွေ့ကျကျ ရှင်းပြထားသည်။

၂။ Rahula, Walpola. (1959). What the Buddha Taught. Grove Press.

အခန်း (၅) တွင် မဂ္ဂင်ရှစ်ပါးကို ရှင်းပြထားပြီး၊ ဗုဒ္ဓဘာသာ၏ လူမှုရေးအမြင်ကို အခန်းကဏ္ဍတစ်ခုအနေဖြင့် ထည့်သွင်းဆွေးနွေးထားသည်။ လူတိုင်းဖတ်သင့်သော စာအုပ်ဖြစ်သည်။

၃။ Saddhatissa, H. (1970). Buddhist Ethics. Allen & Unwin.

ဗုဒ္ဓဘာသာ ကျင့်ဝတ်များ (သီလ) သည် လူမှုဆက်ဆံရေးနှင့် နိုင်ငံရေးအပေါ် မည်သို့ သက်ရောက်မှုရှိကြောင်း သုတေသနပြုထားသော ကျမ်းဖြစ်သည်။ သရဏာနိသုတ်ကဲ့သို့သော သုတ္တန်များကို လူမှုဗေဒရှုထောင့်မှ သုံးသပ်ထားသည်။

၄။ Harvey, Peter. (2000). An Introduction to Buddhist Ethics. Cambridge University Press.

စီးပွားရေးကျင့်ဝတ် နှင့် သမ္မာအာဇီဝ အပိုင်းများကို ခေတ်သစ်စီးပွားရေးစနစ်များနှင့် ယှဉ်တွဲ၍ လေ့လာလိုသူများအတွက် အလွန်ကောင်းမွန်သော စာအုပ်ဖြစ်သည်။

**၅။ Sivaraksa, Sulak. (1992).** Seeds of Peace: A Buddhist Vision for Renewing Society. မဂ္ဂင်ရှစ်ပါးကို အသုံးပြု၍ ခေတ်သစ်လူမှုပြဿနာများကို ဖြေရှင်းပုံကို တင်ပြထားသည်။

## ပို့ချစဉ် (၆) - The Five Precepts and Its Social Application

### ၁။ နိဒါန်း

မိမိတို့ ဗုဒ္ဓဘာသာဝင်အများစုသည် "ငါးပါးသီလ" ကို ဘာသာရေးထုံးတမ်းစဉ်လာ[1] တစ်ခု သို့မဟုတ် နောင်ဘဝ ကောင်းစားရေးအတွက် ကုသိုလ်ယူခြင်း သက်သက်အဖြစ်သာ နားလည်လေ့ရှိကြသည်။ သို့သော် ဤပို့ချစဉ်တွင် ငါးပါးသီလကို **"လူမှုကျင့်ဝတ်"** နှင့် **"လူမှုပင်္ကြိုဉာဉ်"** ရှုထောင့်မှ အဓိကထား လေ့လာကြည့်နိုင်သည်။

ဗုဒ္ဓ၏ ငါးပါးသီလသည် "ဘုရားသခင်က ပေးသော ပညတ်တော်[2]" မဟုတ်ဘဲ၊ လူသားအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် မိမိဆန္ဒအလျောက် လိုက်နာရန် ကတိပြုထားသော "လေ့ကျင့်ခန်းများ" ဖြစ်သည်။[3] ဤပို့ချချက်သည် ဆရာကြီး

---

[1] Religious Ritual

[2] Commandments

[3] ဗုဒ္ဓဘာသာ၏ သီလဆောက်တည်ပုံသည် "သိက္ခာပဒံ သမာဒိယာမိ" (သိက္ခာပုဒ်ကို ဆောက်တည်ပါ၏/လေ့ကျင့်ပါ၏) ဟု ဆိုသောကြောင့် "အမိန့် (Commandment)" မဟုတ်ဘဲ "စေတနာအလျောက် ကတိပြုခြင်း (Voluntary undertaking)" သာဖြစ်သည်။ ဤသဘောတရားကို အနောက်တိုင်းကျင့်ဝတ်ပညာရှင် Damien Keown က "Aristotelian Virtue Ethics" (အရစ္စတိုတယ်၏

Oliver Abeynayake ၏ အမြင်များနှင့် ပိဋကတ်တော်လာ အထောက်အထားများကို အခြေခံ၍ ငါးပါးသီလ၏ သမိုင်းကြောင်း၊ လူမှုဗေဒ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပြစ်မှုမြောက်စေသော အင်္ဂါရပ်များနှင့် ယင်းတို့ကို လိုက်နာခြင်းဖြင့် ရရှိလာမည့် လူမှုဘဝ လုံခြုံမှု[4] ကို လေ့လာတင်ပြထားသည်။

## ၂။ ငါးပါးသီလ၏ သမိုင်းကြောင်းနှင့် ဖွဲ့စည်းပုံ

ဆရာကြီး Oliver Abeynayake ၏ သုတေသနအရ ပိဋကတ်တော်၏ အစပိုင်းကာလများတွင် ငါးပါးသီလကို ယခုမြင်တွေ့နေရသော (၅) ချက်ပါ ဖော်မြူလာအတိုင်း အတိအကျ တွေ့ရခဲ့သည်။[5] ဒီဃနိကာယ်၏ ပထမပိုင်း သုတ္တန်များ (ဥပမာ - ဗြဟ္မဇာလသုတ်) တွင် သီလများကို ဖော်ပြရာ၌ ပထမသီလ (၄) ပါး (ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ/အဗြဟ္မစရိယ၊ မုသာဝါဒ) ကိုသာ အဓိကထား ဖော်ပြလေ့ရှိသည်။ ဤအဆင့်တွင် အရက်သေစာ ရှောင်ကြဉ်ခြင်းကို သီးခြားသိက္ခာပုဒ်အဖြစ် မတွေ့ရသေးပေ။ သိင်္ဂါလောဝါဒသုတ်တွင် ပထမ (၄) ချက်ကို "ကံညစ်နွမ်းစေသော အမှု ၄ မျိုး (ကမ္မကိလေသ)[6]" အဖြစ် ဖော်ပြထားသည်။ ဤသုတ္တန်တွင်

---

သူတော်ကောင်းကျင့်ဝတ်) နှင့် နှိုင်းယှဉ်ပြလေ့ရှိသည်။ Keown, Damien. (2005). *Buddhist Ethics: A Very Short Introduction*. Oxford University Press.

[4] Human Security

[5] Abeynayake, Oliver. ၏ The Social and Economic Diemension of Early Buddhism စာအုပ်ထဲရှိ *The Five Precepts and Their Social Application* အပိုင်းတွင် ပိဋကတ်တော်အစောပိုင်း၌ သီလ ၅ ပါးလုံး အတူတွဲမတွေ့ရဘဲ၊ ဓမ္မိကသုတ်ကျမှ စနစ်တကျ တွေ့ရပုံကို ရှင်းပြထားသည်။ "ရှေးဦးဗုဒ္ဓဝါဒလာ လူမှုရေးနှင့် စီးပွားရေးအမြင်များ" စာအုပ်တွင်လည်း ကြည့်ရှုနိုင်သည်။

[6] သိင်္ဂါလောဝါဒသုတ်တွင် ဗုဒ္ဓက လူဝတ်ကြောင်များ ရှောင်ကြဉ်ရမည့် မကောင်းမှုများကို အုပ်စုခွဲပြရာ၌ သီလပထမ (၄) ပါး (ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ) ကို "ကမ္မကိလေသ" ဟု သီးခြားနာမည်ပေးထားသည်။ ဤအသုံးအနှုန်းသည် လူတစ်ဦး၏ ကိုယ်ကျင့်တရား (Character) ပျက်စီးမှုကို

အရက်သောက်ခြင်းကို "ဘောဂါနံ အပါယမုခ" (စီးပွားပျက်ကြောင်း) အဖြစ် သီးခြားခွဲထုတ်ထားသည်။ ဓမ္မိကသုတ်ကျမှသာလျှင် ငါးပါးသီလကို ယနေ့ခေတ်မြင်တွေ့ရသော ပုံစံအတိုင်း (အရက်သေစာ ရှောင်ကြဉ်ခြင်း အပါအဝင်) ပြည့်စုံစွာ တွေ့ရှိရသည်။[7] ဆရာကြီး Oliver ၏ အဆိုအရ ပဥ္စမသီလကို နောက်မှ ထည့်သွင်းရခြင်းမှာ အရက်သေစာသည် ရှေ့သီလလေးပါးကို ကျူးလွန်ရန် တွန်းအား (Instigator) ဖြစ်သောကြောင့် ဖြစ်သည်။

## ငါးပါးသီလနှင့် ပါရာဇိကအာပတ် ဆက်စပ်မှု

စိတ်ဝင်စားဖွယ်ကောင်းသော အချက်မှာ လူဝတ်ကြောင်များအတွက် ငါးပါးသီလသည် ရဟန်းတော်များအတွက် အကြီးလေးဆုံးပြစ်ဒဏ်ဖြစ်သော "ပါရာဇိက ၄ ပါး" နှင့် သဘောတရားချင်း ဆက်စပ်နေခြင်း ဖြစ်သည်။[8]

၁။ လူဝတ်ကြောင်များအတွက် လူသတ်ခြင်း (ပါဏာတိပါတ) သည် ရဟန်းတော်များအတွက် လူသတ်ပါရာဇိက

---

အဓိကရည်ညွှန်းကြောင်း ပညာရှင်များ သုံးသပ်သည်။ *Sigalovada Sutta: The Layman's Code of Discipline*, translated by Narada Thera. (BPS). DN 31 Sigalovada Sutta.

[7] လူဝတ်ကြောင်များ လိုက်နာရမည့် ငါးပါးသီလကို အပြည့်စုံဆုံး ဖွင့်ဆိုထားသည့် သုတ္တန်။

[8] "ပါရာဇိက" ဆိုသည်မှာ "ဆုံးရှုံးခြင်း (Defeat)" ဟု အဓိပ္ပာယ်ရသည်။ ရဟန်းတစ်ပါးသည် ဤအပြစ်လေးပါးထဲမှ တစ်ခုခုကို ကျူးလွန်ပါက သာသနာတော်မှ ဆုံးရှုံးသွားပြီ (လူကျွတ်ဖြစ်သွားပြီ) ဟု သတ်မှတ်သည်။ လူဝတ်ကြောင်တို့၏ ငါးပါးသီလသည် ရဟန်းတို့၏ အသက်တမျှ အရေးကြီးသော ပါရာဇိကများနှင့် ထပ်တူနီးပါး ကျနေခြင်းက သီလ၏ အရေးပါပုံကို ပေါ်လွင်စေသည်။ *The Book of the Discipline (Vinaya-Pitaka)*, Vol I, translated by I.B. Horner. (Pali Text Society)

၂။ လူဝတ်ကြောင်များအတွက် ခိုးခြင်း (အဒိန္နာဒါန) သည် ရဟန်းတော်များအတွက် အဒိန္နာဒါနပါရာဇိက

၃။ လူဝတ်ကြောင်များအတွက် ကာမဂုဏ်ဖောက်ပြန်ခြင်း (ကာမေသုမိစ္ဆာစာရ) သည် ရစန်တော်များအတွက် မေထုန်ပါရာဇိက

၄။ လူဝတ်ကြောင်များအတွက် လိမ်ညာခြင်း (မုသာဝါဒ) သည် ရဟန်းတော်များအတွက် ဈာန်မရဘဲ ရသည်ဟုလိမ်သော (ဥတ္တရိမနုဿဓမ္မ) ပါရာဇိက

ဤအချက်က ငါးပါးသီလသည် ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းတစ်ခုလုံး (ရဟန်းရော လူပါ) မဖြစ်မနေ လိုက်နာရမည့် "အခြေခံအကျဆုံး" များဖြစ်ကြောင်း ပြသနေသည်။

**၃။ ငါးပါးသီလအား လူမှုဗေဒ ရှုထောင့်မှ လေ့လာခြင်း**

ငါးပါးသီလ၏ အစဉ်လိုက် စီထားပုံနှင့် လူမှုရေးသက်ရောက်မှုများကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာနိုင်သည်။

**(က) ပထမသီလ - အသက်ရှင်သန်ခွင့်**

**ပါဏာတိပါတ ဝေရမဏီ (သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း)**

လူသားတိုင်းအတွက် တန်ဖိုးအရှိဆုံးမှာ "အသက်" ဖြစ်သည်။ ဤသီလသည် လူ့အခွင့်အရေး၏ အခြေခံအကျဆုံးဖြစ်သော "အသက်ရှင်သန်ခွင့်[9]" ကို အာမခံသည်။

[9] Right to Life

ဓမ္မပဒ၊ ဒဏ္ဍဝဂ်တွင် "အတ္တာနံ ဥပမံ ကတွာ[10]" (မိမိကိုယ်ကို ဥပမာထား၍) သူတစ်ပါးကို မသတ်ရဟု ပါသည်။ ဤအချက်သည် "ကိုယ်ချင်းစာတရား[11]" ပင်ဖြစ်သည်။

## ကံကြီးလေးမှုကို တိုင်းတာခြင်း

ပါဏာတိပါတကံတစ်ခု၏ အပြစ်ကြီးလေးမှုသည် အောက်ပါအချက်များအပေါ် မူတည်သည်။

**၁။ ဂုဏ် (ဂုဏ)** - သတ်ဖြတ်ခံရသူ၏ ကိုယ်ကျင့်တရား (ဥပမာ - ရဟန္တာကို သတ်ခြင်းက သာမန်လူကို သတ်ခြင်းထက်၊ သာမန်လူကို သတ်ခြင်းက တိရစ္ဆာန်ကို သတ်ခြင်းထက် အပြစ်ပိုကြီးသည်)။

**၂။ ဝယ (အရွယ်အစား)** - တိရစ္ဆာန်အချင်းချင်းဖြစ်ပါက ခန္ဓာကိုယ်ကြီးသူကို သတ်ခြင်းက လုံ့လဝီရိယ ပိုစိုက်ထုတ်ရသဖြင့် အပြစ်ပိုကြီးသည်။ (ဥပမာ - ဆင်ကိုသတ်ခြင်းက ကြွက်ကိုသတ်ခြင်းထက် အပြစ်ပိုကြီးသည်)။

## (ခ) ဒုတိယသီလ - ပိုင်ဆိုင်ခွင့်

အဒိန္နာဒါန ဝေရမဏီ (မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း)။

ဤသီလသည် လူတစ်ဦးချင်းစီ၏ "ပိုင်ဆိုင်ခွင့်" ကို ကာကွယ်ပေးသည်။ စီးပွားရေးလုံခြုံမှု မရှိလျှင် လူ့အဖွဲ့အစည်း ပျက်စီးနိုင်သည်။ ခိုးမှုမရှိသော လူ့အဖွဲ့အစည်းတွင်

[10] "မိမိကိုယ်ကို ဥပမာထား၍ သူတစ်ပါးကို မသတ်ရ" ဟူသော အချက်သည် ခေတ်သစ်ကျင့်ဝတ်ပညာ (Ethics) တွင် "The Golden Rule" ဟု လူသိများသည်။

[11] Empathy

ခြိစည်းရိုးများနှင့် သော့ခလောက်များ မလိုအပ်ပေ။ ဤသီလသည် ခေတ်သစ်ဥပဒေ၏ "ပိုင်ဆိုင်ခွင့်" နှင့် ထပ်တူကျနေသည်။

### (ဂ) တတိယသီလ - မိသားစုလုံခြုံမှု[12]

ကာမေသု မိစ္ဆာစာရ ဝေရမဏိ (ကာမဂုဏ်၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း)။

ဤသီလသည် မိသားစုအသိုက်အမြုံ မပြိုကွဲအောင် ကာကွယ်ပေးသည်။ Sigmund Freud ကဲ့သို့သော စိတ်ပညာရှင်များက လိင်စိတ်[13] သည် လူသား၏ အခြေခံဗီဇဟု ဆိုသော်လည်း၊ ယင်းကို စည်းကမ်းမဲ့ လွှတ်ထားပါက လူ့အဖွဲ့အစည်း ဖရိုဖရဲ ဖြစ်မည်။ တတိယသီလသည် လိင်မှုကိစ္စကို "အိမ်ထောင်ရေး" ဘောင်အတွင်း၌သာ ထိန်းချုပ်ထားခြင်းဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များ၏ အခွင့်အရေးကို ကာကွယ်ပေးသည်။

### (ဃ) စတုတ္ထသီလ - ယုံကြည်မှု

မုသာဝါဒ ဝေရမဏိ (လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း)။

လူမှုဆက်ဆံရေးအားလုံးသည် "ယုံကြည်မှု" ပေါ်တွင် တည်ဆောက်ထားသည်။ စီးပွားရေးစာချုပ်များ၊ တရားရုံးထွက်ဆိုချက်များတွင် အမှန်တရား မရှိပါက တရားဥပဒေစိုးမိုးရေး ပျက်ပြားသွားမည်ဖြစ်သည်။ ထို့ကြောင့် မုသာဝါဒကို ရှောင်ကြဉ်ခြင်းသည် "ယုံကြည်မှု" ကို တည်ဆောက်ခြင်း ဖြစ်သည်။

---

[12] Family Sanctity

[13] ဗုဒ္ဓဘာသာ စိတ်ပညာနှင့် Freud ၏ စိတ်ပညာကို နှိုင်းယှဉ်လေ့လာရာ၌ အထင်ရှားဆုံး ပညာရှင်မှာ ပါမောက္ခ Padmasiri de Silva ဖြစ်သည်။ သူက Freud ၏ လိင်စိတ်(Libido)အပေါ် အလေးပေးမှုကို ဗုဒ္ဓ၏ "ကာမတဏှာ" အယူအဆနှင့် နှိုင်းယှဉ်သုံးသပ်ပြသည်။ De Silva, Padmasiri. (1973). *Buddhist and Freudian Psychology*. NUS Press.

## (င) ပဉ္စမသီလ - သတိနှင့် တာဝန်ယူမှု

သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိ (မူးယစ်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း)။

အရက်သေစာသည် လူကို မေ့လျော့ပေါ့ဆစေသည် (ပမာဒ)။ သတိလွတ်သွားသော လူတစ်ယောက်သည် အထက်ပါ သီလ (၄) ပါးလုံးကို ကျူးလွန်ရန် ဝန်မလေးတော့ပေ။ ဆရာကြီး Oliver Abeynayake ၏ အဆိုအရ ပဉ္စမသီလကို နောက်ဆုံးမှ ထားရခြင်းမှာ - ယင်းသီလသည် ကျန်သီလများကို ချိုးဖောက်စေနိုင်သော "အကြောင်းရင်း" ဖြစ်သောကြောင့် ဖြစ်သည်။

## ၄။ ပဉ္စဝေရဘယသုတ် နှင့် လူမှုလုံခြုံရေး

သံယုတ္တနိကာယ်လာ ပဉ္စဝေရဘယသုတ်[14]တွင် ငါးပါးသီလ ဖောက်ဖျက်ခြင်း၏ လူမှုရေးဆိုးကျိုးများကို ရန်ငြိုး (ဝေရ) နှင့် ဘေးအန္တရာယ် (ဘယ) ဟူသော ဝေါဟာရများဖြင့် ရှင်းပြထားသည်။

1. **ဒိဋ္ဌဓမ္မိက ဘယ** - မျက်မှောက်ဘဝ၌ ကြုံရသော ဘေး (ဥပမာ - ထောင်ကျခြင်း၊ လက်စားချေခံရခြင်း)။
2. **သမ္ပရာယိက ဘယ** - တမလွန်ဘဝ၌ ကြုံရသော ဘေး (ဥပမာ - အပါယ်ကျခြင်း)။
3. **စေတသိက ဒုက္ခ** - စိတ်ဆင်းရဲခြင်း၊ နောင်တရခြင်း။

---

[14] "ပဉ္စဝေရဘယသုတ်" သည် သံယုတ္တနိကာယ်၊ အဘိသမယသံယုတ်တွင် ပါရှိပြီး ဝေရသုတ် ဟုလည်း ခေါ်သည်။ ထိုသုတ္တန်တွင် သီလမလုံခြုံသူသည် (၁) မျက်မှောက်ဘေး (၂) တမလွန်ဘေး (၃) စိတ်ဆင်းရဲခြင်း ဆိုသည့် ဘေး (၃) မျိုးနှင့် ကြုံရပြီး၊ သီလလုံခြုံသူသည် ထိုဘေးများ ငြိမ်းအေးသည် (ဝေရံ ပဋိပ္ပဿမ္ဘတိ) ဟု ဟောကြားထားသည်။

ငါးပါးသီလ လုံခြုံသူသည် ဤဘေးရန်များမှ ကင်းဝေးရုံသာမက၊ ပတ်ဝန်းကျင်ရှိ လူအားလုံးကို "ဘေးမဲ့ပေးခြင်း (အဘယ ဒါန)" အလှူကို ပြုလုပ်ရာ ရောက်သည်။ "ငါ လူမသတ်ဘူး" ဟု ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ငါ့ပတ်ဝန်းကျင်ရှိ လူအားလုံးသည် "ငါ့ကြောင့် မသေနိုင်ဘူး" ဟူသော လုံခြုံမှုကို ရရှိသွားသည်။ ထို့ကြောင့် ငါးပါးသီလသည် "လူသားလုံခြုံမှုဆိုင်ရာ လူမှုပဋိညာဉ်[15] ဖြစ်သည်။

## ၅။ ပြစ်မှုမြောက်သော အင်္ဂါရပ်များ[16]

ဗုဒ္ဓဘာသာ၏ ဥပဒေရေးရာအမြင်[17] သည် ခေတ်သစ်ဥပဒေကဲ့သို့ပင် တိကျသော အင်္ဂါရပ်များ ရှိသည်။ အဋ္ဌကထာများတွင် သီလတစ်ခုချင်းစီအတွက် ကံမြောက်စေသော အင်္ဂါရပ်များကို အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

### (၁) ပါဏာတိပါတ (၅) ချက်

1. **ပါဏော** - သက်ရှိသတ္တဝါ ဖြစ်ခြင်း။
2. **ပါဏသညိတာ** - သက်ရှိဖြစ်ကြောင်း သိခြင်း
3. **ဝဓကစိတ္တံ** - သတ်လိုစိတ် ရှိခြင်း။ ဤအချက်သည် အရေးအကြီးဆုံးဖြစ်သည်။ မတော်တဆ ထိခိုက်မှုကြောင့် သေလျှင် ကံမမြောက်ပါ။
4. **ဥပက္ကမော** - လုံ့လပြုခြင်း။

[15] Social Contract for Human Security

[16] ပါဏာတိပါတ (၅) ချက်၊ အဒိန္နာဒါန (၅) ချက် စသည်တို့သည် ဘုရားဟော ပါဠိတော်သုတ္တန်များတွင် တိုက်ရိုက်ပါဝင်ခြင်း မဟုတ်ဘဲ၊ အဋ္ဌကထာဆရာများက ဝိနည်းနှင့် သုတ္တန်များကို ညှိနှိုင်း၍ တိကျစွာ ဖွင့်ဆိုထားခြင်း ဖြစ်သည်။ အဓိကအားဖြင့် ခုဒ္ဒကပါဌ အဋ္ဌကထာတွင် အတိအကျ ဖွင့်ဆိုထားသည်။

[17] Jurisprudence

5. **တေန မရဏံ -** ထိုလုံ့လကြောင့် သေခြင်း။

## (၂) အဒိန္နာဒါန (၅) ချက်

1. **ပရပရိဂ္ဂဟိတံ -** သူတစ်ပါး ပိုင်ဆိုင်သော ပစ္စည်းဖြစ်ခြင်း။
2. **ပရပရိဂ္ဂဟိတသညိတာ -** သူပိုင်ဖြစ်ကြောင်း သိခြင်း။
3. **ထေယျစိတ္တ -** ခိုးလိုစိတ် ရှိခြင်း။
4. **ဥပက္ကမော -** လုံ့လပြုခြင်း။
5. **တေန ဟရဏံ** - ထိုလုံ့လဖြင့် နေရာရွှေ့ခြင်း/ယူဆောင်ခြင်း။

## (၃) ကာမေသုမိစ္ဆာစာရ (၄) ချက်

1. **အဂမနီယဝတ္ထု -** မသွားလာအပ်သော (ကာကွယ်စောင့်ရှောက်သူရှိသော) အမျိုးသမီး/အမျိုးသား ဖြစ်ခြင်း။
2. **သေဝနစိတ္တံ** - မှီဝဲလိုစိတ် ရှိခြင်း။
3. **ဥပက္ကမော -** လုံ့လပြုခြင်း။
4. **မဂ္ဂေနမဂ္ဂပ္ပဋိပတ္တိ -** မဂ်ဖြင့် မဂ်ကို (လိင်အင်္ဂါချင်း) ထိတွေ့ခြင်း။

## (၄) မုသာဝါဒ (၄) ချက်

1. **အတထံ ဝတ္ထု -** မဟုတ်မမှန်သော အကြောင်းအရာ ဖြစ်ခြင်း။

2. **ဝိသံဝါဒနစိတ္တံ -** လိမ်ညာလိုစိတ် ရှိခြင်း။

3. **တဇ္ဇော ဝါယာမော -** ထိုသို့သိစေရန် ပြောဆိုခြင်း/ပြုလုပ်ခြင်း။

4. **ပရဿ တဒတ္ထဝိဇာနနံ -** တစ်ဖက်သားက ထိုအဓိပ္ပာယ်ကို နားလည်ခြင်း။

**(၅) သုရာမေရယ (၄) ချက်**

1. **မဇ္ဇဘာဝေါ -** မူးယစ်စေတတ်သော အရာဖြစ်ခြင်း။

2. **ပါတုကမျတာစိတ္တံ -** သောက်လိုစိတ် ရှိခြင်း။

3. **တဇ္ဇော ဝါယာမော -** သောက်ရန် လုံ့လပြုခြင်း။

4. **အဇ္ဈောဟရဏံ** - လည်ချောင်းကို လွန်၍ မျိုချခြင်း။

ဤအချက်များသည် ဗုဒ္ဓဘာသာ၏ ကျင့်ဝတ်စနစ်သည် စိတ်စေတနာကို အဓိကထားသော စနစ်ဖြစ်ကြောင်း ပြသနေသည်။

**၆။ လေ့လာခြင်း၏ အနှစ်သာရ**

ဤအကြောင်းအရာကို လေ့လာခြင်းဖြင့် (၁) ငါးပါးသီလကို ဘုရားရှေ့တွင် ရွတ်ဖတ်ရုံသက်သက် အဆင့်မှ၊ နေ့စဉ်ဘဝတွင် ကျင့်သုံးရမည့် ကျင့်ဝတ် အဆင့်သို့ မြှင့်တင်ပေးနိုင်သည်။ (၂) ရဲနှင့် တရားရုံးများသည် ပြစ်မှုကျူးလွန်ပြီးမှ အရေးယူနိုင်သော်လည်း၊ ငါးပါးသီလသည် ပြစ်မှုမကျူးလွန်မီ စိတ်ကို ထိန်းချုပ်ပေးသော စနစ်ဖြစ်သည်။ ထို့ကြောင့် သီလသည် တရားဥပဒေထက် ပိုမိုထိရောက်သော လူမှုထိန်းကြောင်းမှု ဖြစ်သည်။ (၃) ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်း မပေါ်မီ

နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ဗုဒ္ဓသည် ငါးပါးသီလအားဖြင့် လူ့အခွင့်အရေး (အသက်ရှင်ခွင့်၊ ပိုင်ဆိုင်ခွင့်) များကို ကာကွယ်ပေးခဲ့ကြောင်း သိမြင်နိုင်သည်။

## ၇။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ငါးပါးသီလသည် လူတစ်ဦးချင်းစီ၏ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ဖြစ်သကဲ့သို့၊ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်သော အုတ်မြစ်လည်း ဖြစ်သည်။ "ငါးပါးသီလ လုံခြုံသော လူ့အဖွဲ့အစည်းတွင် ရဲစခန်းနှင့် တရားရုံးများ မလိုအပ်" ဟူသော ဆိုရိုးစကားသည် စိတ်ကူးယဉ်ဆန်သည်ဟု ထင်ရသော်လည်း၊ လူမှုဗေဒရှုထောင့်မှ ကြည့်လျှင် ဤသီလများသည် "မှုခင်းကာကွယ်ရေး" ၏ အကောင်းဆုံး ယန္တရားများ ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Buddhist Ethics" နှင့် "Five Precepts" ဘာသာရပ်များအတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

၁။ Saddhatissa, H. (1997). Buddhist Ethics. Wisdom Publications.

ဗုဒ္ဓဘာသာ ကျင့်ဝတ်များကို အနောက်တိုင်း ကျင့်ဝတ်သီအိုရီများနှင့် နှိုင်းယှဉ်လေ့လာထားသည်။ အထူးသဖြင့် ငါးပါးသီလသည် လူ့အဖွဲ့အစည်းအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိကြောင်းကို ဂရိဒဿနများနှင့် နှိုင်းယှဉ်တင်ပြထားသဖြင့် အလွန်ဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။

၂။ Harvey, Peter. (2000). An Introduction to Buddhist Ethics. Cambridge University Press.

ငါးပါးသီလ တစ်ပါးချင်းစီကို ခေတ်သစ်လူမှုပြဿနာများ (ဥပမာ - ကိုယ်ဝန်ဖျက်ချခြင်း၊ သေဒဏ်ပေးခြင်း၊ စီးပွားရေးလိမ်လည်ခြင်း) နှင့် ချိတ်ဆက်၍ အသေးစိတ် ဆွေးနွေးထားသည်။ ငါးပါးသီလများကို ရိုးရာအစဉ်အလာ သာမက ခေတ်အမြင် ဖြင့်ပါ လေ့လာလိုသူများအတွက် အကောင်းဆုံးဖြစ်သည်။

၃။ Abeynayake, Oliver. (2016). The Social and Economic Dimensions of Early Buddhism. Buddha-Dharma Centre of Hong Kong.

ဤအကြောင်းအရာ၏ အဓိက လက်စွဲစာအုပ်ဖြစ်သည်။ ဆရာကြီး Oliver သည် ငါးပါးသီလ၏ သမိုင်းကြောင်းပေါ်ပေါက်လာပုံကို ပိဋကတ်တော်လာ အထောက်အထားများဖြင့် ဝေဖန်ဆန်းစစ်ပြထားသည်။ (မိမိက "**ရှေးဦးဗုဒ္ဓဝါဒလာ လူမှုရေးနှင့် စီးပွားရေးအမြင်များ**" အမည်ဖြင့် ဘာသာပြန် ထုတ်ဝေထားပြီးဖြစ်သည်)။

၄။ Tachibana, S. (1926). The Ethics of Buddhism.

ဗုဒ္ဓဘာသာ သီလကျင့်စဉ်များကို စနစ်တကျ စုစည်းထားသော စာအုပ်ဖြစ်သည်။ ပါဏာတိပါတ၊ အဒိန္နာဒါန စသည်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပါဠိမူရင်းများနှင့်တကွ ရှင်းပြထားသည်။

## ပို့ချစဉ် (၇) - Buddhist Attitude Towards the Functional Problems of Language

### ၁။ နိဒါန်း

ဘာသာစကားသည် လူသားယဉ်ကျေးမှု၏ အခြေခံအုတ်မြစ် ဖြစ်သကဲ့သို့ လူသားတို့၏ ပဋိပက္ခများ ဖြစ်ပွားရာ အဓိကအရင်းအမြစ်လည်း ဖြစ်သည်။ အနောက်တိုင်းဒဿနတွင် ဘာသာစကားနှင့် ပတ်သက်၍ အငြင်းပွားမှုများ ရှိခဲ့သကဲ့သို့ ဘီစီ ၆ ရာစု အိန္ဒိယနိုင်ငံတွင်လည်း ဘာသာစကားဆိုင်ရာ ပြဿနာများ ရှိခဲ့သည်။ ဗြာဟ္မဏဝါဒက "သက္ကတဘာသာ[1]" သည် ဘုရားသခင် ဖန်ဆင်းထားသော "မြင့်မြတ်သည့် ဘာသာစကား[2]" ဟု ယူဆပြီး၊ ထိုဘာသာစကားရှိ ဝေါဟာရတိုင်းတွင် မပြောင်းလဲသော အနှစ်သာရ (Essence) ရှိသည်ဟု ယုံကြည်ကြသည်။

သို့သော် ဗုဒ္ဓသည် ဤ "အနှစ်သာရဝါဒ (Essentialist View)" ကို ပယ်ချပြီး၊ ဘာသာစကားကို **"ကိရိယာသဘော/လက်တွေ့အသုံးချသဘော (Instrumental View)"** ဖြင့် ရှုမြင်ခဲ့သည်။

[1] Sanskrit
[2] Sacred Language

ဗုဒ္ဓအတွက် ဘာသာစကားသည် "ဖောင်[3]" နှင့် တူသည်။ တစ်ဖက်ကမ်း (နိဗ္ဗာန်) သို့ ကူးရန်အတွက်သာ ဖြစ်ပြီး၊ ခေါင်းပေါ်ရွက်ထားရန် သို့မဟုတ် အမှန်တရားအဖြစ် စွဲလမ်းရန် မဟုတ်ပေ။ ဤပို့ချချက်သည် အရဏဝိဘင်္ဂသုတ်၊ စိတ္တသုတ် နှင့် ဆရာကြီး Asanga Tilakaratne ၏ "Sacred Language" စာတမ်းတို့ကို အခြေခံ၍ ဘာသာစကား၏ ကန့်သတ်ချက်များ၊ ဒေသန္တရသုံးစွဲပုံ ပြဿနာများနှင့် ဗုဒ္ဓဘာသာ၏ ဖြေရှင်းနည်းများကို လေ့လာတင်ပြထားသည်။

## ၂။ ဘာသာစကား၏ သဘောသဘာဝ - သမုတိသစ္စာ

ပါမောက္ခ D.J. Kalupahana ၏ သုံးသပ်ချက်အရ ဗုဒ္ဓ၏ ဘာသာစကား ဒဿနသည် "သမ္မုတိ/သဘောတူညီချက်(ပညတ်ချက်)" ပေါ်တွင် အခြေခံသည်။ ဗုဒ္ဓက လောကတွင် အမှန်တရားနှစ်မျိုးရှိကြောင်း ဟောကြားထားသည် -

**၁။ သမ္မုတိသစ္စာ[4] -** လောကဝေါဟာရ အမှန်တရား (ဥပမာ - လူ၊ နတ်၊ စားပွဲ၊ ကုလားထိုင်)။

**၂။ ပရမတ္ထသစ္စာ[5] -** ပရမတ် အမှန်တရား (ဥပမာ - ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန)။ ပေါဋ္ဌပါဒသုတ်တွင် ဗုဒ္ဓက "ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ ဆိုတာတွေဟာ

---

[3] ဘာသာစကားနှင့် ဓမ္မကို "ဖောင် (Raft/ကုလ္လ)" နှင့် တင်စားခြင်းသည် ဗုဒ္ဓဘာသာ၏ အကျော်ကြားဆုံး ဥပမာတစ်ခုဖြစ်သည်။ "ကုလ္လူပမံ ဓမ္မံ ဒေသိဿာမိ - ဖောင်နှင့်တူသော တရားကို ဟောမည်။ နိတ္ထရဏတ္ထာယ နော ဂဟဏတ္ထာယ - သံသရာမှ ကူးမြောက်ရန်အတွက်သာ ဖြစ်သည်၊ စွဲကိုင်ထားရန် မဟုတ်" ဟု ဟောကြားထားသည်။ ဤအချက်သည် ဘာသာစကားအပေါ် " ကိရိယာသဘောမြင်ခြင်း (Instrumental View)" ကို အခိုင်အမာ ထောက်ခံနေသည်။ အလဂဒ္ဒူပမသုတ်

[4] Concept

[5] Reality

လောကရဲ့ ခေါ်ဝေါ်သုံးစွဲမှုတွေ (လောကသာမည)၊ ပညတ်ချက်တွေ (လောကပညတ္တိ) သာ ဖြစ်တယ်။ ငါဘုရားသည် ဒါတွေကို သုံးစွဲပေမယ့်၊ အမှန်တကယ် ထင်ပြီး မစွဲလမ်း (အပရာမသံ ဝေါဟရတိ)" ဟု မိန့်တော်မူသည်။[6]

**(က) ဘာသာစကား၏ အစိတ်အပိုင်းများ**

နိရုတ္တိပထသုတ် အရ ဘာသာစကား၏ လုပ်ဆောင်ချက် (၃) မျိုး ရှိသည်။ ယင်းတို့မှာ

**၁။ နိရုတ္တိ** - ဝေါဟာရ၏ ဇာစ်မြစ်/အနက်[7]။

**၂။ အဓိဝစန -** တူညီသောအရာကို ခေါ်ဝေါ်သည့် ပရိယာယ်စကားလုံးများ[8]။

**၃။ ပညတ္တိ -** အရာဝတ္ထုတစ်ခုကို သတ်မှတ်ခေါ်ဝေါ်ခြင်း[9]။

ဗြာဟ္မဏတို့က စကားလုံး နှင့် အရာဝတ္ထု အကြားတွင် ထာဝရဆက်စပ်မှုရှိသည်ဟု ယုံကြည်သော်လည်း၊ ဗုဒ္ဓက စကားလုံးဆိုသည်မှာ လူသားတို့၏ "သဘောတူညီချက်" သက်သက်သာ ဖြစ်ကြောင်း ရှင်းပြထားသည်။

**၃။ အရဏဝိဘင်္ဂသုတ်နှင့် ဒေသန္တရ ဘာသာစကားပြဿနာ**

---

[6] ပေါဋ္ဌပါဒသုတ်တွင် ဗုဒ္ဓက "အတ္တ" (Self) ဟူသော စကားလုံးကို သုံးစွဲရခြင်းနှင့် ပတ်သက်၍ ရှင်းပြရာတွင် *"ဣမာ ခေါ စိတ္တ လောကသမညာ... အပရာမသံ ဝေါဟရတိ"* (ချစ်သား စိတ္တ၊ ဤ ငါ/သူတစ်ပါး စသည်တို့သည် လောက၏ သမုတ်ချက်၊ လောက၏ ဝေါဟာရ၊ လောက၏ ပညတ်ချက်များသာ ဖြစ်သည်။ ဤသည်တို့ကို ငါဘုရားသည် သုံးစွဲရုံသာ သုံးစွဲ၏၊ အမှန်ဟု မှားယွင်းစွာ မသုံးသပ်/မစွဲလမ်းပေ) ဟု မိန့်တော်မူခဲ့သည်။ ဤသည်မှာ "သမ္မုတိသစ္စာ(Conventional Truth)" ၏ သဘောတရားဖြစ်သည်။

[7] Etymology

[8] Synonyms

[9] Designation

မဇ္ဈိမနိကာယ်လာ အရဏဝိဘင်္ဂသုတ်သည် ဘာသာစကားဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းရန် အကောင်းဆုံး လမ်းညွှန်ဖြစ်သည်။ ဤသုတ္တန်တွင် ဗုဒ္ဓက "ဇနပဒ နိရုတ္တိ (ဒေသန္တရ ဘာသာစကား)" နှင့် ပတ်သက်၍ အစွန်းမရောက်ရန် သတိပေးထားသည်။[10]

ဗုဒ္ဓက ခွက်တစ်လုံး၏ အမည်များ ၏ဖြင့် ဥပမာတစ်ခု ပေးသည်။ ဒေသအလိုက် "ခွက်"ကို ခေါ်ဝေါ်ပုံ ကွဲပြားကြသည် -

- ပါတိ
- ပတ္တ
- ဝိတ္ထ
- သေရဝ
- ဓာရောပ
- ပေါဏ
- ပိသိလ

လူတစ်ယောက်သည် မိမိဒေသအခေါ်အဝေါ်ကိုသာ စွဲကိုင်ပြီး "ငါ့ဒေသက ခေါ်တဲ့ 'ပါတိ' ဆိုတာပဲ အမှန်၊ ကျန်တဲ့သူတွေ ခေါ်တာ အမှား (ဣဒမေဝ သစ္စံ မောဃမညံ)" ဟု ပြောလျှင် ယင်းသည် ပဋိပက္ခဖြစ်စေသည်။ ယင်းကို "အဘိနိဝေသ(မှားယွင်းစွာ နှလုံးသွင်းခြင်း/စွဲလမ်းခြင်း)" သို့မဟုတ် "အစွန်းရောက်သော သဘောထား[11]" ဟု ခေါ်သည်။

---

[10] ဤသုတ္တန်သည် ဒေသန္တရ ဘာသာစကား (Dialects) များအပေါ် ငြင်းခုံမှုမဖြစ်စေရန် "အရဏ (Non-conflict)" လမ်းစဉ်ကို ချမှတ်ပေးထားသည်။ ဒေသအလိုက် ကွဲပြားသော ဤဝေါဟာရများကို "ဒါပဲအမှန်၊ ကျန်တာအမှား" ဟု မစွဲလမ်းဘဲ လိုက်လျောညီထွေ သုံးစွဲရမည်ဟု ညွှန်ကြားထားသည်။ အရဏဝိဘင်္ဂသုတ်

[11] Dogmatic Attitude

မှန်ကန်သော သဘောထားမှာ "သူတို့ဒေသမှာ ဒီအရာဝတ္ထုကို ဒီလိုခေါ်ပါလား" ဟု နားလည်ပြီး၊ မိမိစွဲလမ်းမှုကို လွှတ်ကာ လိုက်လျောညီထွေ ပြောဆိုခြင်း (ဝေါဟာရ) ဖြစ်သည်။ ဤသည်မှာ ဘာသာစကားကို "ဆက်သွယ်ရေး ကိရိယာ" အဖြစ်သာ သုံးခြင်းဖြစ်သည်။

## ၄။ မြင့်မြတ်သော ဘာသာစကား ပြဿနာ

ဆရာ Asanga Tilakaratne ၏ စာတမ်း "*The Development of 'Sacred Language' in the Buddhist Tradition*" တွင် ဗုဒ္ဓဘာသာ၌ မြင့်မြတ်သော ဘာသာစကား ရှိ/မရှိ ပြဿနာကို သမိုင်းကြောင်းနှင့်တကွ ရှင်းပြထားသည်။

စူဠဝါတွင် ညီနောင်ရဟန်းနှစ်ပါး (ယမေဠု နှင့် တေကုလ) တို့သည် ဗြာဟ္မဏမျိုးရိုးမှ လာသူများ ဖြစ်ကြသည်။ သူတို့က ဗုဒ္ဓစကားတော်များကို အခြားဒေသစကားများ (သကာယနိရုတ္တိ) ဖြင့် ရွတ်ဖတ်နေကြသည်ကို မနှစ်သက်ဘဲ၊ ဝေဒကျမ်းများကဲ့သို့ သက္ကတ ကဗျာလင်္ကာ အဆင်တန်ဆာများဖြင့် ပြုပြင်မှတ်တမ်းတင်ရန် ခွင့်တောင်းကြသည်။

ဗုဒ္ဓက သူတို့၏ တောင်းဆိုမှုကို ပြင်းထန်စွာ ငြင်းပယ်ခဲ့သည်။

> "ရဟန်းတို့၊ ငါဘုရား၏ စကားတော်များကို သက္ကတဖြင့် မတင်ရ။ တင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ။ ငါဘုရားသည် မိမိတို့ဆိုင်ရာ ဘာသာစကား (သကာယ နိရုတ္တိ) ဖြင့် သင်ယူရန် ခွင့်ပြု၏။"

ဤနေရာတွင် "သကာယ နိရုတ္တိ[12]" ကို ပညာရှင်များ အဓိပ္ပာယ်ဖွင့်ဆိုပုံ ကွဲပြားကြသည်။

- **ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ က** "ဘုရားရှင်၏ ကိုယ်ပိုင်ဘာသာစကား" (မာဂဓီ/ပါဠိ) ဟု ဖွင့်ဆိုသည်။[13]

- **ခေတ်သစ်ပညာရှင်များဖြစ်ကြသည့် Rhys Davids၊ ဆရာ Asanga စသည်တို့က** "မိမိတို့ဆိုင်ရာ ဘာသာစကား[14]" ဟု ဖွင့်ဆိုသည်။ ခေတ်သစ်ပညာရှင်များ၏ အဆိုက ပိုမိုယုတ္တိရှိသည်။ အကြောင်းမှာ ဗုဒ္ဓသည် လူတန်းစားမရွေး တရားနာနိုင်စေရန် ရည်ရွယ်၍၊ သက္ကတကဲ့သို့ လူနည်းစုသာ နားလည်သော စာပေအသုံးအနှုန်းကို ပိတ်ပင်ခဲ့ခြင်း ဖြစ်သည်။[15]

သို့သော် ဆရာ Asanga ထောက်ပြသကဲ့သို့၊ နောက်ပိုင်း ထေရဝါဒ (အထူးသဖြင့် သီရိလင်္ကာ အစဉ်အလာ) တွင် ဗုဒ္ဓ၏မူရင်း ပျောက်ကွယ်သွားပြီး၊ ပါဠိ ကို "မြင့်မြတ်သော

---

[12] စူဠဝါဝိနည်းတော်တွင် ဗုဒ္ဓက "ဆန္ဒသော (Chandaso - သက္ကတ/ဝေဒကျမ်းလာ ကဗျာဖွဲ့နည်း)" ဖြင့် ဘုရားစကားကို မှတ်တမ်းတင်ရန် တောင်းဆိုမှုကို ပယ်ချပြီး *"အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ"* ဟု ခွင့်ပြုခဲ့သည်။

[13] ရှေးရိုးအယူအဆ "သကာယ (မိမိ၏)" ဆိုသည်မှာ "ဘုရားရှင်၏ ကိုယ်ပိုင်ဘာသာစကား (မာဂဓီ/ပါဠိ)" ဟု ဖွင့်ဆိုသည်။

[14] Learning in one's own dialect

[15] Rhys Davids နှင့် I.B. Horner တို့က "သကာယ" သည် "သင်ယူသူ၏ ကိုယ်ပိုင်ဘာသာစကား (Own dialect)" ဟု ယူဆကြသည်။ ဆိုလိုသည်မှာ ဗုဒ္ဓသည် ဒေသစွဲမရှိဘဲ လူတိုင်း နားလည်မည့် ဘာသာစကားဖြင့် သင်ယူခွင့်ပေးခဲ့ခြင်း ဖြစ်သည်။ *The Book of the Discipline (Vinaya-Pitaka)*, Vol V, translated by I.B. Horner. (Pali Text Society)

ဘာသာစကား"၊ "မူရင်းဘာသာစကား (သဘာနိရုတ္တိ)" အဖြစ် တင်မြှောက်လိုက်ကြသည်။ ဤသည်မှာ ဗြာဟ္မဏဝါဒ၏ လွှမ်းမိုးမှုတစ်ခု ဖြစ်နိုင်သည်။[16]

## ၅။ ဘာသာစကားနှင့် ဉာဏ်အလင်း

ဘာသာစကားသည် အမှန်တရားကို သိရှိရန် အထောက်အကူပြုသော်လည်း၊ အမှန်တရားကိုယ်တိုင် မဟုတ်ပေ။ အရိယပရိယေသနသုတ်အလိုအရ ဗုဒ္ဓ ဘုရားဖြစ်ပြီးခါစတွင် တရားမဟောချင် ဖြစ်ခဲ့သည်။ အကြောင်းမှာ သူသိမြင်သော တရား (နိဗ္ဗာန်) သည် "အတက္ကာဝစရ[17]" (ယုတ္တိဗေဒနှင့် ဘာသာစကား၏ နယ်ပယ်ကို

---

[16] ဆရာတော် ဘိက္ခုသုဇာတာ၏ '*How Early Buddhism differs from Theravada*' စာအုပ်တွင် မိန့်ဆိုထားသော 'ဘာသာစကား၏ ထူးခြားအရေးပါမှု' ကိုလည်း သိထားသင့်သည်ထင့်၍ ဖော်ပြပေးလိုက်ပါသည်။

"ဝိသုဒ္ဓိမဂ်မှာဆိုရင် အတော်လေး ရဲတင်းတဲ့အဆိုတစ်ခု ပါပါတယ်။ အဲဒါ ဘာလဲဆိုတော့ ထေရဝါဒပိဋကတ်မှာ အသုံးပြုတဲ့ ပါဠိဘာသာဟာ သတ္တဝါတွေရဲ့သန္တာန်မှာ "နဂိုမူလကတည်းက ပါလာပြီးသား ဘာသာစကား" (သဘာဝနိရုတ္တိ) ဖြစ်တယ်လို့ ဆိုထားတာပါ။ ကလေးငယ် တစ်ယောက်ကို မွေးကတည်းက မည်သည့်ပြင်ပလွှမ်းမိုးမှုမှ မပါဘဲ ကြီးပြင်းစေခဲ့မယ်ဆိုရင် အဲဒီ ကလေးငယ်ဟာ ပါဠိဘာသာစကားကိုပဲ အလိုအလျောက် ပြောတတ်လာ လိမ့်မယ်ဆိုတာပါ။ ဒါပေမဲ့ ဗုဒ္ဓကိုယ်တိုင်က ဘာသာစကားဆိုတာဟာ လူလူချင်းကြား ဆက်သွယ်ရေးအတွက် အများသဘောညီ လက်ခံထားကြတဲ့ နည်းလမ်းတစ်ခု ပဲလို့ ယူဆပါတယ်။ "အထူး" ဘာသာစကားရယ်လို့ လောကမှာ မရှိပါဘူး။ ဗုဒ္ဓ ဟာ သူနဲ့သူ့ပတ်ဝန်းကျင်ကလူတွေ ပြောဆိုဆက်သွယ်ကြတဲ့ ဘာသာစကား ကိုပဲ အသုံးပြုဟောကြားခဲ့တာဖြစ်ပြီး တခြားသူတွေကိုလည်း အလားတူ လိုက်နာကြဖို့ အားပေးတိုက်တွန်းခဲ့ပါတယ်။ ဒီအယူအဆမှာ မြင်ရတာက ပိဋကတ်အစွဲ သဘောမျိုးပါ။ ပါဠိ ဘာသာကို မပျောက်ပျက်အောင် ထိန်းသိမ်းထားရေးဟာ ပိဋကတ်သုံးပုံရဲ့ မူလ ပဓာနတာဝန်ဖြစ်တယ်ဆိုတဲ့ အမြင်ကို တွေ့ရပါတယ်။" (ဝေယံဘုန်း၊ "ရှေးဦးဗုဒ္ဓဘာသာနှင့် ထေရဝါဒ ကွာခြားချက် အကျဉ်းချုပ်စာရင်း" ဘာသာပြန်မှု)။ https://waiyanhpone.substack.com/p/a65

[17] ဘာသာစကားသည် "တက္က (Logic/Reasoning)" ပေါ်တွင် အခြေခံသည်။ သို့သော် နိဗ္ဗာန် သို့မဟုတ် တရားထူးသည် "အတက္ကာဝစရ" (ယုတ္တိဗေဒနှင့် ဘာသာစကားနယ်ပယ် လွန်မြောက်နေသော အရာ) ဖြစ်သည်။ ထို့ကြောင့် ဘာသာစကားဖြင့် အမှန်တရားအပြည့်အစုံကို ဖော်ပြ၍ မရနိုင်ပေ။

ကျော်လွန်နေသော တရား) ဖြစ်သောကြောင့် ဖြစ်သည်။ ဘာသာစကားသည် "ပညတ်[18]" မျှသာဖြစ်၍ ပရမတ်[19] ကို အပြည့်အဝ မဖော်ပြနိုင်ပေ။ ဇင်ဗုဒ္ဓဘာသာ စကားပုံတစ်ခုတွင် "လက်ညှိုးသည် လကို ညွှန်ပြသော ကိရိယာမျှသာ ဖြစ်သည်။ လက်ညှိုးကို လဟု ထင်ပြီး စွဲလမ်းနေလျှင် အစစ်အမှန် လကို မြင်ရမည် မဟုတ်" ဟု ဆိုသည်။[20] ထို့အတူ ပါဠိစာပေနှင့် ဓမ္မဝေါဟာရများသည် နိဗ္ဗာန်ကို ညွှန်ပြသော လက်ညှိုးများသာ ဖြစ်သည်။

## ၆။ ဘာသာစကားနှင့် ကျင့်ဝတ်

ဗုဒ္ဓဘာသာတွင် ဘာသာစကားကို ဒဿနသက်သက်သာမက ကျင့်ဝတ်အနေဖြင့်လည်း ရှုမြင်သည်။ Poulshock ၏ စာတမ်းတွင် ဘာသာစကားသည် လူ့အဖွဲ့အစည်း၏ ပူးပေါင်းဆောင်ရွက်မှု အတွက် မရှိမဖြစ်လိုအပ်ကြောင်း ဖော်ပြသည်။[21] လိမ်ပြောခြင်းသည် ဘာသာစကား၏ အဓိကလုပ်ဆောင်ချက်ဖြစ်သော "သတင်းအချက်အလက် ပေးပို့ခြင်း[22]" ကို ဖျက်ဆီးပစ်သည်။ လူအများအကြား ယုံကြည်မှုကို ပျက်ပြားစေသည်။ မှန်ကန်သောစကား၊ ယဉ်ကျေးသောစကား၊ အကျိုးရှိသောစကား၊ အချိန်အခါနှင့်

[18] Concept

[19] Ultimate Truth

[20] ဤဥပမာကို ဇင်ဗုဒ္ဓဘာသာ (Zen Buddhism) တွင် အသုံးများသော်လည်း၊ ယင်း၏ မူရင်းအမြစ်တွယ်ရာမှာ မဟာယာန သုတ္တန်များဖြစ်သော လင်္ကာဝတာရသုတ် (Lankavatara Sutra) နှင့် သူရင်္ဂမသုတ် (Surangama Sutra) တို့ဖြစ်သည်။ စာသားမှာ "လက်ညှိုးသည် လ မဟုတ်၊ လကို ညွှန်ပြရုံသာဖြစ်သည်။ လက်ညှိုးကို ကြည့်နေသူသည် လကို မမြင်နိုင်" ဟူ၍ ဖြစ်သည်။ *The Lankavatara Sutra*, translated by D.T. Suzuki

[21] Poulshock, J.W. (2006). *Language and Morality: Evolution, Altruism, and Linguistic Moral Mechanisms*. ဘာသာစကားသည် လူသားတို့၏ ကိုယ်ကျင့်တရားနှင့် လူမှုပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်လာစေရန် မည်သို့ အထောက်အကူပြုကြောင်း လေ့လာဆန်းစစ်ထားသည်။

[22] Information Transfer

ကိုက်ညီသောစကား၊ မေတ္တာနှင့်ယှဉ်သောစကား (၅) မျိုးသည် လူမှုသဟဇာတ[23] ကို ဖြစ်စေသည်။

## ၇။ လေ့လာခြင်း၏ အနှစ်သာရ

ဤအကြောင်းအရာကို လေ့လာခြင်းအားဖြင့် (၁) ယနေ့ကမ္ဘာတွင် "ဒီမိုကရေစီ"၊ "ဖက်ဒရယ်"၊ "ငြိမ်းချမ်းရေး" စသော ဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ဆိုပုံ မတူညီ၍ ပဋိပက္ခဖြစ်နေကြသည်။ ဗုဒ္ဓ၏ အရဏဝိဘင်္ဂသုတ်လာ လမ်းညွှန်ချက် (ဝေါဟာရကို မစွဲလမ်းဘဲ အနှစ်သာရကို ညှိနှိုင်းခြင်း) သည် ပဋိပက္ခဖြေရှင်းရေးအတွက် အလွန်ထိရောက်လှသည်။ (၂) မိမိကိုးကွယ်သော ကျမ်းစာ/ဘာသာစကားသာ အမှန်ဟူသော "ဘာသာရေး အစွန်းရောက်မှု" (Religious Fundamentalism) ကို လျှော့ချနိုင်သည်။ (၃) မတူညီသော ယဉ်ကျေးမှု၊ ဘာသာစကားများကို လေးစားတတ်သော စိတ်ဓာတ် (Tolerance) ကို မွေးမြူပေးနိုင်သည်။

## ၈။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓဘာသာ၏ ဘာသာစကားဆိုင်ရာ သဘောထားသည် "လက်တွေ့ကျခြင်း" နှင့် "ကိရိယာသဘောဆန်ခြင်း" ဖြစ်သည်။ ဗုဒ္ဓသည် မည်သည့်ဘာသာစကားကိုမျှ "မြင့်မြတ်သည်" သို့မဟုတ် "ယုတ်ညံ့သည်" ဟု မသတ်မှတ်ပါ။ ဘာသာစကား၏ တန်ဖိုးသည် အမှန်တရားကို သိရှိစေရန်နှင့် လူသားအကျိုးပြုရန်[24] မည်မျှ စွမ်းဆောင်နိုင်သလဲ ဆိုသည့်အချက်ပေါ်တွင်သာ မူတည်သည်။ ထို့ကြောင့် ဘာသာစကားကို "ဖောင်" ကဲ့သို့ သဘောထားပြီး၊

[23] Social Harmony
[24] Communication for Liberation

စကားလုံးများကို စွဲလမ်းနေခြင်းထက် ထိုစကားလုံးများ ညွှန်ပြရာ "ဓမ္မအနှစ်သာရ" သို့ ရောက်အောင် သွားသင့်ကြောင်း တင်ပြအပ်ပါသည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Buddhist Philosophy of Language" ဘာသာရပ်အတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

၁။ **Kalupahana, David J. (1999). The Buddha's Philosophy of Language. Sarvodaya Vishva Lekha.** ပါမောက္ခ Kalupahana သည် ဤစာအုပ်တွင် ဗုဒ္ဓ၏ ဘာသာစကားအမြင်ကို အနောက်တိုင်း ခေတ်သစ်ဒဿနပညာရှင်များ (ဥပမာ - Wittgenstein, William James) ၏ အမြင်များနှင့် နှိုင်းယှဉ်လေ့လာထားသည်။ ဘာသာစကားသည် "သဘောတူညီချက်" သက်သက်သာဖြစ်ကြောင်း အလေးပေးတင်ပြထားသည်။

၂။ **Jayatilleke, K.N. (1963). Early Buddhist Theory of Knowledge. Allen & Unwin.** ဗုဒ္ဓဘာသာ ဉာဏ်ပညာသီအိုရီ ကို လေ့လာရာတွင် အခိုင်မာဆုံး ကျမ်းတစ်စောင်ဖြစ်သည်။ စာအုပ်၏ အခန်း (၇) တွင် "Meaning and Truth" ခေါင်းစဉ်ဖြင့် ဘာသာစကားနှင့် အမှန်တရား ဆက်စပ်ပုံကို အသေးစိတ် ဆွေးနွေးထားသည်။

၃။ **Gombrich, Richard F. (1990). "Pali" in The World's Religions. Routledge.** ပါဠိဘာသာစကား ဖြစ်ပေါ်လာပုံနှင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များက ပါဠိကို "မာဂဓီ" (မူရင်းဘာသာစကား) အဖြစ် မည်သို့ ယုံကြည်လက်ခံလာကြပုံကို သမိုင်းရှုထောင့်မှ သုံးသပ်ထားသည်။

၄။ **Tilakaratne, Asanga. (2020). Collected Papers: Vol I - Buddhist Philosophy. Sarasavi Publishers.** ဤပို့ချချက်တွင် အဓိက ကိုးကားထားသော "*The Development of 'Sacred Language' in the Buddhist Tradition*" စာတမ်း ပါဝင်သည်။ ဗုဒ္ဓဘာသာတွင် ဘာသာစကားဆိုင်ရာ အစွန်းရောက်မှုများ မည်သို့ ဝင်ရောက်လာသည်ကို သိရှိရန် အလွန်ကောင်းမွန်သည်။

## ပို့ချစဉ် (၈) - Buddhist Teachings of Conflict Resolution

### ၁။ နိဒါန်း

လူသားတို့၏ သမိုင်းကြောင်းသည် ပဋိပက္ခ၊ စစ်ပွဲ နှင့် အကြမ်းဖက်မှုများဖြင့် ဒွန်တွဲနေသည်။ သံယုတ်နိကာယ်တွင် နတ်သားတစ်ပါးက ဗုဒ္ဓအား "အန္တောဇာတာ ဗဟိဇာတာ[1]" (အတွင်းလည်း ရှုပ်၊ အပြင်လည်း ရှုပ်နေသော ဤပဋိပက္ခ အရှုပ်အထွေးကြီးကို မည်သူ ရှင်းနိုင်မည်နည်း) ဟူ၍ မေးမြန်းခဲ့သည်။ ဤမေးခွန်းသည် ဘီစီ ၆ ရာစုအတွက်သာမက ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေး၊ လူမှုရေးနှင့် ဘာသာရေး ပဋိပက္ခများအတွက်လည်း အသက်ဝင်နေဆဲ ဖြစ်သည်။

---

[1] "အန္တောဇဋာ ဗဟိဇဋာ[1]" (အတွင်းလည်း ရှုပ်၊ အပြင်လည်း ရှုပ်) ဟူသော ပြဿနာကို ဗုဒ္ဓက ဖြေရှင်းရာတွင် "သီလဧ္ဍ တည်၍၊ စိတ် (သမာဓိ) နှင့် ပညာကို ပွားများသော ရဟန်းသည် ဤအရှုပ်အထွေး(ဇဋာ)ကို ရှင်းလင်းနိုင်သည်" ဟု ဖြေကြားခဲ့သည်။ ဆိုလိုသည်မှာ ပဋိပက္ခဖြေရှင်းရေး၏ သော့ချက်သည် "သိက္ခာသုံးပါး (Threefold Training)" ပင် ဖြစ်သည်။ သံယုတ္တနိကာယ်၊ ဒေဝတာသံယုတ်၊ ဇဋာသုတ်။

ခေတ်သစ် ပဋိပက္ခဖြေရှင်းရေး နည်းလမ်းများသည် မျက်နှာပြင်ယံ ညှိနှိုင်းခြင်း နှင့် နိုင်ငံရေး သဘောတူညီချက်များကိုသာ အဓိကထားလေ့ရှိသည်။ သို့သော် ဗုဒ္ဓဘာသာ၏ ချဉ်းကပ်ပုံသည် ပဋိပက္ခ၏ မူလဇာစ်မြစ်ဖြစ်သော စိတ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ[2] ကိုပါ တူးဆွကုစားသည့် " ကုထုံးဆန်သော ချဉ်းကပ်မှု[3]" ဖြစ်သည်။ ဤပို့ချချက်သည် မဇ္ဈိမနိကာယ် မဓုပိဏ္ဍိကသုတ်လာ ပဋိပက္ခဖြစ်စဉ် သီအိုရီ၊ ဝိနည်းပိဋကတ်လာ အဓိကရဏသမထ နည်းလမ်းများနှင့် ဆရာကြီး Asanga Tilakaratne ၏ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး အမြင်များကို လေ့လာဆန်းစစ် တင်ပြထားသည်။

## ၂။ ပဋိပက္ခ၏ စိတ်ပိုင်းဆိုင်ရာ ဇာစ်မြစ်

Mahinda Palihawadana ၏ **Buddhism, Conflict and Violence in Modern Sri Lanka** ဆောင်းပါးအရ ဗုဒ္ဓဘာသာသည် ပဋိပက္ခကို အဆင့် (၃) ဆင့်ဖြင့် ခွဲခြားပြထားသည် -

(၁) **ကလဟ -** (ရန်ဖြစ်ခြင်း/ကာယကံ)၊

(၂) **ဝိဂ္ဂဟ -** (ငြင်းခုံခြင်း/ဝစီကံ)၊

(၃) **ဝိဝါဒ -** (ဝါဒကွဲပြားခြင်း/မနောကံ)။

မဇ္ဈိမနိကာယ် မဓုပိဏ္ဍိကသုတ်သည် ပဋိပက္ခဖြစ်ပေါ်လာပုံကို စိတ်ပညာရှုထောင့်မှ အတိကျဆုံး ရှင်းပြထားသည့် သုတ္တန်ဖြစ်သည်။

**ဖဿ** - မျက်စိနှင့် အဆင်း ဆုံတွေ့ရာမှ 'ဖဿ' (ထိတွေ့မှု) ဖြစ်သည်။

[2] Psychological Roots
[3] Therapeutic Approach

**ဝေဒနာ** - ထိုမှတဆင့် 'ဝေဒနာ' (ခံစားမှု) ဖြစ်သည်။

**သညာ** - ခံစားရသည်ကို 'သညာ' (မှတ်သား) သည်။

**ဝိတက္က** - မှတ်သားထားသည်ကို 'ဝိတက်' (ကြံစည်) သည်။

**ပပဉ္စက** - ကြံစည်ရာမှ "ပပဉ္စက" (တပ်မက်မှု၊ စွဲလမ်းမှု၊ မာနတက်မှုတို့ဖြင့် ချဲ့ကားတွေးတောခြင်း) ဖြစ်ပေါ်လာသည်။[4]

လူတစ်ဦးသည် အာရုံတစ်ခုကို မြင်သောအခါ ရိုးရိုးမမြင်ဘဲ "ငါ့ဟာ၊ ငါ့ဝါဒ၊ ငါ့နိုင်ငံ" ဟူသော စိတ်ဖြင့် ချဲ့ကားလိုက်သောအခါ၊ "ငါ" နှင့် "သူ" ဟူသော ခွဲခြားမှု ပေါ်လာသည်။ ဤမှတဆင့် လက်နက်စွဲကိုင်ခြင်း၊ ငြင်းခုံခြင်းနှင့် မုသာဝါဒများ(ဒဏ္ဍာဒါန-သတ္ထာဒါန-ကလဟ-ဝိဂ္ဂဟ-ဝိဝါဒ-တုဝံတုဝံ-ပေသုည-မုသာဝါဒါနံ) ဖြစ်ပေါ်လာရသည်။

**သက္ကပဉ္စသုတ်**တွင် သိကြားမင်းက "သတ္တဝါတို့သည် ရန်မဖြစ်ချင်ပဲ အဘယ့်ကြောင့် ရန်ဖြစ်နေကြသနည်း" ဟု မေးသည်။ ဗုဒ္ဓက တရားခံ (၂) ဦးရှိကြောင်း ဖြေကြားထားသည်။

**၁။ ဣဿာ -** သူတစ်ပါးကြီးပွားသည်ကို မနာလိုခြင်း။

---

[4] "ပပဉ္စ" ဆိုသည်မှာ ရိုးရှင်းသော အာရုံခံစားမှုကို "ငါ၊ ငါ့ဟာ၊ ငါ့ဥစ္စာ" ဟူ၍ တပ်မက်မှု (တဏှာ)၊ ထောင်လွှားမှု (မာန)၊ အယူမှားမှု (ဒိဋ္ဌိ) တို့ဖြင့် ချဲ့ကားတွေးတောခြင်း (Mental Proliferation) ဖြစ်သည်။ ခေတ်သစ်စိတ်ပညာအရ "Subjective mental construction" (မိမိစိတ်ကူးဖြင့် ပုံဖော်တည်ဆောက်ခြင်း) ဟု နားလည်နိုင်သည်။ ပဋိပက္ခသည် အပြင်လောကတွင် မစတင်ဘဲ ဤ "ပပဉ္စ" ကြောင့် စိတ်ထဲတွင် စတင်ခြင်းဖြစ်သည်။ *The Middle Length Discourses of the Buddha*, translated by Bhikkhu Bodhi. P. 201-206.

**၂။ မစ္ဆရိယ** - မိမိစည်းစိမ်/နေရာကို သူတစ်ပါးနှင့် မဝေမျှလိုခြင်း (ဝန်တိုခြင်း)။ ဤတရားနှစ်ပါးသည် နိုင်ငံရေးနှင့် စီးပွားရေး ပဋိပက္ခအားလုံး၏ အခြေခံအမြစ်များ ဖြစ်ကြသည်။

## ၃။ အမှန်တရားကို လက်ဝါးကြီးအုပ်ခြင်း

ဆရာကြီး Asanga Tilakaratne ၏ စာတမ်း "*Inter-Religious Harmony amidst Conflicting Truth Claims*" တွင် ဘာသာရေးနှင့် နိုင်ငံရေး ပဋိပက္ခများ၏ အဓိကအကြောင်းရင်းမှာ **"သစ္စာအဘိနိဝေသ**(အမှန်တရားကို စွဲလမ်းခြင်း)" ကြောင့်ဖြစ်ကြောင်း ထောက်ပြထားသည်။

လူတို့သည် မိမိလက်ခံထားသော အယူဝါဒကို "ဒါသာလျှင် အမှန်၊ ကျန်တာ အမှား (ဣဒမေဝ သစ္စံ မောဃမညံ[5])" ဟု စွဲလမ်းတတ်ကြသည်။ စင်္ကီသုတ်တွင် ဗုဒ္ဓက ဤသဘောထားကို ကန့်ကွက်ခဲ့ပြီး၊ "အမှန်တရားကို စောင့်ရှောက်သူ (သစ္စာနုရက္ခိတ)" သည် မိမိအမြင်ကို တင်ပြခွင့်ရှိသော်လည်း၊ တစ်ဖက်သားကို လုံးဝအမှားဟု မဆုံးဖြတ်သင့်ကြောင်း လမ်းညွှန်ခဲ့သည်။

**ဥဒါန**ပါဠိတော်တွင် ဗုဒ္ဓက ဝါဒကွဲပြားသူများကို "ဆင်ကြီးကို စမ်းသပ်နေသော မွေးရာပါ မျက်ကန်းများ" နှင့် နှိုင်းယှဉ်ပြခဲ့သည်။ နှာမောင်းကို စမ်းမိသူက ဆင်ကို ထွန်သွားနှင့်တူသည်ဟု ဆိုကာ၊ နားရွက်စမ်းမိသူက ဆင်ကို ယပ်တောင်နှင့် တူသည်ဟု ဆိုပြီး

[5] Only this is true, everything else is false

ရန်ဖြစ်ကြသည်။ အမှန်တရား၏ တစ်စိတ်တစ်ဒေသကိုသာ မြင်ပြီး အလုံးစုံဟု ထင်မှတ်ခြင်းသည် ပဋိပက္ခ၏ အကြောင်းရင်းဖြစ်သည်။[6]

## ၄။ လက်တွေ့ပဋိပက္ခဖြေရှင်းနည်းများ

ဗုဒ္ဓဘာသာသည် သီအိုရီသက်သက် မဟုတ်ဘဲ၊ လက်တွေ့ကျသော ပဋိပက္ခဖြေရှင်းရေး နည်းလမ်းများကို ဝိနည်းပိဋကတ်တွင် ပြဋ္ဌာန်းထားသည်။ ယင်းကို **"သတ္တအဓိကရဏသမထ" (အဓိကရုဏ်း ငြိမ်းစေနည်း ၇ ချက်)** ဟု ခေါ်သည်။[7]

**၁။ သမ္မုခါဝိနယ -** ကာယကံရှင် နှစ်ဦးစလုံး မျက်နှာစုံညီ ဖြေရှင်းခြင်း[8]။

**၂။ သတိဝိနယ -** စွပ်စွဲခံရသူ၏ သတိ (စိတ်စေတနာ/ရည်ရွယ်ချက်) ကို စစ်ဆေးခြင်း[9]။

**၃။ အမူဠ္ဟဝိနယ -** ရူးသွပ်နေသူ/စိတ်မနှံ့သူ ဖြစ်ပါက အပြစ်မှ ကင်းလွတ်ခွင့်ပေးခြင်း။

**၄။ ပဋိညာယ ကရဏ -** ဝန်ခံချက်အပေါ် မူတည်၍ ဆုံးဖြတ်ခြင်း။

**၅။ ယေဘုယျသိက -** အများဆန္ဒ (မဲ) ဖြင့် ဆုံးဖြတ်ခြင်း[10]။

---

[6] တိတ္ထသုတ်

[7] "အဓိကရုဏ်း" ဆိုသည်မှာ သံဃာ့အဖွဲ့အစည်းအတွင်း ဖြစ်ပွားသော "အငြင်းပွားမှု (Dispute)" သို့မဟုတ် "တရားမှုခင်း (Legal question)" ဟု အဓိပ္ပာယ်ရသည်။ "သမထ" ဆိုသည်မှာ "ငြိမ်းအေးစေခြင်း (Settlement)" ဖြစ်သည်။ ဤနည်းလမ်း (၇) သွယ်သည် ဒီမိုကရေစီနည်းကျသော တရားစီရင်ရေးစနစ် (Judicial Process) ၏ ရှေ့ပြေးပုံစံဖြစ်သည်။ ဝိနည်းပိဋက၊ စူဠဝါ၊ သမထက္ခန္ဓက၊ *The Book of the Discipline (Vinaya-Pitaka)*, Vol V, translated by I.B. Horner. P. 116-152.

[8] Face-to-face negotiation

[9] Checking the intent

[10] Majority Vote/Democracy

**၆။ တဿပါပိယသိက -** မပဟုတ်မမှန် ပြောဆိုသူ/ခေါင်းမာသူကို ထိရောက်စွာ အပြစ်ပေးခြင်း။

**၇။ တိဏဝတ္ထာရက -** "မြက်ဖြင့် ဖုံးအုပ်ခြင်း"။ ရန်ပွဲကြာရှည်ပြီး နှစ်ဖက်စလုံး အမှားပါနေပါက၊ အတိတ်က အပြစ်များကို ပြန်မဖော်ဘဲ ခွင့်လွှတ်ကျေအေးလိုက်ခြင်း။

ဤနည်းလမ်း (၇) သွယ်သည် ခေတ်သစ် တရားစီရင်ရေးနှင့် သံတမန်ရေးရာ ညှိနှိုင်းမှုများတွင် အလွန်အသုံးဝင်သော စံပြပုံစံများ ဖြစ်သည်။

## ၅။ ဒီဃာဝုမင်းသားနှင့် ကလဲ့စားချေခြင်း

**ဒီဃာဝုမင်းသား ဇာတ်လမ်း**သည် ပဋိပက္ခဖြေရှင်းရေးအတွက် အလွန်အားကောင်းသော သင်ခန်းစာဖြစ်သည်။ ဗြဟ္မဒတ်မင်းသည် ဒီဃာဝု၏ မိဘများကို သတ်ဖြတ်ခဲ့သည်။ ဒီဃာဝုသည် လက်စားချေရန် အခွင့်အရေး ရသော်လည်း၊ ဖခင်၏ နောက်ဆုံးမှာတမ်းစကားဖြစ်သော "ရန်ကို ရန်ချင်း မတုံ့နှင်းနှင့်၊ ရန်မတုံ့မှသာ ရန်ပြေသည် (နဟိ ဝေရေန ဝေရာနိ)" ဆိုသည်ကို သတိရပြီး ခွင့်လွှတ်ခဲ့သည်။ ဤလုပ်ရပ်ကြောင့် နှစ်နိုင်ငံ ချစ်ကြည်ရေး ပြန်လည်ရရှိခဲ့သည်။ လက်စားချေခြင်းသည် ပဋိပက္ခကို အဆုံးမသတ်စေဘဲ သံသရာလည်စေသည်။ ခွင့်လွှတ်ခြင်း နှင့် မေတ္တာ သာလျှင် ပဋိပက္ခ၏ အပြီးသတ် နိဂုံးဖြစ်ကြောင်း ဤဇာတ်လမ်းက ထင်ရှားစေသည်။[11]

---

[11] ဤဇာတ်လမ်းသည် ဝိနည်းပိဋက၊ မဟာဝါ၊ ကောသမ္ဗက္ခန္ဓက တွင် လာရှိသည်။ ကောသမ္ဗီပြည်မှ ရဟန်းများ ရန်ဖြစ်ကွဲပြားကြသည်ကို ညီညွတ်စေရန် ဘုရားရှင်က ဤအတိတ်ဇာတ်လမ်းကို ဥပမာပေး၍ ဟောကြားခဲ့ခြင်း ဖြစ်သည်။ "ရန်ကို ရန်ချင်း မတုံ့နှင်းနှင့်" ဆိုသည်မှာ Positive Peace (အပြုသဘောဆောင်သော ငြိမ်းချမ်းရေး) တည်ဆောက်နည်းဖြစ်သည်။ ငြိမ်းချမ်းရေးပညာရှင် Johan Galtung

## ၆။ ဘာသာပေါင်းစုံ သဟဇာတဖြစ်ရေး

ယနေ့ခေတ် သီရိလင်္ကာနှင့် မြန်မာကဲ့သို့သော နိုင်ငံများတွင် ဘာသာရေးလူမျိုးရေး ပဋိပက္ခများ ရှိနေသည်။ ပါမောက္ခ Asanga က ဗုဒ္ဓဘာသာဝင်တို့ ကျင့်သုံးသင့်သော မူဝါဒများကို ထောက်ပြထားသည် -

**၁။** ဂျိန်းဘာသာဝင် ဥပါလိ သူဌေးသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းသောအခါ၊ ဗုဒ္ဓက "သင့်ဆရာဟောင်းများ (ဂျိန်းဘုန်းကြီးများ) ကို ယခင်ကလိုပဲ ဆွမ်းလှူပါ" ဟု တိုက်တွန်းခဲ့သည်။ ဤအချက်သည် သည်းခံလက်ခံနိုင်စွမ်း၏ အထွတ်အထိပ်ဖြစ်သည်။

**၂။** အသောကမင်းကြီး၏ ကျောက်စာတွင် "မိမိဘာသာကို ချီးမြှောက်ပြီး သူတစ်ပါးဘာသာကို ရှုတ်ချခြင်းသည် မိမိဘာသာကို ပို၍ ထိခိုက်စေသည်" ဟု ရေးထိုးထားသည်။

**၃။** မေတ္တာပို့ရာတွင် "ဗုဒ္ဓဘာသာဝင်များ ကျန်းမာပါစေ" ဟု မဆိုဘဲ၊ "သတ္တဝါအားလုံး (သဗ္ဗေသတ္တာ)" ဟု ဆိုခြင်းသည် ဘာသာ၊ လူမျိုး၊ နယ်နိမိတ် အားလုံးကို ကျော်လွန်သော Universal Love ဖြစ်သည်။

## ၇။ လေ့လာခြင်း၏ အနှစ်သာရ

---

က ငြိမ်းချမ်းရေးကို (၂) မျိုး ခွဲခြားထားသည်။ (၁) Negative Peace - စစ်ပွဲနှင့် အကြမ်းဖက်မှု ရပ်စဲရုံသက်သက် (Absence of violence). (၂) Positive Peace - တရားမျှတမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသော အခြေအနေ (Presence of social justice and cooperation). ဗုဒ္ဓဘာသာ၏ ငြိမ်းချမ်းရေးသည် စိတ်အတွင်းငြိမ်းချမ်းမှု (Inner Peace) မှစတင်သောကြောင့် "Positive Peace" အမျိုးအစားတွင် ပါဝင်ကြောင်း သုံးသပ်နိုင်သည်။ Galtung, Johan. (1996). *Peace by Peaceful Means: Peace and Conflict, Development and Civilization*. SAGE Publications.

ဤအကြောင်းအရာကို လေ့လာခြင်းအားဖြင့် (၁) နိုင်ငံရေးအရ စာချုပ်လက်မှတ်ထိုးရုံဖြင့် ငြိမ်းချမ်းရေးမရနိုင်၊ လူသားတို့၏ စိတ်ထဲရှိ 'ပပဥ္စ' (အမြင်မှားမှု/အစွန်းရောက်မှု) များကို ကုစားမှသာ စစ်မှန်သော ငြိမ်းချမ်းရေး ရနိုင်ကြောင်း သိမြင်စေသည်။ (၂) ဝိနည်းလာ "တိဏဝတ္ထာရက" နည်းလမ်းသည် ပြစ်ဒဏ်ပေးခြင်းထက် ပြန်လည်သင့်မြတ်ရေး[12] ကို ဦးစားပေးသော Restorative Justice ၏ ရှေ့ပြေးပုံစံ ဖြစ်သည်။ (၃) မိမိအယူဝါဒကိုသာ အမှန်ဟု စွဲလမ်းသော "Dogmatism" ကို လျှော့ချပြီး၊ မတူကွဲပြားမှုများကို လက်ခံနိုင်သော လူ့အဖွဲ့အစည်း[13] တည်ဆောက်ရန် လမ်းညွှန်ပေးစေသည်။

**၈။ နိဂုံး**

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓဘာသာ၏ ပဋိပက္ခဖြေရှင်းနည်းသည် "အတွင်းစိတ် လက်နက်ဖြုတ်သိမ်းရေး"မှ စတင်သည်။ ဓမ္မပဒတွင် "စစ်မြေပြင်၌ လူတစ်ထောင်ကို နိုင်သူထက် မိမိကိုယ်ကို အောင်နိုင်သူသည်သာ စစ်မှန်သော အောင်နိုင်သူ (ဇိတုံ)" ဟု ဆိုသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးသည် ညီလာခံစားပွဲဝိုင်းများမှ မဟုတ်ဘဲ၊ လူတစ်ဦးချင်းစီ၏ မေတ္တာနှင့် ပညာအပေါ်တွင် အခြေခံကြောင်း၊ အနိုင်ယူလိုစိတ် မှ ညှိနှိုင်းဖြေရှင်းလိုစိတ်သို့ ပြောင်းလဲရန် လိုအပ်ကြောင်း ဗုဒ္ဓဒေသနာများက မီးမောင်းထိုးပြနေပေသည်။

**ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့**

ဤစာအုပ်တို့သည် "Buddhist Conflict Resolution" နှင့် "Peace Studies" ဘာသာရပ်များအတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်သည်။

---

[12] Reconciliation
[13] Pluralistic Society

၁။ **Deegalle, Mahinda. (Ed.). (2006). Buddhism, Conflict and Violence in Modern Sri Lanka. Routledge.** သီရိလင်္ကာနိုင်ငံ၏ ပြည်တွင်းစစ်နှင့် ဘာသာရေးပဋိပက္ခများကို ဗုဒ္ဓဘာသာရှုထောင့်မှ သုံးသပ်ထားသော စာတမ်းများ စုစည်းမှုဖြစ်သည်။ Mahinda Palihawadana ၏ ဆောင်းပါးသည် ဤစာအုပ်တွင် ပါဝင်ပြီး၊ ပဋိပက္ခ၏ သီအိုရီနှင့် လက်တွေ့ကို ချိတ်ဆက်ပြထားသည်။

၂။ **Jayatilleke, K.N. (1992). Buddhism and Peace. Buddhist Publication Society.** ကုလသမဂ္ဂ ငြိမ်းချမ်းရေးမူဝါဒများနှင့် ဗုဒ္ဓ၏ ငြိမ်းချမ်းရေးမူဝါဒများကို နှိုင်းယှဉ်လေ့လာထားသည်။ နိုင်ငံတကာ ဆက်ဆံရေး နှင့် ဗုဒ္ဓဘာသာ ဆက်စပ်ပုံကို နားလည်ရန် အလွန်ကောင်းမွန်လေသည်။

၃။ **Galtung, Johan. (1996). Peace by Peaceful Means. SAGE Publications.** ငြိမ်းချမ်းရေးပညာ၏ ဖခင်ကြီး Johan Galtung သည် ဗုဒ္ဓဘာသာ၏ "အတွင်း" နှင့် "အပြင်" ငြိမ်းချမ်းရေး ဆက်စပ်ပုံကို မကြာခဏ ကိုးကားလေ့ရှိသည်။ ဗုဒ္ဓဝါဒကို ခေတ်သစ် ငြိမ်းချမ်းရေး သီအိုရီများနှင့် တွဲဖက်လေ့လာလိုသူများအတွက် သင့်လျော်သည်။

၄။ **Harvey, Peter. (2000). An Introduction to Buddhist Ethics. Cambridge University Press.** အခန်း (၆) တွင် "*War and Peace*" ခေါင်းစဉ်ဖြင့် ဗုဒ္ဓဘာသာဝင်တို့ စစ်ပွဲအပေါ် ထားရှိသော သဘောထား၊ ခုခံကာကွယ်စစ် (Defensive War) နှင့် ပတ်သက်သော အငြင်းပွားမှုများကို ရှင်းပြထားသည်။

## ပို့ချစဉ် (၉) - Buddhist Education: Foundations and Methods

### ၁။ နိဒါန်း

ကမ္ဘာ့ဘာသာတရား အများစုသည် "ယုံကြည်မှု[1]" ကို အခြေခံသော်လည်း၊ ဗုဒ္ဓဘာသာသည် "ပညာရေး - သိက္ခာ[2]" ကို အခြေခံသော ဝါဒဖြစ်သည်။ ဗုဒ္ဓ၏ ဂုဏ်ပုဒ် (၉) ပါးအနက် အထင်ရှားဆုံး ဂုဏ်ပုဒ်တစ်ခုမှာ "သတ္တာ ဒေဝမနုဿာနံ" (လူနတ်တို့၏ ဆရာ) ဟူ၍ ဖြစ်သည်။ ဗုဒ္ဓသည် မိမိကိုယ်ကို "ဖန်ဆင်းရှင်" သို့မဟုတ် "ကယ်တင်ရှင်[3]" အဖြစ် ဘယ်သောအခါမျှ မခံယူခဲ့ဘဲ၊ "လမ်းညွှန်ပြသသူ" အဖြစ်သာ ရပ်တည်ခဲ့သည်။

ဗုဒ္ဓဘာသာအလိုအရ လူသားတို့ ဒုက္ခရောက်ရခြင်း၏ အဓိကတရားခံမှာ "အဝိဇ္ဇာ" ဖြစ်သည်။ ထိုအဝိဇ္ဇာကို ပယ်ဖျောက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ "ပညာ" ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ၏ လမ်းစဉ်တစ်ခုလုံးသည် မသိမှုမှ သိမှုဆီသို့ သွားသော ပညာရေးခရီးစဉ် ဖြစ်သည်။ ဤပို့ချချက်သည် ဗုဒ္ဓ၏ ပညာရေးဒဿန၊ စိတ်ပညာဆိုင်ရာ

[1] Faith
[2] Education
[3] Savior

အခြေခံများနှင့် ခေတ်သစ်ပညာရေးစနစ်[4] နှင့် နှိုင်းယှဉ်လေ့လာစရာကောင်းသော သင်ကြားနည်းစနစ်များကို လေ့လာတင်ပြထားသည်။

## ၂။ ပညာရေးဆိုင်ရာ ဒဿနအခြေခံများ

ဆရာကြီး K.N. Jayatilleke ၏ သုံးသပ်ချက်အရ ဗုဒ္ဓဘာသာ ပညာရေးဒဿနသည် အောက်ပါ မဏ္ဍိုင်ကြီး (၃) ရပ်အပေါ်တွင် တည်ဆောက်ထားသည်။

### (က) လမ်းပြသူသာ ဖြစ်ခြင်း

ဂဏကမောဂ္ဂလ္လာနသုတ်တွင် ပုဏ္ဏားကြီးက "အရှင်ဘုရား၏ တပည့်အားလုံး နိဗ္ဗာန်ရောက်ပါသလား" ဟု မေးသည်။ ဗုဒ္ဓက "အချို့ရောက်သည်၊ အချို့မရောက်ပါ" ဟု ဖြေသည်။ ထို့နောက် "ငါဘုရားသည် လမ်းမှန်ကို ညွှန်ပြသူ (မဂ္ဂက္ခာယီ)သာ ဖြစ်သည်။ ထိုလမ်းအတိုင်း လျှောက်လှမ်းခြင်း ရှိ/မရှိ ဆိုသည်မှာ ကျင့်သုံးမည့်သူ၏ တာဝန်သာ ဖြစ်သည်" ဟု ရှင်းပြခဲ့သည်။ ဤအချက်သည် ကျောင်းသားဗဟိုပြု[5] ပညာရေး၏ ရှေ့ပြေးဖြစ်သည်။

### (ခ) လွတ်လပ်စွာ တွေးခေါ်မှုနှင့် ဝေဖန်ပိုင်းခြားမှု

ကာလာမသုတ်သည် ဗုဒ္ဓပညာရေး၏ အမှတ်အသားဖြစ်သည်။ ဗုဒ္ဓက "ဆရာပြောရုံဖြင့် မယုံနှင့်၊ စာပေထဲပါရုံဖြင့် မယုံနှင့်" ဟု ဟောကြားကာ၊ ကိုယ်တိုင် စူးစမ်းလေ့လာပြီးမှ

---

[4] Modern Pedagogy

[5] Student-Centered

လက်ခံရန် (ဧဟိပဿိကော) တိုက်တွန်းခဲ့သည်။ ဤအချက်သည် ခေတ်သစ် "သိပ္ပံနည်းကျ[6]" နှင့် "ဆင်ခြင် သုံးသပ်ခြင်း[7]" တို့၏ အခြေခံဖြစ်သည်။

### (ဂ) လူသား၏ စွမ်းရည်နှင့် လွတ်လပ်သော ဆန္ဒ

အတ္တကာရသုတ်[8]တွင် ဗုဒ္ဓသည် "ကံကြမ္မာဝါဒ[9]" ကို ပယ်ချခဲ့သည်။ လူသားတိုင်းတွင် ကိုယ်ပိုင် စွမ်းဆောင်နိုင်ရည် (အတ္တကာရ)၊ လုံ့လစိုက်ထုတ်နိုင်မှု (ဝီရိယ)၊ စတင်နိုင်စွမ်း (အာရမ္ဘဓာတု) နှင့် ရှေ့သို့ဆက်သွားနိုင်စွမ်း (ပရက္ကမဓာတု) တို့ ရှိကြောင်း ဟောကြားခဲ့သည်။ ပညာရေး၏ ရည်ရွယ်ချက်မှာ ဤအတွင်းစိတ်စွမ်းရည်[10] ကို ဖော်ထုတ်ပေးရန် ဖြစ်သည်။

## ၃။ ပညာရေးဆိုင်ရာ စိတ်ပညာအခြေခံများ

ထိရောက်သော သင်ကြားမှုဖြစ်ရန်အတွက် ကျောင်းသား၏ စိတ်သဘာဝကို နားလည်ရန် လိုအပ်သည်။ ဗုဒ္ဓသည် လူတို့၏ "တစ်ဦးချင်း ကွဲပြားခြားနားမှု" ကို အထူးအလေးထားသည်။

### (က) ကြားပန်သုံးမျိုးဥပမာ

---

[6] Scientific Method

[7] Critical Thinking

[8] ဤသုတ္တန်သည် ဗုဒ္ဓက မက္ခလိဂေါသာလ၏ "နိယတဝါဒ (Fatalism - ကံကြမ္မာအတိုင်းသာ ဖြစ်သည်၊ ကြိုးစား၍ မရ)" ဟူသော ဝါဒကို ဆန့်ကျင်ပြီး၊ လူသားတိုင်းတွင် ကိုယ်ပိုင်ကြိုးပမ်းအားထုတ်နိုင်စွမ်း (Self-agency/Attakara) ရှိကြောင်း ဟောကြားခဲ့သည်။ ပညာရေးသည် ထိုစွမ်းရည်ကို ဖော်ထုတ်ပေးခြင်း ဖြစ်သည်။

[9] Fatalism

[10] Inner Potential

ဗုဒ္ဓသည် အရိယပရိယေသနသုတ်တွင် လူသားတို့၏ ဉာဏ်ရည်ကွဲပြားမှုကို ကြာပန်း (၃) မျိုးဖြင့် ဥပမာပေးထားသည်။

**၁။ ဥဒကံ အစ္စုဂ္ဂမ္မ** - ရေမှ အထက်သို့ ပေါ်ထွက်၍ ရေဖြင့် မလိမ်းကျံဘဲ တည်နေသော ကြာ။ တရားအကျဉ်း ဟောရုံဖြင့် ခဏချင်း တရားထူးရနိုင်သူ (ဥဂ္ဃဋိတညူ - ဉာဏ်အထက်မြက်ဆုံးသူ)

**၂။ ဥဒကာနုဂတ** - ရေပြင်ညီမျှ၌ တည်နေသော ကြာ။ အကျယ်တဝင့် ရှင်းပြမှ တရားသိမြင်နိုင်သူ (ဝိပဉ္စိတညူ - ဉာဏ်အလတ်စားရှိသူ)

**၃။ ဥဒကေ နိမုဂ္ဂ** - ရေအောက်၌ နစ်မြုပ်လျက် အာဟာရဖြင့် ကြီးပွားနေသော ကြာ။ ဆရာသမား၏ သွန်သင်ဆုံးမမှု၊ ကျင့်ကြံအားထုတ်မှုဖြင့် တဖြည်းဖြည်းချင်းမှ တရားရနိုင်သူ (နေယျ - ဉာဏ်နုံ့သော်လည်း ပြုပြင်၍ရသူ)။[11]

ဤကွဲပြားမှုကို 'ဣန္ဒြိယပရောပရိယတ္တဉာဏ်' ဖြင့် သိရှိပြီး လူတစ်ဦးချင်းစီနှင့် ကိုက်ညီသော သင်ကြားနည်းကို အသုံးပြုခဲ့သည်။

### (ခ) စရိုက် ၆ ပါး

ဗုဒ္ဓဘာသာ အဘိဓမ္မာတွင် လူတို့ကို စရိုက် (၆) မျိုး ခွဲခြားထားသည် -

- ရာဂစရိုက် - တပ်မက်မှုကြီးသူ။

---

[11] အရိယပရိယေသနသုတ် တွင် ဗုဒ္ဓသည် ဉာဏ်ရည်ကွဲပြားမှုကို "ကြာ (၃) မျိုး" ဖြင့်သာ ဥပမာပေးခဲ့သည်။ သို့သော် ဥဂ္ဃဋိတညူသုတ်တွင် လူပုဂ္ဂိုလ် (၄) မျိုး (ဥဂ္ဃဋိတညူ၊ ဝိပဉ္စိတညူ၊ နေယျ နှင့် ပဒပရမ) ဟူ၍ အသေးစိတ် ခွဲခြားပြသခဲ့သည်။

- ဒေါသစရိုက် - ဒေါသကြီးသူ။
- မောဟစရိုက် - တွေဝေသူ။
- သဒ္ဓါစရိုက် - ယုံကြည်မှုအားကောင်းသူ။
- ဗုဒ္ဓိစရိုက် - ဉာဏ်ပညာကြီးသူ။
- ဝိတက်စရိုက် - တွေးတောမှုများသူ။ ဆရာကောင်းတစ်ဦးသည် ကျောင်းသား၏ စရိုက်ကို ကြည့်ပြီး သင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးရသည်။[12]

## ၄။ ဗုဒ္ဓ၏ သင်ကြားနည်းစနစ်များ

ဗုဒ္ဓ၏ သင်ကြားနည်းစနစ်များသည် ယနေ့ခေတ် ဆရာအတတ်ပညာအတွက် အလွန်တန်ဖိုးရှိသော နည်းလမ်းများ ဖြစ်သည်။

### (က) အနုပုဗ္ဗိကထာ - အဆင့်ဆင့် သင်ကြားနည်း[13]

ဗုဒ္ဓသည် ခက်ခဲသော အကြောင်းအရာများကို ချက်ချင်း မသင်ပါ။ အောက်ပါ အဆင့် (၅) ဆင့်ဖြင့် တဖြည်းဖြည်း မြှင့်တင် သင်ကြားပေးသည်။

**ဒါနကထာ -** ပေးကမ်းခြင်းအကြောင်း။

---

[12] လူတစ်ဦးချင်းစီ၏ စိတ်နေသဘောထား (Personality Types) ကို (၆) မျိုး ခွဲခြားခြင်းသည် သုတ္တန်များတွင် ပြန့်ကျဲနေသော်လည်း၊ စနစ်တကျ စုစည်းထားသည်မှာ ဝိသုဒ္ဓိမဂ်ကျမ်း၊ ကမ္မဋ္ဌာန်းပိုင်းတွင် ဖြစ်သည်။ ဆရာသည် တပည့်၏ စရိုက်ကို ကြည့်၍ (ဥပမာ - ရာဂစရိုက်ရှိသူကို အသုဘကမ္မဋ္ဌာန်း၊ ဒေါသစရိုက်ရှိသူကို မေတ္တာကမ္မဋ္ဌာန်း) ပေးရမည်ဟု ညွှန်ကြားထားသည်။

[13] Gradual Method

**သီလကထာ** - ကိုယ်ကျင့်တရားအကြောင်း။

**သဂ္ဂကထာ** - ကောင်းမှု၏ ရလဒ်အကြောင်း။

**ကာမာနံ အာဒီနဝ -** ကာမဂုဏ်၏ အပြစ်များအကြောင်း။

**နေက္ခမ္မ** - ထွက်မြောက်ခြင်း၏ အကျိုး။

ကျောင်းသား၏စိတ် အဆင်သင့်ဖြစ်ပြီဆိုမှသာလျှင် "သစ္စာလေးပါး" ကို ဟောကြားသည်။ ဤနည်းကို "အဆင့်ဆင့် သင်ကြားနည်း" ဟု ခေါ်သည်။

## (က) သိပြီးမှ မသိသေးသောအရာသို့ ချိတ်ဆက်နည်း

ဗုဒ္ဓသည် နက်နဲသော တရားဓမ္မများကို ရှင်းပြရာတွင် နေ့စဉ်မြင်တွေ့နေရသော ဥပမာများကို အသုံးပြုသည်။ တရားဓမ္မသည် ကူးရန်အတွက်သာဖြစ်ပြီး စွဲလမ်းရန် မဟုတ်ကြောင်း ရှင်းပြရာ၌ 'ဖောင်ဥပမာ'ကို သုံးသည်။ ဝီရိယကို လျှော့လွန်း၊ တင်းလွန်း မဖြစ်စေရ ဟူသော အချက်ကို ရှင်းပြရာ၌ 'စောင်းကြိုးဥပမာ[14]'ကို သုံးသည်။

## (ဂ) ပြဿနာဖြေရှင်းနည်း

ကိသာဂေါတမီ၏ သားသေဆုံးမှုပြဿနာကို ဖြေရှင်းရာတွင် ဗုဒ္ဓသည် တရားဟောရုံဖြင့် မဖြေရှင်းဘဲ၊ "မုန်ညင်းစေ့ ရှာခိုင်းခြင်း" ဟူသော လက်တွေ့လုပ်ဆောင်ချက်ကို ပေးခဲ့သည်။

---

[14] ဝီရိယ လွန်ကဲလျှင် ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ) ဖြစ်တတ်ပြီး၊ လျော့ရဲလျှင် ပျင်းရိခြင်း (ကောသဇ္ဇ) ဖြစ်တတ်သည်။ ထို့ကြောင့် စောင်းကြိုး မလျော့လွန်း မတင်းလွန်း ညှိရသကဲ့သို့ ကျင့်ရမည်ဟု သောဏမထေရ် အား ဟောကြားခဲ့သည်။ အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ သောဏသုတ်။

သူမကိုယ်တိုင် အိမ်တိုင်းစေ့ လိုက်မေးသောအခါ "သေခြင်းတရားသည် လူတိုင်းနှင့် ဆိုင်ပါလား" ဆိုတာကို ကိုယ်တိုင် ရှာဖွေတွေ့ရှိသွားသည်။

**(ဃ) အစားထိုးနည်း**

သင်္ဂါလောဝါဒသုတ်တွင် သိင်္ဂါလလုလင်သည် အရပ်မျက်နှာများကို ရှိခိုးနေသည်။ ဗုဒ္ဓက "မင်းလုပ်တာ မှားတယ်" ဟု တိုက်ရိုက်မပယ်ချဘဲ၊ "အရပ်မျက်နှာ (၆) မျက်နှာဆိုတာ မိဘ၊ ဆရာ၊ သားမယား၊ မိတ်ဆွေ၊ အလုပ်သမား၊ ရဟန်း ဆိုတဲ့ လူမှုဆက်ဆံရေး (၆) မျိုးကို ဆိုလိုတာပါ" ဟု အဓိပ္ပာယ်သစ် ဖွင့်ဆိုပေးခဲ့သည်။ ဤအချက်သည် ကျောင်းသား၏ ရှိရင်းစွဲ ဗဟုသုတကို အခြေခံပြီး အသိပညာသစ် ပေးခြင်းဖြစ်သည်။

**(င) မေးခွန်းမေးနည်း ၄ မျိုး**

ဗုဒ္ဓသည် မေးခွန်းများကို ဖြေကြားရာတွင် ပုံစံ (၄) မျိုးကို သုံးသည်။

1. **ဧကံသ ဗျာကရဏီယ -** တိုက်ရိုက် ဖြေရမည့် မေးခွန်း[15]။
2. **ဝိဘဇ္ဇ ဗျာကရဏီယ -** ခွဲခြမ်းစိတ်ဖြာပြီးမှ ဖြေရမည့် မေးခွန်း[16]။
3. **ပဋိပုစ္ဆ ဗျာကရဏီယ -** မေးခွန်းပြန်ထုတ်ပြီးမှ ဖြေရမည့် မေးခွန်း[17]။
4. **ဌပနီယ -** မဖြေဘဲ ဖယ်ထားရမည့် မေးခွန်း[18]။ ဥပမာ - လောက မြဲသလော/မမြဲသလော စသည့် အကျိုးမရှိသော မေးခွန်းများ။

---

[15] Categorical answer
[16] Analytical answer
[17] Counter-question
[18] Question to be set aside

## (စ) ဝေဖန်ပိုင်းခြားနည်း - ဝိဘဇ္ဇဝါဒ[19]

ဗုဒ္ဓသည် အယူအဆတစ်ခုကို လုံးဝ လက်ခံခြင်းမပြုဘဲ၊ အစိတ်အပိုင်းများ ခွဲခြမ်းစိတ်ဖြာပြလေ့ရှိသည်။ ဥပမာ - "လူ" ဆိုတာ ဘာလဲ? ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဆိုတဲ့ ခန္ဓာ (၅) ပါး ပေါင်းစပ်ထားတာသာ ဖြစ်တယ်။ ဤနည်းသည် ကျောင်းသားများကို အသေးစိတ် ဆန်းစစ်တတ်သော အလေ့အကျင့် ရစေသည်။

## (ဆ) ဆရာဗဟိုပြု နှင့် ကျောင်းသားဗဟိုပြု ပေါင်းစပ်ခြင်း

ဗုဒ္ဓသည် တစ်ခါတစ်ရံတွင် "တရားဟောခြင်း" ကို သုံးသလို၊ တစ်ခါတစ်ရံတွင် "အမေးအဖြေပြုလုပ်ခြင်း" ကိုလည်း သုံးသည်။ အထူးသဖြင့် ဉာဏ်ကြီးသော ကျောင်းသားများနှင့် တွေ့သောအခါ "ဆွေးနွေးငြင်းခုံခြင်း" နည်းလမ်းကို တွင်ကျယ်စွာ အသုံးပြုသည်။

## ၅။ ဆရာနှင့် တပည့် ဆက်ဆံရေး

ဗုဒ္ဓဘာသာ ပညာရေးတွင် ဆရာနှင့် တပည့် ဆက်ဆံရေးသည် "သခင်နှင့် ကျွန်" သို့မဟုတ် "အာဏာရှင်နှင့် လက်အောက်ငယ်သား" ဆက်ဆံရေးမျိုး မဟုတ်ပါ။ ဆရာသည် တပည့်၏ "မိတ်ဆွေကောင်း" ကလျာဏမိတ္တ ဖြစ်ရမည်။ ဆရာ၏ တာဝန်ကား ကောင်းစွာ သင်ကြားပေးရမည် (သုဝိနီတ / သုဂ္ဂဟိတ)၊ ဘေးရန်မှ ကာကွယ်ရမည် (ပရိတ္တာဏ)။ တပည့်၏ တာဝန်ကား ရိုသေလေးစားရမည် (ဥဋ္ဌာန)၊ ဂရုတစိုက် သင်ယူရမည် (သုဿူသာ)။

---

[19] Analytical Method

ကုန္တိဝိကာရဝတ္ထုတွင် ဗုဒ္ဓသည် တပည့်ဖြစ်သူ ရဟန်းများ ဖျားနာသောအခါ ကိုယ်တိုင် ပြုစုစောင့်ရှောက်ခြင်းဖြင့် "ကရုဏာရှင် ဆရာ" ပုံစံကို ပြသခဲ့သည်။[20]

## ၆။ ပညာရေး၏ ရည်မှန်းချက်

ဗုဒ္ဓဘာသာ ပညာရေး၏ အန္တိမရည်မှန်းချက်သည် ဘွဲ့လက်မှတ်ရရန် သက်သက်မဟုတ်ဘဲ၊ လူသားတစ်ဦးလုံး ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဖြစ်သည်။

**၁။ စိတ္တဘာဝနာ -** စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု[21]။

**၂။ ပညာဘာဝနာ -** ဉာဏ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု[22]။

**၃။ ကာယဘာဝနာ** - ကိုယ်ကာယ/အပြုအမူပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု[23]။

အဆုံးစွန်သော ရည်မှန်းချက်မှာ အမှီအခိုကင်းသော၊ မိမိကိုယ်ကို အားကိုးနိုင်သော (အတ္တာဟိ အတ္တနော နာထော)၊ ကိလေသာ ကင်းစင်သော လွတ်မြောက်သူ တစ်ဦး မွေးထုတ်ပေးရန် ဖြစ်သည်။

## ၇။ လေ့လာခြင်း၏ အနှစ်သာရနှင့် ခေတ်သစ်ပညာရေး

ဤအကြောင်းအရာကို လေ့လာခြင်းအားဖြင့် (၁) ကာလာမသုတ်လာ "ဧဟိပဿိကော" (လာလှည့်၊ ရှုလှည့်) မူဝါဒသည် ခေတ်သစ်သိပ္ပံပညာနှင့် ဒီမိုကရေစီပညာရေး၏

[20] ဗုဒ္ဓက "ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊ သော ဂိလာနံ ဥပဋ္ဌဟေယျ" (ရဟန်းတို့... ငါဘုရားကို ပြုစုလိုလျှင် မကျန်းမာသော ရဟန်းကို ပြုစုလော့) ဟူသော ကျော်ကြားသည့် စကားကို မိန့်ကြားခဲ့သည်။

[21] Emotional Intelligence

[22] Intellectual Development

[23] Physical/Behavioral Development

အသက်သွေးကြောဖြစ်သည်။ (၂) ဗုဒ္ဓသည် ဇာတ်နိမ့် (သုနီတ)၊ လူသတ်သမား (အင်္ဂုလိမာလ)၊ အမျိုးသမီးများ နှင့် ကလေးငယ်များကိုပါ ပညာသင်ကြားခွင့် ပေးခဲ့သည်။ ယင်းအချက်သည် ယနေ့ခေတ် "အားလုံးပါဝင်သော ပညာရေး" ၏ ရှေ့ပြေးဖြစ်သည်။ (၃) ကျောင်းသား၏ စိတ်အခြေအနေ နှင့် စရိုက် ကို နားလည်ပြီးမှ သင်ကြားခြင်းသည် "ပညာရေးစိတ်ပညာ" ၏ အခြေခံဖြစ်သည်။

## ၈။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓဘာသာ ပညာရေးစနစ်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ပေါ်ပေါက်ခဲ့သော်လည်း၊ ယနေ့ခေတ် ပညာရေးသီအိုရီများဖြစ်သော " သင်ယူသူ ဗဟိုပြု[24]"၊ " စိတ်ပညာအခြေခံ သင်ကြားနည်း[25]" နှင့် " ပြဿနာအခြေပြု သင်ယူမှု[26]" တို့နှင့် အံ့သြဖွယ်ရာ ထပ်တူကျနေသည်။ ဗုဒ္ဓသည် "ဆရာ" ဟူသော ကဏ္ဍကို အာဏာရှင်အဖြစ်မှ လမ်းပြသူ၊ မိတ်ဆွေကောင်းအဖြစ်သို့ ပြောင်းလဲပေးခဲ့ပြီး၊ ပညာရေး၏ ရည်ရွယ်ချက်ကို "အသက်မွေးဝမ်းကျောင်း" အဆင့်မှ "ဘဝလွတ်မြောက်မှု" အဆင့်သို့ မြှင့်တင်ပေးခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓ၏ သင်ကြားနည်းစနစ်များသည် "အနုသာသနီ ပါဋိဟာရ[27]" အဖြစ် ယနေ့တိုင် တည်ရှိနေခြင်း ဖြစ်သည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Buddhist Education" နှင့် "Buddhist Educational Psychology" ဘာသာရပ်များအတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

---

[24] Learner-Centered Approach
[25] Psychological Basis of Teaching
[26] Problem-Based Learning
[27] Miracle of Instruction

၁။ **Jayatilleke, K.N. (1963). Early Buddhist Theory of Knowledge. Allen & Unwin.** ဗုဒ္ဓဘာသာ၏ ပညာရေးနှင့် အသိပညာသီအိုရီ (Epistemology) ကို အနောက်တိုင်း ဒဿနများနှင့် နှိုင်းယှဉ်လေ့လာထားသော စာအုပ်ကြီးဖြစ်သည်။ အထူးသဖြင့် ကာလာမသုတ် နှင့် ဝေဖန်ပိုင်းခြားသော တွေးခေါ်မှုအပိုင်းများကို အသေးစိတ် ရှင်းပြထားသည်။

၂။ **De Silva, Padmasiri. (1991). An Introduction to Buddhist Psychology. Macmillan.** ဗုဒ္ဓဘာသာ စိတ်ပညာနှင့် ခေတ်သစ်စိတ်ပညာ (Freud, Jung, Maslow) တို့ကို နှိုင်းယှဉ်ထားသည်။ ပညာရေးစိတ်ပညာ (Educational Psychology) ရှုထောင့်မှ "စရိုက် ၆ ပါး" နှင့် သင်ကြားနည်းများကို လေ့လာလိုသူများအတွက် အလွန်ကောင်းမွန်သည်။

၃။ **Guruge, Ananda W.P. (1992). The Miracle of Instruction.** ဗုဒ္ဓ၏ သင်ကြားနည်းစနစ်များ (Pedagogy) ကို သီးသန့်လေ့လာထားသော စာအုပ်ဖြစ်သည်။ ဆရာအတတ်ပညာ စိတ်ဝင်စားသူများ ဖတ်ရှုသင့်သည်။

၄။ **Dharmasiri, Gunapala. (1988). Buddhist Ethics.** ပညာရေး၏ ကျင့်ဝတ်ဆိုင်ရာ အခြေခံများ (Moral Foundations of Education) ကို လေ့လာရန် သင့်လျော်သည်။

## ပို့ချစဉ် (၁၀) - Buddhism on Ethnic Identity and Related Issues

### ၁။ နိဒါန်း

မျက်မှောက်ခေတ် ကမ္ဘာကြီးတွင် လူသားအချင်းချင်း သတ်ဖြတ်နေကြသည့် စစ်ပွဲများနှင့် အကြမ်းဖက်မှု အများစုသည် "လူမျိုး[1]" နှင့် "လူမျိုးနွယ်စု[2]" ဟူသော ဝိသေသလက္ခဏာများ အပေါ်တွင် အခြေခံထားသည်။ အထူးသဖြင့် မေတ္တာနှင့် အကြမ်းမဖက်ရေးကို အဓိကထားသော ဗုဒ္ဓဘာသာ ထွန်းကားသည်ဟု ဆိုသော သီရိလင်္ကာ၊ မြန်မာနှင့် ထိုင်းနိုင်ငံကဲ့သို့သော ဒေသများတွင်ပင် လူမျိုးရေးနှင့် ဘာသာရေး ရောယှက်နေသော ပဋိပက္ခ[3]များ ဖြစ်ပွားနေခြင်းသည် သုတေသီများအတွက် မေးခွန်းထုတ်စရာ ဖြစ်လာသည်။

ဗုဒ္ဓဘာသာသည် "အတ္တမရှိ[4]" ဟု ဟောကြားသော်လည်း၊ ဗုဒ္ဓဘာသာဝင် အများစုသည် "လူမျိုးရေး အတ္တ[5]" ကို ပြင်းထန်စွာ စွဲကိုင်ထားကြသည်။ ဤပို့ချချက်သည်

[1] Race
[2] Ethnicity
[3] Ethno-religious conflicts
[4] Non-self
[5] Collective Self

လူမျိုးဆိုသည်မှာ ဇီဝဗေဒအရ တည်ရှိသော အမှန်တရားလော၊ သို့မဟုတ် လူတို့ဖန်တီးထားသော အယူအဆ သက်သက်လော ဟူသည့် မေးခွန်းကို ဝါသေဋ္ဌသုတ်ဖြင့် အဖြေရှာထားသည်။ ထို့အပြင် K.M. de Silva ၏ နိုင်ငံရေး သုံးသပ်ချက်များနှင့် Daisaku Ikeda ၏ ငြိမ်းချမ်းရေး လမ်းစဉ်များကို ပေါင်းစပ်၍ ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းများအတွင်းရှိ ပဋိပက္ခများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို လေ့လာတင်ပြထားသည်။

## ၂။ လူမျိုး နှင့် လူမျိုးနွယ်စု ခွဲခြားခြင်း

ခေတ်သစ် လူမှုဗေဒနှင့် မနုဿဗေဒပညာရှင်များ၏ အဆိုအရ လူမျိုး နှင့် လူမျိုးနွယ်စုသည် မတူညီပေ။

(က) Race (လူမျိုး)

လူမျိုးသည် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများဖြစ်သည့် အသားအရောင်၊ မျက်လုံးပုံစံ၊ ဆံပင်အနေအထား စသည်တို့အပေါ် အခြေခံသည်။ (ဥပမာ - မွန်ဂိုလူမျိုးနွယ် အာရှအရှေ့ပိုင်းသားများ - Mongoloid, ကော်ကေးဆပ် လူမျိုးနွယ် ဥရောပနှင့် အာရိယန်နွယ်ဖွားများ - Caucasoid, နီဂရိုးလူမျိုးနွယ် အာဖရိက လူမည်းမျိုးနွယ်များ - Negroid)။ သိပ္ပံပညာအရ လူမျိုးဟူသည် ဇီဝဗေဒ အမှန်တရားမဟုတ်ဘဲ၊ လူမှုရေးအရ သတ်မှတ်ချက်သာ ဖြစ်သည်။

(ခ) Ethnicity (လူမျိုးနွယ်စု)

လူမျိုးစုသည် ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာများဖြစ်သည့် ဘာသာစကား၊ ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းနှင့် သမိုင်းကြောင်းတို့အပေါ် အခြေခံသည်။ (ဥပမာ - ဗမာ၊ ကရင်၊ သီဟိုဠ်၊ တမီးလ်)။

ဗုဒ္ဓဘာသာသည် ယဉ်ကျေးမှု ကွဲပြားခြင်းကို လက်ခံသော်လည်း၊ လူမျိုးရေး ခွဲခြားခြင်းကို အပြင်းအထန် ဆန့်ကျင်သည်။

## ၃။ ဝါသေဋ္ဌသုတ်နှင့် လူသားမျိုးစိတ် တစ်ခုတည်း သီအိုရီ

မဇ္ဈိမနိကာယ် နှင့် သုတ္တနိပါတ်လာ **ဝါသေဋ္ဌသုတ်**သည် လူမျိုးရေးခွဲခြားမှုကို ဇီဝဗေဒရှုထောင့်မှ ဖြိုခွဲပြသော ကမ္ဘာ့ရှေးအကျဆုံး စာတမ်းဖြစ်သည်။

(က) ဇီဝဗေဒဆိုင်ရာ ငြင်းချက်[6]

ဗုဒ္ဓက သစ်ပင်များနှင့် တိရစ္ဆာန်များကို ဥပမာပေး၍ ရှင်းပြထားသည်။ သစ်ပင်များတွင် ပင်စည်၊ အရွက်၊ အသီး မတူညီကြ၍ မျိုးစိတ် ကွဲပြားသည်။ တိရစ္ဆာန်များတွင် (ဥပမာ - ပိုးကောင်၊ မြွေ၊ ငါး၊ ငှက်) ခြေထောက်၊ အတောင်ပံ၊ ဦးခေါင်းပုံစံ မတူညီကြ၍ မျိုးစိတ် ကွဲပြားသည်။

သို့သော် လူသားများတွင်မူ

"ဆံပင်၊ ခေါင်း၊ နား၊ မျက်လုံး၊ ပါးစပ်၊ နှာခေါင်း၊ လည်ပင်း၊ ပခုံး၊ ဝမ်းဗိုက်၊ ကျော၊ တင်ပါး၊ ရင်သား၊ ကျား/မ အင်္ဂါ၊ ခြေ၊ လက်၊ လက်သည်း စသည်တို့တွင် မျိုးစိတ်ကွဲပြားစေမည့် အမှတ်အသား မရှိပေ။"

---

[6] The Biological Argument

ထို့ကြောင့် ဗုဒ္ဓက **လူသားအားလုံးသည် မျိုးစိတ်တစ်ခုတည်းသာ ဖြစ်သည်**ဟု ကောက်ချက်ချခဲ့သည်။[7]

(ခ) သမုတိသစ္စာ

လူသားများအကြား ကွဲပြားမှုများ (ဥပမာ - အသားမည်းခြင်း၊ ဖြူခြင်း) သည် မျိုးစိတ်ကွဲပြားခြင်း မဟုတ်ဘဲ၊ "ဝေါဟာရ" (ခေါ်ဝေါ်သုံးစွဲမှု) သက်သက်သာ ဖြစ်သည်။ ဤအချက်သည် ၁၉၅၀ ခုနှစ်တွင် UNESCO မှ ထုတ်ပြန်ခဲ့သော ‘လူမျိုးဟူသည် ဇီဝဗေဒ အမှန်တရား မဟုတ်၊ လူမှုရေး ဒဏ္ဍာရီသာဖြစ်သည်[8]’ ဟူသော ကြေညာချက်နှင့် ထပ်တူကျနေသည်။[9]

## ၄။ ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းများရှိ ပဋိပက္ခ ဇာစ်မြစ်များ

K.M. de Silva ၏ စာအုပ် "*Ethnic Conflict in Buddhist Societies: Sri Lanka, Thailand and Burma*" တွင် ဗုဒ္ဓဘာသာနိုင်ငံများ၌ ဖြစ်ပွားနေသော ပဋိပက္ခများကို နိုင်ငံရေးနှင့် သမိုင်းရှုထောင့်မှ သုံးသပ်ထားသည်။

[7] ဗုဒ္ဓသည် လူသားမျိုးစိတ်တစ်ခုတည်း (Unity of Species) ကို ဟောကြားရာ၌ ခန္ဓာဗေဒ (Anatomy) ကို အခြေခံခဲ့သည်။ ပါဠိတော်တွင် *"လိင်္ဂံ ဇာတိမယံ နတ္ထိ"* (လူသားတို့၌ ဇာတ်ကိုခွဲခြားနိုင်သော မွေးရာပါ လိင်/အမှတ်အသား မရှိပါ) ဟု အတိအလင်း ဆိုထားသည်။ နွား၊ မြင်း၊ ဆင် တို့တွင် ခြေလက်၊ ဦးခေါင်း ကွဲပြားသော်လည်း လူသားများတွင် အသားအရောင်သာ ကွဲပြားပြီး ခန္ဓာဖွဲ့စည်းပုံ တူညီကြောင်း ထောက်ပြသည်။ UNESCO. (1950). *The Race Question*. UNESCO Paris. https://unesdoc.unesco.org/ark:/48223/pf0000128291

[8] Statement on Race

[9] ၁၉၅၀ ခုနှစ်တွင် UNESCO မှ သိပ္ပံပညာရှင်များ စုပေါင်းထုတ်ပြန်သော ကြေညာချက်တွင် *"Race is not so much a biological phenomenon as a social myth"* (လူမျိုးဆိုသည်မှာ ဇီဝဗေဒဖြစ်ရပ် မဟုတ်ဘဲ၊ လူမှုရေး ဒဏ္ဍာရီသာဖြစ်သည်) ဟု အတည်ပြုခဲ့သည်။ ဤကြေညာချက်ကို ရေးဆွဲရာတွင် Ashley Montagu ကဲ့သို့သော မနုဿဗေဒပညာရှင်များ ပါဝင်ပြီး ဗုဒ္ဓ၏ ဝါသေဋ္ဌသုတ် အယူအဆနှင့် ထပ်တူကျနေသည်။

(၁) ကိုလိုနီခေတ် အမွေဆိုး

ကိုလိုနီနယ်ချဲ့များသည် "သွေးခွဲအုပ်ချုပ်ခြင်း[10]" မူဝါဒကို ကျင့်သုံးခဲ့သည်။ မြန်မာနှင့် သီရိလင်္ကာတွင် လူနည်းစုများကို ဦးစားပေးပြီး၊ လူများစု (ဗုဒ္ဓဘာသာဝင်များ) ကို ဖိနှိပ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် လူများစုက နိုင်ငံရေးအာဏာ ပြန်ရသောအခါ၊ သမိုင်းကြွေး ပြန်ဆပ်လိုစိတ်ဖြင့် လူနည်းစုများကို ပြန်လည် ဖိနှိပ်ရာမှ ပဋိပက္ခများ ဖြစ်ပေါ်လာသည်။

(၂) ဘာသာစကား နိုင်ငံရေး

Sasanka Perera ထောက်ပြသကဲ့သို့ သီရိလင်္ကာတွင် ၁၉၅၆ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သော "သီဟိုဠ်စကားသာ ရုံးသုံးဖြစ်ရမည်[11]" ဥပဒေသည် တမီးလ်လူမျိုးများကို နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်မှ ဖယ်ထုတ်လိုက်သကဲ့သို့ ဖြစ်စေခဲ့သည်။ ဘာသာစကားသည် လူမျိုးနွယ်စု အမှတ်လက္ခဏာ၏ အသက်သွေးကြောဖြစ်သဖြင့်၊ ဘာသာစကားကို ပိတ်ပင်ခြင်းသည် ပဋိပက္ခကို မီးမွှေးခြင်းပင် ဖြစ်သည်။

(၃) ပညာရေးနှင့် သမိုင်းပုံဖော်မှု

ကျောင်းသင်ရိုးညွှန်းတမ်းများတွင် သမိုင်းကို သင်ကြားရာ၌ "မိမိလူမျိုး သူရဲကောင်းဝါဒ" ကိုသာ ရှေ့တန်းတင်ပြီး၊ အခြားလူမျိုးများကို "ကျူးကျော်သူများ" အဖြစ် ပုံဖော်လေ့ရှိသည်။

---

[10] Divide and Rule

[11] Sinhala Only Act - ဤဥပဒေ၏ တရားဝင်အမည်မှာ "Official Language Act No. 33 of 1956" ဖြစ်သည်။ ဝန်ကြီးချုပ် S.W.R.D. Bandaranaike လက်ထက်တွင် ပြဋ္ဌာန်းခဲ့ပြီး၊ အင်္ဂလိပ်ဘာသာအစား ဆင်ဟာလီဘာသာကိုသာ တစ်ခုတည်းသော ရုံးသုံးစာ (Sole Official Language) အဖြစ် သတ်မှတ်ခဲ့သည်။ ဤဥပဒေကြောင့် အစိုးရဝန်ထမ်း တမီးလ်လူမျိုးများစွာ အလုပ်ထွက်ခဲ့ရပြီး ပြည်တွင်းစစ်၏ အဓိက မီးမွှေးရာ ဖြစ်ခဲ့သည်။ De Silva, K.M. (1981). *A History of Sri Lanka*. University of California Press.

ဥပမာ - သီရိလင်္ကာ ရာဇဝင်ကျမ်း မဟာဝံသ[12]တွင် ဒုဋ္ဌဂါမဏိမင်းက တမီးလ်ဘုရင် ဧဠာရကို သတ်ဖြတ်ခြင်းအား "သာသနာ့အန္တရာယ်ကို ကာကွယ်ခြင်း" အဖြစ် ပုံဖော်ထားသည်။ ဤကဲ့သို့သော သမိုင်းသင်ကြားမှုသည် မျိုးဆက်သစ်များ၏ စိတ်ထဲတွင် အမုန်းတရားကို မျိုးစေ့ချပေးသည်။

(၄) လူနည်းစု ကြောက်စိတ်[13]

ထူးခြားသော စိတ်ပညာသဘောတရားမှာ သီရိလင်္ကာရှိ ဆင်ဟာလီများနှင့် မြန်မာနိုင်ငံရှိ ဗမာများသည် နိုင်ငံတွင်း၌ "လူများစု" ဖြစ်သော်လည်း၊ ဒေသတွင်း (အိန္ဒိယနှင့် တရုတ်/အစ္စလာမ် ဩဇာလွှမ်းမိုးမှု) အောက်တွင် မိမိတို့၏ ဘာသာ၊ သာသနာ ပျောက်ကွယ်သွားမည်ကို စိုးရိမ်သော "လူနည်းစု စိတ်ဓာတ်" ရှိနေကြသည်။ ဤကြောက်စိတ်က အကြမ်းဖက်နည်းဖြင့် ကာကွယ်လိုစိတ်ကို ဖြစ်ပေါ်စေသည်။

---

[12] သီရိလင်္ကာ ရာဇဝင်ကျမ်း မဟာဝံသ (Mahavamsa) အခန်း ၂၅ တွင် ဒုဋ္ဌဂါမဏိမင်းသည် စစ်ပွဲတွင် လူပေါင်းများစွာ သေဆုံး၍ စိတ်မကောင်းဖြစ်နေစဉ် ရဟန္တာများကြွလာပြီး "မင်းကြီး ဝမ်းမနည်းပါနှင့်၊ သေသူများအနက် သရဏဂုံတည်သူ တစ်ဦးနှင့် ငါးပါးသီလမြဲသူ တစ်ဦး (စုစုပေါင်း ၂ ဦး) သာ လူအစစ်ဖြစ်သည်၊ ကျန်သူများသည် တိရစ္ဆာန်နှင့် တူသည်" ဟု ဖြေသိမ့်ခဲ့ကြောင်း ရေးသားထားသည်။ ဤအချက်သည် "အကြမ်းဖက်မှုကို ဘာသာရေးဖြင့် ဖြေရှင်းချက်ထုတ်ခြင်း (Religious Justification of Violence)" ၏ ဂန္ထဝင်ဥပမာ ဖြစ်နေသည်။ *The Mahavamsa: The Great Chronicle of Sri Lanka*. Translated by Wilhelm Geiger.

[13] ဤသဘောတရားကို ကမ္ဘာကျော် မနုဿဗေဒပညာရှင် S.J. Tambiah က စတင်မိတ်ဆက်ခဲ့သည်။ သီရိလင်္ကာရှိ ဆင်ဟာလီများနှင့် မြန်မာနိုင်ငံရှိ ဗမာများသည် မိမိတို့နိုင်ငံတွင် လူဦးရေအများစု (Majority) ဖြစ်သော်လည်း၊ ဒေသတွင်း ပထဝီနိုင်ငံရေး (အိန္ဒိယရှိ တမီးလ် သန်း ၆၀ နှင့် အရှေ့တောင်အာရှရှိ အခြားဘာသာဝင်များ) ကို ကြည့်ပြီး မိမိတို့သည် ဝိုင်းရံပိတ်ဆို့ခံထားရသော "လူနည်းစု (Minority)" ကဲ့သို့ ခံစားရကာ စိုးရိမ်စိတ်လွန်ကဲနေခြင်းကို ဆိုလိုသည်။ Tambiah, S.J. (1992). *Buddhism Betrayed? Religion, Politics, and Violence in Sri Lanka*. University of Chicago Press.

## ၅။ Daisaku Ikeda[14] ၏ ငြိမ်းချမ်းရေး လမ်းစဉ် ၇ သွယ်

ဗုဒ္ဓဘာသာ ဒဿနပညာရှင် Daisaku Ikeda က လူမျိုးရေးပဋိပက္ခများကို ကျော်လွှားရန် အောက်ပါ လမ်းစဉ် (၇) သွယ်ကို အဆိုပြုထားသည်

၁။ ငြိမ်းချမ်းရေးသည် မိမိစိတ်ကို နိုင်နင်းခြင်းမှ စသည်။ (အတ္တကို လျှော့ချခြင်း[15]) ။

၂။ မတူညီသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း။ Dialogue ဆိုသည်မှာ စကားပြောရုံမဟုတ်၊ တစ်ဖက်သား၏ လူသားဆန်မှုကို ရှာဖွေခြင်းဖြစ်သည်။[16]

၃။ လူမျိုးမရွေး ပါဝင်နိုင်သော အသိုင်းအဝိုင်း တည်ဆောက်ခြင်း။[17]

၄။ ယဉ်ကျေးမှု ဖလှယ်ခြင်းဖြင့် နားလည်မှု တည်ဆောက်ခြင်း။[18]

၅။ နိုင်ငံကြီးသား ပီသစွာ ကျင့်ကြံခြင်း။[19]

၆။ ကမ္ဘာ့နိုင်ငံသား စိတ်ဓာတ် မွေးမြူခြင်း။[20]

၇။ လက်နက်လျှော့ချခြင်း (စိတ်လက်နက်သာမက၊ ရုပ်လက်နက်လည်းပါ)။[21]

---

[14] Daisaku Ikeda သည် ဂျပန်နိုင်ငံအခြေစိုက် Soka Gakkai International (SGI) ၏ ခေါင်းဆောင်ဖြစ်ပြီး မဟာယာန (နစ်ချီရန်) ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ သူ၏ ငြိမ်းချမ်းရေးလမ်းစဉ်များသည် ကုလသမဂ္ဂသို့ နှစ်စဉ်တင်သွင်းသော "Peace Proposals" များတွင် ပါဝင်လေ့ရှိသည်။ ထေရဝါဒနှင့် အနည်းငယ်ကွဲပြားနိုင်သော်လည်း သူ၏ "Human Revolution" (လူသားတော်လှန်ရေး/မိမိစိတ်ကို နိုင်နင်းခြင်း) အယူအဆသည် ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေး၏ အနှစ်သာရဖြစ်သည်။ Ikeda, Daisaku. (2010). *A New Humanism: The University Addresses of Daisaku Ikeda*. I.B. Tauris.

[15] Path of Self Mastery

[16] Path of Dialogue & Tolerance

[17] Path of Community

[18] Path of Culture

[19] Path of Nations

[20] Path of Global Awareness

[21] Path of Disarmament

## ၆။ ဗုဒ္ဓဘာသာနှင့် အမျိုးသားရေးဝါဒ ဝိရောဓိ

သုတေသနမေးခွန်းတစ်ခုမှာ "အတ္တမရှိ (အနတ္တ) ဟု ဟောသော ဘာသာတရားကို ကိုးကွယ်သူများက အဘယ်ကြောင့် အမျိုးသားရေးအမှတ်လက္ခဏာကို ထိုမျှလောက် စွဲလမ်းနေကြသနည်း?" ဖြစ်သည်။ ဗုဒ္ဓဘာသာတွင် ပရမတ်သစ္စာအရ "လူမျိုး"၊ "နိုင်ငံ" မရှိသော်လည်း၊ သမုတိသစ္စာ အရ ယင်းတို့ကို လက်ခံရသည်။ ပြဿနာမှာ သမုတိသစ္စာကို ပရမတ်လုပ်ပစ်လိုက်ခြင်း ဖြစ်သည်။ နိုင်ငံရေးသမားများသည် ဘာသာတရားကို နိုင်ငံရေးကိရိယာအဖြစ် အသုံးပြုကြသည်။ "သာသနာ ကွယ်တော့မည်" ဟူသော ကြွေးကြော်သံသည် လူထုကို စည်းရုံးရန် အထိရောက်ဆုံး လက်နက်ဖြစ်သည်။

## ၇။ လေ့လာခြင်း၏ အနှစ်သာရ

ဤခေါင်းစဉ်ကို လေ့လာခြင်းဖြင့် (၁) ဗုဒ္ဓ၏ လူသားမျိုးစိတ် တစ်ခုတည်း သီအိုရီသည် ခေတ်သစ် မျိုးရိုးဗီဇတွေ့ရှိချက်များနှင့် ကိုက်ညီကြောင်း သိမြင်ခြင်းဖြင့်၊ လူမျိုးရေးခွဲခြားမှုသည် သိပ္ပံနည်းမကျသော အယူသည်းမှု[22] သက်သက်ဖြစ်ကြောင်း နားလည်စေသည်။ (၂) "သူ" နှင့် "ငါ" ခွဲခြားမှု[23] သည် အဝိဇ္ဇာအပေါ် အခြေခံကြောင်း သိရှိပါက၊ ပဋိပက္ခများကို လျှော့ချနိုင်သည်။ (၃) ဘာသာစကားနှင့် ပညာရေးမူဝါဒများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် မည်မျှ အရေးကြီးကြောင်း မူဝါဒချမှတ်သူများ သတိပြုမိစေသည်။

## ၈။ နိဂုံး

[22] Myth
[23] Us vs. Them

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓဘာသာအလိုအရ "လူမျိုး (Race)" နှင့် "လူမျိုးနွယ်စု" ဆိုသည်မှာ လူသားတို့ ဝတ်ဆင်ထားသော "အဝတ်အစား" မျှသာ ဖြစ်သည်။ အဝတ်အစား ကွဲပြားရုံဖြင့် လူသား၏ တန်ဖိုး ကွဲပြားမသွားပေ။ ဝါသေဋ္ဌသုတ်တွင် ဗုဒ္ဓမိန့်တော်မူသကဲ့သို့ "လူတစ်ယောက် မြင့်မြတ်ခြင်း၊ ယုတ်ညံ့ခြင်းသည် ဇာတ် ကြောင့် မဟုတ်၊ လုပ်ရပ် (ကမ္မ) ကြောင့်သာ ဖြစ်သည်"။

စစ်မှန်သော ဗုဒ္ဓဘာသာဝင် ဖြစ်လိုလျှင် ကျဉ်းမြောင်းသော လူမျိုးရေးဘောင်ကို ကျော်လွန်၍၊ သတ္တဝါအားလုံးအပေါ်ထားရှိသော မေတ္တာတရားကို မွေးမြူရမည်။ K.M. de Silva ထောက်ပြခဲ့သော သမိုင်းသင်ခန်းစာများကို ရယူပြီး၊ မတူကွဲပြားမှုများကို အသိအမှတ်ပြုသော၊ သည်းခံစိတ်ရှိသော လူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်းသည်သာလျှင် ပဋိပက္ခများ၏ ထွက်ပေါက်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Buddhism and Ethnicity" ဘာသာရပ်အတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

၁။ Tambiah, S.J. (1992). Buddhism Betrayed? Religion, Politics, and Violence in Sri Lanka. University of Chicago Press.

ကမ္ဘာကျော် မနုဿဗေဒပညာရှင် Tambiah က ဗုဒ္ဓဘာသာ ဘုန်းကြီးများနှင့် နိုင်ငံရေး၊ လူမျိုးရေး လှုပ်ရှားမှုများ ဆက်စပ်ပုံကို ဝေဖန်ပိုင်းခြားထားသည်။

ဗုဒ္ဓဘာသာသည် မည်သို့ နိုင်ငံရေးလက်နက် ဖြစ်သွားသနည်း (Politicization) ဆိုသည်ကို နားလည်ရန် အကောင်းဆုံးစာအုပ်ဖြစ်သည်။

၂။ De Silva, K.M. (Ed.). (1988). Ethnic Conflict in Buddhist Societies: Sri Lanka, Thailand and Burma. Pinter Publishers.

ဤပို့ချချက်၏ အဓိက ကိုးကားစာအုပ်ဖြစ်သည်။ ထေရဝါဒ နိုင်ငံကြီး ၃ နိုင်ငံ၏ လူနည်းစု ပြဿနာများကို နှိုင်းယှဉ်လေ့လာထားသည်။ သမိုင်းနောက်ခံ အကြောင်းတရားများကို သိရှိရန် မရှိမဖြစ် လိုအပ်သည်။

၃။ Malalasekera, G.P. & Jayatilleke, K.N. (1958). Buddhism and the Race Question. UNESCO.

ဗုဒ္ဓဘာသာ၏ လူမျိုးရေးဆိုင်ရာ အမြင် (Biological Unity of Mankind) ကို ခေတ်သစ်သိပ္ပံပညာနှင့် နှိုင်းယှဉ်ပြီး ကုလသမဂ္ဂအတွက် ရေးသားပေးခဲ့သော စာအုပ်ငယ်ဖြစ်သည်။ ဝါသေဋ္ဌသုတ်ကို အကောင်းဆုံး ရှင်းပြထားသည်။

## ပို့ချစဉ် (၁၁) - Buddhist Teachings on Sex/Gender

### ၁။ နိဒါန်း

မျက်မှောက်ခေတ် ကမ္ဘာကြီးတွင် "ဖိုဝါဒ[1]"၊ "အမျိုးသမီးအခွင့်အရေး[2]" နှင့် "LGBTQ+ အခွင့်အရေး" ဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများသည် အထွတ်အထိပ်သို့ ရောက်ရှိနေသည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်၊ ဘီစီ ၆ ရာစု အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသည် ဤကိစ္စရပ်များနှင့် ပတ်သက်၍ အလွန်ခေတ်ရှေ့ပြေးသော သဘောထားများကို ချမှတ်ခဲ့ကြောင်း လူသိနည်းကြသည်။

ဗုဒ္ဓဘာသာသည် "ဇီဝဗေဒဆိုင်ရာ လိင်ကွဲပြားမှု[3]" နှင့် "လူမှုယဉ်ကျေးမှုအရ သတ်မှတ်ထားသော ကျား/မ အခန်းကဏ္ဍ[4]" ကို ကွဲပြားစွာ ရှုမြင်သည်။ ဗုဒ္ဓ၏ အန္တိမရည်မှန်းချက်ဖြစ်သော နိဗ္ဗာန်သည် လိင်ကွဲပြားမှုမရှိသော်လည်း၊ သမိုင်းကြောင်းအရ

[1] Patriarchy
[2] Feminism
[3] Sex
[4] Gender

ဗုဒ္ဓဘာသာ အဖွဲ့အစည်းများသည် ဖိုဝါဒ၏ လွှမ်းမိုးမှုကို ခံခဲ့ရသည်ဟူသော ဝေဖန်ချက်များလည်း ရှိနေသည်။ ဤပို့ချချက်သည် ဗုဒ္ဓစာပေလာ အမျိုးသမီးများ၏ အဆင့်အတန်း၊ ဘိက္ခုနီ သာသနာ၏ စိန်ခေါ်မှုများ၊ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ (ပဏ္ဍက) ဆိုင်ရာ သတ်မှတ်ချက်များနှင့် အိမ်ထောင်ရေးဆိုင်ရာ လွတ်လပ်ခွင့်များကို စာပေအထောက်အထားများနှင့်တကွ ကျယ်ကျယ်ပြန့်ပြန့် လေ့လာတင်ပြထားသည်။

## ၂။ Sex နှင့် Gender ကို ဗုဒ္ဓနည်းကျ ခွဲခြားခြင်း

ဆရာကြီး Asanga ၏ စာတမ်းများအရ ဤဝေါဟာရနှစ်ခုကို ရှင်းလင်းစွာ ခွဲခြားရန် လိုအပ်သည်။

(က) Sex (ဇီဝဗေဒ လိင်)

လိင်သည် ရုပ်ပိုင်းဆိုင်ရာ ကွဲပြားမှု[5] ဖြစ်သည်။ ဗုဒ္ဓဘာသာ အဘိဓမ္မာတွင် ယင်းကို "ဘာဝရူပ[6]" (ဘာဝရုပ် - ဣတ္ထိန္ဒြိယ၊ ပုရိသိန္ဒြိယ) ဟု ခေါ်သည်။ ယင်းလိင်သည် ကံကြောင့်ဖြစ်သော ရုပ် (ကမ္မဇရူပ) ဖြစ်ပြီး ပြောင်းလဲရန် ခက်ခဲသည်။

ဝါသေဋ္ဌသုတ်အရ လူသားများတွင် ကျား/မ ကွဲပြားသော်လည်း၊ မျိုးစိတ်အားဖြင့် တစ်ခုတည်းသာ ဖြစ်ကြောင်း ဗုဒ္ဓက ဟောကြားခဲ့သည်။

[5] Biological differences

[6] အဘိဓမ္မာတွင် "Sex" (ဇီဝဗေဒလိင်) ကို "ဘာဝရုပ်" ဟု သုံးနှုန်းသည်။ ယင်းဘာဝရုပ်သည် (၁) ဣတ္ထိန္ဒြိယ (မ - အင်္ဂါ/ဟော်မုန်း/စိတ်နေသဘောထားကို ဖြစ်စေသော ရုပ်) နှင့် (၂) ပုရိသိန္ဒြိယ (ကျား - အင်္ဂါ/ဟော်မုန်း/စိတ်နေသဘောထားကို ဖြစ်စေသော ရုပ်) ဟူ၍ နှစ်မျိုးရှိသည်။ ယင်းဘာဝရုပ်သည် ကံကြောင့်ဖြစ်သော ရုပ် (ကမ္မဇရူပ) ဖြစ်ပြီး သန္ဓေတည်စကပင် ပါလာသည့် အရာဖြစ်သည်။ *A Comprehensive Manual of Abhidhamma* (*Abhidhammattha Sangaha*), translated by Bhikkhu Bodhi.

(ခ) Gender (လူမှု ကျား/မ)

Gender သည် လူ့အဖွဲ့အစည်းက ပုံဖော်ထားသော အခန်းကဏ္ဍ ဖြစ်သည်။ "ယောကျ်ားပီသခြင်း[7]" နှင့် "မိန်းမပီသခြင်း[8]" တို့ဖြစ်သည်။

သောမာထေရီ၏ ဂါထာတွင် "စိတ်သည် တည်ငြိမ်၍ တရားကို မြင်နေသူအား 'အမျိုးသမီးဖြစ်ခြင်း (ဣတ္ထိဘာဝ)' က မည်သို့ အနှောင့်အယှက် ပြုနိုင်မည်နည်း?" ဟု ဆိုထားသည်။ ဤနေရာတွင် ဗုဒ္ဓဘာသာသည် Gender Role များကို ကျော်လွှားနိုင်စွမ်းရှိကြောင်း ပြသနေသည်။[9]

## ၃။ ဗုဒ္ဓခေတ် အမျိုးသမီးများ၏ အဆင့်အတန်း

ဗုဒ္ဓမပွင့်မီ အိန္ဒိယလူ့အဖွဲ့အစည်းတွင် ဗြာဟ္မဏဝါဒ၏ လွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ဘဝသည် အလွန်နိမ့်ကျခဲ့သည်။ မနုဓမ္မသတ်[10] တွင် "အမျိုးသမီးများသည် ငယ်စဉ်က ဖခင်၊ ပျိုရွယ်စဉ် ခင်ပွန်း၊ အိုသောအခါ သား၏ အုပ်ထိန်းမှုအောက်တွင်သာ နေရမည်။ လွတ်လပ်ခွင့် မထိုက်တန်" ဟု ပြဋ္ဌာန်းထားသည်။

(က) ဗုဒ္ဓ၏ တော်လှန်ရေး

---

[7] Masculinity

[8] Femininity

[9] အမျိုးသမီးဖြစ်၍ ဉာဏ်ပညာနည်းသည်ဟု မာရ်နတ်က စွပ်စွဲရာတွင် သောမာထေရီ ပြန်လည်ရွတ်ဆိုသော ဂါထာမှာ ဗုဒ္ဓဘာသာ ဖက်မီနစ်ဝါဒ (Buddhist Feminism) ၏ အထင်ရှားဆုံး ကြွေးကြော်သံဖြစ်သည်။ *"ဣတ္ထိဘာဝေါ ကိံ ကယိရာ... အမ္ဘေဟိ ဉာဏမဟိ ဝတ္တမာနမဟိ"* (ဉာဏ်ပညာ ဖြစ်ထွန်းနေသူအား မိန်းမဖြစ်ခြင်းက ဘာများတတ်နိုင်အံ့နည်း) ။ သံယုတ္တနိကာယ်၊ ဘိက္ခုနီသံယုတ်၊ သောမာသုတ်

[10] Manusmriti

ဗုဒ္ဓသည် ဤအယူအဆကို ပြောင်းလဲခဲ့သည်။ ကောသလဘုရင် ပသေနဒီသည် မိဖုရား မလ္လိကာတွင် သမီးမိန်းကလေး မွေးဖွားကြောင်း ကြားသိရသောအခါ စိတ်ပျက်သွားသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားခဲ့သည်

> "မြတ်သောမင်းကြီး၊ စိတ်မပျက်ပါနှင့်။ အချို့သော အမျိုးသမီးများသည် အမျိုးသားများထက်ပင် ပို၍ မြတ်သည် (ဣတ္ထီဟိ ပိ ဧကစ္စိယာ၊ သေယျာ ပေါသဇနာဓိပ) ။ သူမသည် ပညာရှိမယ်၊ သီလရှိမယ်၊ ယောက္ခမကို ရိုသေမယ်ဆိုရင် သူမက မွေးလာတဲ့သားဟာ သူရဲကောင်း ဖြစ်လာလိမ့်မယ်။" (ကောသလသံယုတ်)[11]

ဤစကားသည် သမိုင်းတွင် ပထမဆုံးအကြိမ် အမျိုးသမီးများ၏ တန်ဖိုးကို လူသိရှင်ကြား မြှင့်တင်ပေးလိုက်ခြင်း ဖြစ်သည်။

(ခ) စိတ်ပိုင်းဆိုင်ရာပေါက်မြောက်ခြင်း တန်းတူညီမျှမှု[12]

ဗုဒ္ဓဘာသာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ရဟန္တာ ဖြစ်နိုင်သည်။ ထေရီဂါထာကျမ်းသည် ရဟန္တာမ ၇၃ ပါး၏ ဥဒါန်းများကို မှတ်တမ်းတင်ထားပြီး၊ ကမ္ဘာ့ရှေးအကျဆုံး "အမျိုးသမီး ကျမ်းစာ" ဖြစ်သည်။ ပဋာစာရီ၊ ခေမာ၊ ဥပ္ပလဝဏ် တို့၏ ဉာဏ်ပညာသည် အမျိုးသားရဟန်းများနှင့် တန်းတူဖြစ်သည်။

---

[11] ကောသလဘုရင် ပသေနဒီအား ဗုဒ္ဓဟောကြားခဲ့သော "အမျိုးသမီးသည် အမျိုးသားထက် သာလွန်နိုင်သည်" ဟူသော စကားရပ်ပါရှိသည့် သုတ္တန်မှာ သံယုတ္တနိကာယ်လာ မလ္လိကာသုတ် ဖြစ်သည်။ ဗုဒ္ဓက အမျိုးသမီးကောင်း တစ်ယောက်၏ အရည်အချင်း (၄) မျိုးကို ညွှန်းဆိုခဲ့သည်။ (၁) ပညာရှိခြင်း (မေဓာဝိနီ)၊ (၂) သီလရှိခြင်း (သီလဝတိ)၊ (၃) ယောက္ခမကို ရိုသေခြင်း (သဿုဒေဝ)၊ (၄) လင်ကို ရိုသေခြင်း (ပတိဗ္ဗတာ)။

[12] Spiritual Equality

(ဂ) လူမှုဘဝ အခန်းကဏ္ဍ

သိင်္ဂါလောဝါဒသုတ်တွင် ဇနီးမောင်နှံ ဆက်ဆံရေးကို "အနောက်အရပ်" ဟု တင်စားပြီး၊ နှစ်ဖက်စလုံးတွင် တာဝန်ကိုယ်စီရှိကြောင်း[13] ဟောကြားခဲ့သည်။ ခင်ပွန်းသည် ဇနီးကို "အာဏာရှင်" ကဲ့သို့ မဟုတ်ဘဲ၊ လေးစားခြင်း (သမ္မာနနာယ)၊ အထင်မသေးခြင်း (အနဝမာနနာယ)၊ အဆင်တန်ဆာ ဆင်မြန်းပေးခြင်း (အလင်္ကာရာနုပ္ပဒါနေန) တို့ဖြင့် ဆက်ဆံရမည်ဟု လမ်းညွှန်ခဲ့သည်။

## ၄။ ဘိက္ခုနီ သာသနာနှင့် ဂရုဓမ္မ ပြဿနာ

အမျိုးသမီးများအတွက် သီးသန့် သာသနာ့ဘောင် (ဘိက္ခုနီသံဃာ) ကို တည်ထောင်ပေးခဲ့ခြင်းသည် ဗုဒ္ဓ၏ အကြီးမားဆုံးသော လူမှုတော်လှန်ရေး ဖြစ်သည်။ သို့သော် ဤဖြစ်စဉ်တွင် အငြင်းပွားဖွယ်ရာ အချက်များ ရှိနေသည်။

(က) ဂရုဓမ္မ ၈ ချက်[14]

မိထွေးတော် ဂေါတမီ ရဟန်းပြုခွင့်တောင်းသောအခါ ဗုဒ္ဓက ချက်ချင်းခွင့်မပြုဘဲ (၃) ကြိမ် ငြင်းပယ်ခဲ့သည်။ နောက်ဆုံးတွင် အရှင်အာနန္ဒာ၏ လျှောက်ထားမှုကြောင့် "ဂရုဓမ္မ ၈ ချက်" ကို လိုက်နာမည်ဆိုပါက ရဟန်းပြုခွင့်ပေးမည်ဟု မိန့်တော်မူသည်။

---

[13] Reciprocal Relationship

[14] ဂရုဓမ္မ ၈ ချက်သည် ဗုဒ္ဓ၏ မူရင်းစကား ဟုတ်/မဟုတ် ပညာရှင်များအကြား အငြင်းပွားမှုရှိသည်။ ဂျာမန်ရဟန်းတော် Bhikkhu Analayo ၏ သုတေသနအရ၊ ဂရုဓမ္မစည်းကမ်းများသည် ဝိနည်းမူကွဲများ (Vinaya Traditions) အလိုက် ကွဲပြားနေကြောင်း တွေ့ရှိရသည်။ ဤအချက်က ဂရုဓမ္မသည် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် အမျိုးသမီးများကို ထိန်းချုပ်ရန် နောက်မှထပ်ဖြည့်ထားခြင်း (Later Interpolation) ဖြစ်နိုင်ကြောင်း ညွှန်ပြနေသည်။ Analayo, Bhikkhu. (2010). *The Bahudhatuka-sutta and its Parallels on Women's Inabilities*. Journal of Buddhist Ethics. https://www.buddhismuskunde.uni-hamburg.de/pdf/5-personen/analayo/bahudhatuka.pdf

ထိုအချက်များထဲတွင် "ဝါတော် ၁၀၀ ရှိသော ဘိက္ခုနီသည် ယနေ့မှ ရဟန်းဝတ်သော ဘိက္ခု (ရဟန်းယောကျ်ား) ကို ရှိခိုးရမည်" ဟူသော အချက်ပါဝင်သည်။ ဤအချက်သည် အမျိုးသမီးများကို နှိမ့်ချရာ မရောက်ပေဘူးလော။

(ခ) ပညာရှင်များ၏ သုံးသပ်ချက်

ဆရာကြီး Asanga Tilakaratne နှင့် အခြားသုတေသီများက ဤပြဿနာကို ရှုထောင့်နှစ်မျိုးဖြင့် သုံးသပ်ပြထားသည်။

**၁။ ခေတ်ကာလ အခြေအနေ[15] -** ထိုခေတ် အိန္ဒိယလူ့အဖွဲ့အစည်းသည် အမျိုးသမီးများ အိမ်မှထွက်ကာ လွတ်လပ်စွာနေထိုင်ခြင်းကို လက်မခံနိုင်သေးပေ။ သံဃာ့အဖွဲ့အစည်း တည်တံ့ခိုင်မြဲရေးနှင့် လူဒါယကာများ၏ ကြည်ညိုမှု မပျက်စေရေးအတွက် ဗုဒ္ဓသည် အမျိုးသမီးများကို ရဟန်းယောကျ်ားများ၏ အကာအကွယ်အောက်[16]တွင် ထားရှိရန် ဗျူဟာကျကျ စီမံခဲ့ခြင်း ဖြစ်နိုင်သည်။

**၂။ ဖြည့်စွက်ချက် ဟုတ်/မဟုတ်[17] -** အချို့သော ပညာရှင်များက ဂရုဓမ္မများသည် ဗုဒ္ဓလက်ထက်တွင် မရှိဘဲ၊ နောက်ပိုင်း ဖိုဝါဒကြီးစိုးသော ရဟန်းများက ဖြည့်စွက်ခဲ့ခြင်း[18] ဖြစ်နိုင်ကြောင်း သံသယရှိကြသည်။ အကြောင်းမှာ အချို့ဂရုဓမ္မများသည် ဝိနည်းပိဋကတ်ရှိ အခြားသိက္ခာပုဒ်များနှင့် ရှေ့နောက်မညီ ဖြစ်နေသောကြောင့် ဖြစ်သည်။

---

[15] Contextual View
[16] Subordination
[17] Interpolation Theory
[18] Later interpolation

မည်သို့ပင်ဆိုစေကာမူ၊ ဘိက္ခုနီသာသနာ တည်ထောင်ပေးခြင်းသည် အမျိုးသမီးများအား "မီးဖိုချောင်နှင့် ကလေးမွေးခြင်း" တာဝန်မှ လွတ်မြောက်စေပြီး၊ စိတ်ပိုင်းဆိုင်ရာပေါက်မြောက်ခြင်း လွတ်လပ်ခွင့်ကို ပေးစွမ်းနိုင်ခဲ့သည်။

## ၅။ လိင်စိတ် ကွဲပြားမှုနှင့် ပဏ္ဍက ပြဿနာ

ဗုဒ္ဓဘာသာ ဝိနည်းပိဋကတ်တွင် လိင်စိတ်ကွဲပြားသူများ (LGBTQ+) နှင့် ပတ်သက်၍ **"ပဏ္ဍက"** ဟူသော ဝေါဟာရဖြင့် ဆွေးနွေးထားသည်။ L.P.N. Perera နှင့် Peter Harvey တို့၏ လေ့လာချက်များအရ ဤအကြောင်းအရာသည် အလွန်ရှုပ်ထွေးလှသည်။

(က) ပဏ္ဍက ၅ မျိုး[19]

သမန္တပါသာဒက(ဝိနည်းအဋ္ဌကထာ) တွင် ပဏ္ဍကကို ၅ မျိုး ခွဲခြားထားသည်။

၁။အာသိတ္တ ပဏ္ဍက - သူတစ်ပါးလိင်ဆက်ဆံသည်ကို ကြည့်ပြီး သုက်လွှတ်ကာ သာယာသူ။ (လိင်စိတ် မသန်စွမ်းသူဟုလည်း ယူဆရသည်)။

၂။ ဥဿူယ ပဏ္ဍက - မနာလိုဝန်တိုစိတ်ဖြင့် လိင်ကိစ္စတွင် သာယာသူ။

၃။ ဩပက္ကမိက ပဏ္ဍက - ဝှေးစေထုတ်ထားသူ။

၄။ ပက္ခ ပဏ္ဍက - လပြည့်/လကွယ် ရက်များတွင်သာ လိင်စိတ်ပြောင်းလဲသူ။

၅။ နပုံသက ပဏ္ဍက - မွေးရာပါ လိင်အင်္ဂါမပါသူ သို့မဟုတ် လိင်မကွဲပြားသူ

[19] ပိဋကတ်တော် (ဝိနည်းမဟာဝါ) တွင် "ပဏ္ဍက" ကို ရဟန်းမခံပေးရဟု ယေဘုယျ တားမြစ်ထားသော်လည်း၊ ပဏ္ဍကအမျိုးအစား (၅) မျိုး ခွဲခြားပြခြင်းသည် သမန္တပါသာဒိကာ (ဝိနည်းအဋ္ဌကထာ) တွင်မှ ပါရှိခြင်းဖြစ်သည်။ အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသက ဇီဝဗေဒအရ လိင်အင်္ဂါမပါသူ (နပုံသက) နှင့် လိင်စိတ်မသန်စွမ်းသူများကို ခွဲခြားရန် ဤသို့ အသေးစိတ် ဖွင့်ဆိုခဲ့ခြင်း ဖြစ်သည်။

(ခ) သံဃာ့ဘောင် ဝင်ခွင့်

ဝိနည်းတော်အရ ပဏ္ဍကများကို ရဟန်းခံခွင့် (ဥပသမ္ပဒ) ပိတ်ပင်ထားသည်။

အကြောင်းရင်း သူသည် ကိုယ်ကျင့်တရားကြောင့် ပိတ်ပင်ခြင်း မဟုတ်ဘဲ၊ အဖွဲ့အစည်း စည်းကမ်းကြောင့်ဖြစ်သည်။ ရဟန်းဘောင်သည် အတူနေ၊ အတူစား၊ အတူအိပ်ရသော စနစ်[20] ဖြစ်သည်။ လိင်စိတ်ကွဲပြားသူများ ရှိနေပါက သာမန်ရဟန်းများအတွက် အဆင်မပြေမှုများ ဖြစ်နိုင်ပြီး၊ လူဒါယကာများ၏ အထင်အမြင်သေးမှုကို ခံရနိုင်သောကြောင့် ဖြစ်သည်။

သို့သော် ပထမ (၃) မျိုး (အာသိတ္တ, ဥဿူယ, ဩပက္ကမိက) သည် ဥပသမ္ပဒ မရသော်လည်း၊ သာမဏေ (ပဗ္ဗဇ္ဇ) ဝတ်ခွင့်ရှိသည်ဟု အချို့အဋ္ဌကထာများက ဆိုသည်။

(ဂ) လူဝတ်ကြောင်များနှင့် လိင်တူဆက်ဆံခြင်း

လူဝတ်ကြောင်များအတွက် တတိယသီလ (ကာမေသုမိစ္ဆာစာရ) တွင် လိင်တူဆက်ဆံခြင်းကို အတိအလင်း တားမြစ်ထားခြင်း မရှိပေ။ အဓိက စံနှုန်းမှာ "မုဒိမ်းကျင့်ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ကာကွယ်စောင့်ရှောက်သူရှိသူကို ပြစ်မှားခြင်း" ကိုသာ တားမြစ်သည်။ Peter Harvey ၏ အဆိုအရ ဗုဒ္ဓဘာသာသည် လိင်တူဆက်ဆံခြင်းကို "ဘုရားသခင်ကို ပြစ်မှားသော အပြစ်[21]" အဖြစ် မရှုမြင်ဘဲ၊ လိင်စိတ်[22]သည် တဏှာဖြစ်၍

[20] Communal Living
[21] Sin
[22] Sexual Desire

ယေဘုယျအားဖြင့် ဒုက္ခပေးတတ်သော အရာအဖြစ်သာ ရှုမြင်သည်။ လိင်ကွဲဖြစ်စေ၊ လိင်တူဖြစ်စေ တပ်မက်မှု ရှိနေသမျှ သံသရာရှည်မည်သာ ဖြစ်သည်။[23]

## ၆။ အိမ်ထောင်ရေးနှင့် ကွာရှင်းခွင့်

ဗုဒ္ဓဘာသာတွင် လက်ထပ်ခြင်းသည် ဘာသာရေးမင်္ဂလာပွဲ[24] မဟုတ်ဘဲ၊ လူမှုရေး သဘောတူညီချက်[25] သက်သက်သာ ဖြစ်သည်။ ထို့ကြောင့် ကွာရှင်းခြင်း (Divorce) သည်လည်း ဘာသာရေးအရ အပြစ်မရှိပေ။

(က) သမိုင်း အထောက်အထားများ

**Robert Knox (၁၇ ရာစု သီရိလင်္ကာ) က** "သူတို့၏ လက်ထပ်ပွဲများသည် သဘောမတိုက်ဆိုင်ပါက အချိန်မရွေး ကွဲကွာနိုင်ပြီး၊ အပြစ်[26] အဖြစ် မသတ်မှတ်ကြပေ။ အမျိုးသားရော၊ အမျိုးသမီးပါ တန်းတူအခွင့်အရေး ရှိကြသည်" ဟု မှတ်တမ်းတင်ခဲ့သည်။

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင်** မြန်မာအမျိုးသမီးများသည် ရှေးယခင်ကတည်းက မိဘအမွေကို တန်းတူဆက်ခံခွင့်၊ ကွာရှင်းပါက ပစ္စည်းခွဲဝေယူခွင့်များ ရရှိခဲ့သည်။

---

[23] တတိယသီလ (ကာမေသုမိစ္ဆာစာရ) နှင့် ပတ်သက်၍ အင်္ဂုတ္တရနိကာယ်၊ စူဠနိရယပါလသုတ် နှင့် စုန္ဒကမ္မကမ္မရပုတ္တသုတ် တို့တွင် အသေးစိတ် ဖွင့်ဆိုထားသည်။ ထိုသုတ္တန်များတွင် ရှောင်ကြဉ်ရမည့် "အမျိုးသမီး (၂၀)" (မသွားလာအပ်သူများ) ကိုသာ ဖော်ပြထားပြီး၊ လိင်တူ/လိင်ကွဲ ခွဲခြားထားခြင်း မရှိပါ။ ထို့ကြောင့် ခေတ်သစ်ပညာရှင် Peter Harvey က ဗုဒ္ဓဘာသာကျင့်ဝတ်သည် "လိင်အမျိုးအစား (Gender)" ထက် "ကာကွယ်စောင့်ရှောက်သူ ရှိ/မရှိ (Protection)" နှင့် "ဖောက်ပြန်မှု ဟုတ်/မဟုတ် (Commitment)" ကိုသာ အဓိကထားကြောင်း သုံးသပ်သည်။ Harvey, Peter. (2000). *An Introduction to Buddhist Ethics*. Cambridge University Press.

[24] Sacrament

[25] Secular Contract

[26] Disgrace

ဤအချက်သည် ထိုခေတ် အနောက်တိုင်း အမျိုးသမီးများထက် များစွာ မြင့်မားသော အခွင့်အရေး ဖြစ်သည်။

## ၇။ ဖက်မီနစ်ဝါဒနှင့် ဗုဒ္ဓဘာသာ

ခေတ်သစ် ဖက်မီနစ်ဝါဒ နှင့် ဗုဒ္ဓဘာသာသည် တူညီချက်များ ရှိသကဲ့သို့ ကွဲပြားချက်များလည်း ရှိသည်။ နှစ်ခုစလုံးသည် "ကိုယ်တွေ့ခံစားချက်ကို အခြေခံသည်။ ဖက်မီနစ်များသည် အမျိုးသမီးများ၏ ဖိနှိပ်ခံရမှု အတွေ့အကြုံမှ စတင်ပြီး၊ ဗုဒ္ဓဘာသာသည် ဒုက္ခအတွေ့အကြုံမှ စတင်သည်။

ဖက်မီနစ်ဝါဒ၏ လွတ်မြောက်မှုသည် "ဖိုဝါဒမှ လွတ်မြောက်ခြင်း" ဖြစ်ပြီး၊ နိုင်ငံရေး/လူမှုရေး တန်းတူညီမျှမှုကို ဦးတည်သည်။ ဗုဒ္ဓဘာသာ၏ လွတ်မြောက်မှုသည် "သံသရာမှ လွတ်မြောက်ခြင်း" ဖြစ်ပြီး၊ အတ္တ[27] ကို ပယ်သတ်ခြင်းကို ဦးတည်သည်။

သို့သော် ဗုဒ္ဓဘာသာသည် အမျိုးသမီးများအား စိတ်ပိုင်းဆိုင်ရာ စွမ်းအားကို ပေးစွမ်းနိုင်သဖြင့်၊ ယင်းကို "Spiritual Feminism" ဟု ခေါ်ဆိုနိုင်သည်။

## ၈။ လေ့လာခြင်း၏ အနှစ်သာရ

ဤခေါင်းစဉ်ကို လေ့လာခြင်းဖြင့် (၁) ဗုဒ္ဓဘာသာသည် အမျိုးသမီးများကို နှိမ်သည်ဟူသော အယူအဆမှားများကို ရှင်းလင်းနိုင်သည်။ သမိုင်းကြောင်းအရ ဖြစ်ခဲ့သော ခွဲခြားမှုများသည် ဗုဒ္ဓ၏ မူရင်းဒေသနာမဟုတ်ဘဲ၊ ယဉ်ကျေးမှုဓလေ့များသာ ဖြစ်ကြောင်း သိမြင်စေသည်။ (၂) LGBTQ+ များအတွက် ဗုဒ္ဓဘာသာတွင် နေရာမရှိဟု ထင်နေခြင်းကို ဖြေရှင်းနိုင်သည်။

[27] Ego

ပဏ္ဍက ဖြစ်ခြင်းသည် ဝိနည်းအရ ကန့်သတ်ချက်ရှိသော်လည်း၊ ဓမ္မအရ (ကုသိုလ်ပြုခြင်း၊ တရားအားထုတ်ခြင်း) တွင် မည်သူ့ကိုမျှ ခွဲခြားမထားကြောင်း နားလည်စေသည်။ (၃) ခေတ်သစ် Gender Issues များကို ဖြေရှင်းရာတွင် အစွန်းမရောက်သော "မဇ္ဈိမပဋိပဒါ" လမ်းစဉ်ဖြင့် ချဉ်းကပ်နိုင်မည် ဖြစ်သည်။

## ၉။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓ၏ Sex နှင့် Gender ဆိုင်ရာ ဒေသနာတော်များသည် "ဇီဝဗေဒကို ကျော်လွန်ခြင်း" ဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး၊ ပဏ္ဍက စသော ရုပ်ပိုင်းဆိုင်ရာ ကွဲပြားမှုများသည် ကံကြောင့်ဖြစ်သော အကျိုးတရားများသာ ဖြစ်ပြီး၊ စိတ်ပိုင်းဆိုင်ရာပေါက်မြောက်ခြင်း အနှစ်သာရ မဟုတ်ပေ။ နိဗ္ဗာန်သို့ သွားရာလမ်းတွင် လိင်မရှိ၊ Gender မရှိ၊ ခွဲခြားမှု မရှိပေ။ ဗုဒ္ဓဘာသာသည် သမိုင်းတစ်လျှောက်တွင် လူမှုရေးအခြေအနေများကြောင့် အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူများအပေါ် ကန့်သတ်ချက်အချို့ ရှိခဲ့သော်လည်း၊ ယင်း၏ အဓိကသွန်သင်ချက်မှာ "ပညာနှင့် မေတ္တာ" ပေါ်တွင် အခြေခံသော တန်းတူညီမျှမှုသာ ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Buddhism and Gender Studies" အတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

၁။ Gross, Rita M. (1993). Buddhism After Patriarchy: A Feminist History, Analysis, and Reconstruction of Buddhism. SUNY Press.

ဗုဒ္ဓဘာသာ သမိုင်းကြောင်းတစ်လျှောက် ဖိုဝါဒ လွှမ်းမိုးခဲ့ပုံများကို သမိုင်းအထောက်အထားများဖြင့် ဝေဖန်ထောက်ပြပြီး၊ အမျိုးသမီးများ၏ အမြင်ဖြင့် ဗုဒ္ဓဘာသာကို ပြန်လည်တည်ဆောက်ထားသော (Feminist Reconstruction) စာအုပ်ဖြစ်သည်။

၂။ Perera, L.P.N. (1993). Sexuality in Ancient India: A Study Based on the Pali Vinayapitaka. PGIPBS.

ဝိနည်းပိဋကတ်တွင် ပါရှိသော လိင်မှုကိစ္စများ၊ လိင်စိတ်သွေဖည်မှုများ (Sexual Deviations) နှင့် ပဏ္ဍက အကြောင်းကို အသေးစိတ်ဆုံး လေ့လာထားသော သုတေသနကျမ်းဖြစ်သည်။ ဤနယ်ပယ်ရှိ ကျောင်းသားများ မဖြစ်မနေ ဖတ်သင့်သည်။

၃။ Murcott, Susan. (1991). The First Buddhist Women: Translations and Commentaries on the Therigatha.

ထေရီဂါထာလာ ရဟန္တာမများ၏ ဘဝဇာတ်ကြောင်းနှင့် ကဗျာများကို ခေတ်သစ်အမြင်ဖြင့် ပြန်လည်သုံးသပ်ထားသည်။ အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာပေါက်မြောက်မှု စွမ်းရည်ကို ပေါ်လွင်စေသည်။

၄။ Harvey, Peter. (2000). An Introduction to Buddhist Ethics.

အခန်း (၁၀) တွင် "Sexual Equality and Inequality" နှင့် "Homosexuality" အကြောင်းများကို ရှင်းလင်းစွာ ဆွေးနွေးထားသည်။

## ပို့ချစဉ် (၁၂) - Early Buddhist Analysis of Rites and Rituals

### ၁။ နိဒါန်း

လူသားယဉ်ကျေးမှု သမိုင်းကြောင်းကို ပြန်ကြည့်လျှင် မည်သည့် လူ့အဖွဲ့အစည်းမျှ "ထုံးတမ်းစဉ်လာ" နှင့် ကင်းကွာ၍ မရပ်တည်နိုင်ခဲ့ပေ။ ဗုဒ္ဓဘာသာ ပေါ်ပေါက်လာချိန် အိန္ဒိယလူ့အဖွဲ့အစည်းသည် ဗြာဟ္မဏတို့၏ ယဇ်ပူဇော်ခြင်း၊ ဂါထာမန္တန်ရွတ်ဖတ်ခြင်းနှင့် အယူသည်းမှုများ[1] လွှမ်းမိုးနေသော ခေတ်ဖြစ်သည်။ ဗုဒ္ဓဘာသာသည် "အကြောင်းအကျိုး" နှင့် "ဉာဏ်ပညာ" ကို အခြေခံသော ဝါဒဖြစ်သဖြင့်၊ အကျိုးမဲ့သော ယဇ်ကြာများနှင့် ဆုတောင်းမှုများကို ပြင်းထန်စွာ ဝေဖန်ပယ်ချခဲ့သည်။

သို့သော် လက်တွေ့တွင် ဗုဒ္ဓဘာသာသည် ထုံးတမ်းစဉ်လာအားလုံးကို အမြစ်ပြတ် သုတ်သင်ခဲ့ခြင်း မဟုတ်ပေ။ ထိုအစား လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်[2] နှင့်

[1] Superstitions
[2] Psychological Need

လူမှုရေး လိုအပ်ချက်[3] များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရှေးဟောင်းထုံးတမ်းများကို **"ကျင့်ဝတ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု[4]"** ပြုလုပ်ကာ လက်ခံကျင့်သုံးခဲ့သည်။ ဤပို့ချချက်သည် ဗုဒ္ဓဘာသာ၏ ထုံးတမ်းစဉ်လာများအပေါ် ထားရှိသော မူဝါဒ၊ ပရိတ်ရွတ်ဖတ်ခြင်း (ပရိတ္တ) နှင့် အမျှဝေခြင်း (ပတ္တိဒါန) တို့၏ လူမှုစိတ်ပညာ သဘောသဘာဝများကို Lily de Silva ၏ စာတမ်းနှင့် ပိဋကတ်တော်လာ အထောက်အထားများဖြင့် ဆွေးနွေးတင်ပြထားသည်။

## ၂။ ထုံးတမ်းစဉ်လာများ၏ လူမှုဗေဒ သဘောသဘာဝ

ဤပို့ချချက်တွင် Emile Durkheim နှင့် Max Gluckman ကဲ့သို့သော လူမှုဗေဒပညာရှင်များ၏ အမြင်များကို ကိုးကား၍ ထုံးတမ်းစဉ်လာများ၏ အရေးပါပုံကို ဖော်ပြထားသည်။

### (က) လူမှုဘဝ ကူးပြောင်းခြင်း

လူတစ်ယောက်၏ ဘဝတွင် အရေးပါသော အချိုးအကွေ့များ ဖြစ်သည့် မွေးဖွားခြင်း၊ အရွယ်ရောက်ခြင်း၊ လက်ထပ်ခြင်းနှင့် သေဆုံးခြင်းတို့တွင် ထုံးတမ်းစဉ်လာများသည် လူကို စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးလေသည်။

အကူးအပြောင်းကာလ (ဥပမာ - လူပျိုဘဝမှ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းချိန်) တွင် ဖြစ်ပေါ်တတ်သော စိတ်ဖိစီးမှုများကို ထုံးတမ်းများက လျှော့ချပေးသည်။

### (ခ) ခေတ်သစ်လူ့အဖွဲ့အစည်း၏ ပြဿနာ

[3] Social Need

[4] Ethical Transformation

ခေတ်သစ်အနောက်တိုင်း လူ့အဖွဲ့အစည်းတွင် ထုံးတမ်းစဉ်လာများ ပျောက်ကွယ်သွားခြင်းကြောင့် လူများသည် "လူမှုစံနှုန်းမဲ့ ခံစားချက်" ကို ခံစားရပြီး၊ မိမိကိုယ်ကို သတ်သေခြင်း နှင့် စိတ်ရောဂါများ ပိုမိုဖြစ်ပွားလာကြောင်း Durkheim က ထောက်ပြထားသည်။ ထို့ကြောင့် ထုံးတမ်းစဉ်လာများသည် လူ့အဖွဲ့အစည်းကို ချည်နှောင်ပေးသော "လူမှုကော်" သဖွယ် ဖြစ်လေသည်။[5]

## ၃။ ရှေးဦးဗုဒ္ဓဘာသာ၏ ဝေဖန်ဆန်းစစ်ချက်

ဗုဒ္ဓသည် ထုံးတမ်းစဉ်လာများကို နှစ်မျိုးခွဲခြား၍ ရှုမြင်ခဲ့သည်။ (၁) အကျိုးမဲ့သော အယူသည်းမှုများနှင့် (၂) အကျိုးရှိသော ကျင့်ဝတ်ဆိုင်ရာ လုပ်ဆောင်မှုများ။

### (က) သီလဗ္ဗတပရာမာသ

နိဗ္ဗာန်ရောက်ကြောင်း တရားလမ်းစဉ်တွင် ထုံးတမ်းစဉ်လာများကို မျက်စိစုံမှိတ် စွဲလမ်းခြင်းသည် အတားအဆီး (သံယောဇဉ်) တစ်ခုဖြစ်ကြောင်း ဗုဒ္ဓက ဟောကြားထားသည်။ နွားအလေ့အကျင့် (ဂေါဝတိက)၊ ခွေးအလေ့အကျင့် (ကုက္ကုရဝတိက) ကဲ့သို့သော ခန္ဓာကိုယ် ညှဉ်းဆဲခြင်းများကို အကျိုးမရှိဟု ပယ်ချခဲ့သည်။[6]

---

[5] "Anomie (လူမှုစံနှုန်းမဲ့ ခံစားချက်)" ဟူသော ဝေါဟာရကို ပြင်သစ်လူမှုဗေဒပညာရှင် Émile Durkheim က သူ၏ နာမည်ကျော်စာအုပ် *Suicide (1897)* တွင် စတင်မိတ်ဆက်ခဲ့သည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် ဘာသာရေးနှင့် ထုံးတမ်းစဉ်လာများ (Rituals) အားနည်းသွားသောအခါ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် အထီးကျန်ခြင်း၊ ဘဝရည်ရွယ်ချက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်ကာ မိမိကိုယ်ကို သတ်သေမှုနှုန်း (Anomic Suicide) မြင့်တက်လာကြောင်း သုတေသနပြုထားသည်။ Durkheim, Émile. (1951). *Suicide: A Study in Sociology*. (Translated by J.A. Spaulding & G. Simpson). Free Press.

[6] ခန္ဓာကိုယ်ကို ညှဉ်းဆဲကာ နွားကဲ့သို့၊ ခွေးကဲ့သို့ နေထိုင်စားသောက်ကျင့်ကြံပါက နတ်ပြည်ရောက်မည်ဟူသော အယူမှားကို ဗုဒ္ဓက ကုက္ကုရဝတိကသုတ် တွင် ပယ်ချခဲ့သည်။ ထိုသို့ကျင့်ကြံမှု အောင်မြင်ပါက ခွေး/နွား ဘဝသို့သာ ရောက်မည်ဖြစ်ပြီး၊ မအောင်မြင်ပါက ငရဲသို့သာလားမည်ဟု ဟောကြားကာ အဓိပ္ပာယ်မဲ့သော

### (ခ) မင်္ဂလာ အယူအဆ ပြောင်းလဲခြင်း

မဟာမင်္ဂလာသုတ်တွင် ဗုဒ္ဓသည် ထိုခေတ်က ခေတ်စားနေသော "အမြင်မင်္ဂလာ၊ အကြားမင်္ဂလာ[7]" များကို ပယ်ချပြီး၊ "မိဘကို လုပ်ကျွေးခြင်း၊ အပြစ်ကင်းသော အလုပ်ကို လုပ်ခြင်း" စသည့် ကျင့်ဝတ်များကိုသာ စစ်မှန်သော မင်္ဂလာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

### (ဂ) ဥပါသကာ နှစ်မျိုး

အင်္ဂုတ္တရနိကာယ်တွင် ဥပါသကာ နှစ်မျိုး ခွဲခြားပြထားသည်။

1. ဥပါသကစဏ္ဍာလ (စွန့်ပစ်ရမည့် ဥပါသကာ) - ကံကို မယုံဘဲ မင်္ဂလာကို ယုံသူ၊ ထုံးတမ်းစဉ်လာ (ကောတုဟလ မင်္ဂလိက) ကိုသာ အားကိုးသူ။
2. ဥပသကပုဏ္ဍရိက (ကြာပန်းနှင့်တူသော ဥပါသကာ) - မင်္ဂလာကို မယုံဘဲ ကံကိုသာ ယုံသူ။[8]

## ၄။ ပရိတ်ရွတ်ဖတ်ခြင်း၏ စိတ်ပညာနှင့် လူမှုရေး အခန်းကဏ္ဍ

---

အစွန်းရောက် ကျင့်စဉ် (Rituals/Asceticism) များကို ဝေဖန်ခဲ့သည်။ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ကုက္ကုရဝတိကသုတ်

[7] Omens

[8] အင်္ဂုတ္တရနိကာယ်လာ စဏ္ဍာလသုတ် တွင် ဗုဒ္ဓက ယုတ်ညံ့သော ဥပါသကာ (စဏ္ဍာလ) ၏ အင်္ဂါ ၅ ပါးကို ဟောကြားခဲ့သည်။ ယင်းတို့မှာ - (၁) သဒ္ဓါတရားမရှိခြင်း၊ (၂) သီလမရှိခြင်း၊ (၃) ကောတုဟလမင်္ဂလာ (အမြင်၊ အကြား စသော နိမိတ်) ကို ယုံကြည်ခြင်း၊ (၄) ကံကိုမယုံဘဲ မင်္ဂလာကို ယုံကြည်ခြင်း၊ (၅) သာသနာပြင်ပ၌ အလှူခံပုဂ္ဂိုလ်ကို ရှာဖွေလှူဒါန်းခြင်း တို့ဖြစ်သည်။ အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ စဏ္ဍာလသုတ်

Lily de Silva ၏ "*Paritta: The Buddhist Protective Ritual*" စာတမ်းတွင် ပရိတ်ရွတ်ဖတ်ခြင်းသည် ဗုဒ္ဓဘာသာက လက်ခံထားသော အရေးအပါဆုံး အကာအကွယ် ထုံးတမ်းဖြစ်ကြောင်း ရှင်းပြထားသည်။

**(က) သစ္စာကိရိယာ**

ပရိတ်သည် ဂါထာမန္တန်[9] မဟုတ်ပါ။ ယင်း၏ စွမ်းအင်သည် "သစ္စာကိရိယ" (အမှန်တရားကို ဆိုခြင်း) ပေါ်တွင် တည်မှီနေသည်။ ဥပမာ အင်္ဂုလိမာလပရိတ်တွင် အင်္ဂုလိမာလသည် "ငါ ရဟန်းဝတ်ပြီးချိန်ကစလို့ သတ္တဝါတစ်စုံတစ်ယောက်ကိုမှ သတ်လိုစိတ် မရှိခဲ့ပါ (သစ္စာဝစန)" ဟု သစ္စာဆိုခြင်းဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးကို ချမ်းသာစေခဲ့သည်။

**(ခ) မေတ္တာ စွမ်းအင်**

မေတ္တာသုတ်နှင့် ခန္ဓာသုတ်တို့တွင် မြွေ၊ နတ်၊ ဘီလူး စသည်တို့ကို တိုက်ခိုက်နှင်ထုတ်ခြင်း မပြုဘဲ၊ ယင်းတို့အပေါ် မေတ္တာဖြန့်ကြက်ခြင်းဖြင့် မိမိကိုယ်ကို ကာကွယ်ရန် ညွှန်ကြားထားသည်။ ယင်းသည် "စိတ်ပိုင်းဆိုင်ရာ အကာအကွယ်[10]"ကို တည်ဆောက်ပေးခြင်း ဖြစ်သည်။

**(ဂ) အာဋာနာဋိယသုတ် ပြဿနာ**

အာဋာနာဋိယသုတ်သည် အနည်းငယ် ထူးခြားသည်။ ယင်းကို ဘီလူး၊ နတ်ဆိုးများရန်မှ ကာကွယ်ရန် ရွတ်ဖတ်သည်။ ဤနေရာတွင် ဗုဒ္ဓဘာသာသည် ရှေးဟောင်း "Demonology"

[9] Spell
[10] Psychological Barrier

(နတ်ဆိုးပညာ) ကို လုံးဝပယ်မချဘဲ၊ သာမန်လူတို့၏ ကြောက်ရွံ့မှုကို ကုစားရန်အတွက် အသုံးချခဲ့ခြင်း ဖြစ်သည်။[11]

## ၅။ တိရောကုဋ္ဋသုတ် နှင့် ပူဆွေးမှု စီမံခန့်ခွဲခြင်း

ဤပို့ချချက်၏ အဓိက Highlight တစ်ခုမှာ ဈာပနအခမ်းအနားများနှင့် ပတ်သက်သော လေ့လာချက်ဖြစ်သည်။ တိရောကုဋ္ဋသုတ်သည် သေလွန်သူများအတွက် ရည်စူး၍ အလှူလုပ်ခြင်းကို စနစ်တကျ ပြဋ္ဌာန်းပေးခဲ့သည်။

### (က) အစားထိုးခြင်း နည်းလမ်း

ဗြာဟ္မဏဝါဒတွင် သေသူအတွက် သွေးဖြင့် ယဇ်ပူဇော်ကြသည်။ ဗုဒ္ဓက ထိုအလေ့အထကို ပယ်ဖျက်ပြီး "သံဃာကို ဆွမ်းလှူ၍ အမျှဝေခြင်း" (ပတ္တိဒါန) ဖြင့် အစားထိုးခဲ့သည်။

> "အဒါသိ မေ အကာသိ မေ" - "ငါ့ကို ပေးဖူးတယ်၊ ကူညီဖူးတယ်" ဟု သေသူ၏ ကျေးဇူးကို အောက်မေ့ပြီး လှူဒါန်းရမည်။

### (ခ) ကျန်ရစ်သူများကို ကုစားခြင်း

တိရောကုဋ္ဋသုတ်၏ အနှစ်သာရသည် သေသူအတွက်သာ မဟုတ်ဘဲ၊ ကျန်ရစ်သူ မိသားစု၏ ပူဆွေးသောက (Grief) ကို ကုစားပေးခြင်း ဖြစ်သည်။

---

[11] ဤသုတ္တန်သည် ဒီဃနိကာယ်တွင် ပါရှိပြီး၊ ဝေဿဝဏ်နတ်မင်းကြီးက ဘုရားရှင်အား ဆက်ကပ်သော အရံအတား ဖြစ်သည်။ ဗုဒ္ဓဘာသာသည် နတ်ဆိုးပညာ (Demonology) ကို တိုက်ရိုက်အားပေးခြင်း မဟုတ်သော်လည်း၊ တောတောင်များတွင် တရားအားထုတ်သော ရဟန်းများနှင့် သာမန်လူများ၏ "ကြောက်ရွံ့မှု (Fear)" ကို ဖယ်ရှားပေးရန် စိတ်ပိုင်းဆိုင်ရာ အကာအကွယ် (Psychological safeguard) အဖြစ် ဤသုတ္တန်ကို ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ဒီဃနိကာယ်၊ ပါထိကဝဂ်၊ အာဋာနာဋိယသုတ်

"ငိုကြွေးနေလို့ သေသူအတွက် ဘာမှထူးမလာဘူး" (န ဟိ ရုဏ္ဏံ ဝါ သောကော ဝါ...) ဟု ဆုံးမပြီး၊ လက်တွေ့အကျိုးရှိမည့် အလှူအတန်းကို ပြုလုပ်စေခြင်းဖြင့် ကျန်ရစ်သူတို့၏ စိတ်ကို အပြုသဘောဆောင်သော လမ်းကြောင်းသို့ လွှဲပြောင်းပေးသည်။ ယင်းကို ခေတ်သစ်စိတ်ပညာတွင် **"Grief Management"** ဟု ခေါ်လေ့ရှိသည်။[12]

## ၆။ လူမှုပေါင်းစည်းမှု ယန္တရား

ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများသည် ရဟန်း (Sangha) နှင့် လူ (Laity) တို့အကြား ဆက်ဆံရေးကို ခိုင်မာစေသည်။

**ဒါန** - လူများက ရဟန်းများကို ပစ္စည်းလေးပါး ထောက်ပံ့သည်။

**ဓမ္မ** - ရဟန်းများက လူများကို ပရိတ်ရွတ်ခြင်း၊ တရားဟောခြင်းဖြင့် ပြန်လည်စောင့်ရှောက်သည်။

ဤ အပြန်အလှန် အမှီသဟဲပြုမှုသည် ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းကို ရာစုနှစ်ပေါင်းများစွာ တည်တံ့စေခဲ့သော အဓိက အကြောင်းရင်းဖြစ်သည်။

## ၇။ လေ့လာခြင်း၏ အနှစ်သာရ

---

[12] ဆွေမျိုးများ သေလွန်သည့်အခါ ငိုကြွေးပူဆွေးနေမည့်အစား ကျန်ရစ်သူတို့ ပြုလုပ်သင့်သည့် အကောင်းဆုံး ထုံးတမ်းစဉ်လာ (Ritual) ကို တိရောကုဋ္ဋသုတ် တွင် ဟောကြားထားသည်။ "*အဒါသိ မေ အကာသိ မေ*" (ငါ့အား ပေးဖူးပြီ၊ ငါ့အား ပြုလုပ်ပေးဖူးပြီ ဟု ကျေးဇူးကို အောက်မေ့၍ အမျှဝေရမည်) ။ *"န ဟိ ရုဏ္ဏံ ဝါ သောကော ဝါ"* (ငိုကြွေးခြင်း၊ စိုးရိမ်ပူဆွေးခြင်းသည် သေလွန်သူတို့အတွက် အကျိုးမရှိပေ) ဟု ဟောကြားကာ ခေတ်သစ်စိတ်ပညာ၏ "Grief Management" သဘောတရားကို လမ်းညွှန်ပေးခဲ့သည်။ ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဠ၊ တိရောကုဋ္ဋသုတ်

ဤခေါင်းစဉ်ကို လေ့လာခြင်းဖြင့် **(၁)** လူသားများသည် ယုတ္တိဗေဒ (Logic) သက်သက်ဖြင့် မရပ်တည်နိုင်ဘဲ၊ စိတ်ခံစားမှု နှင့် လုံခြုံမှု လိုအပ်ကြောင်း နားလည်စေသည်။ **(၂)** ဗုဒ္ဓဘာသာသည် ထုံးတမ်းစဉ်လာများကို "မှော်အတတ်" အဆင့်မှ "ကျင့်ဝတ်" အဆင့်သို့ မြှင့်တင်ပေးလိုက်ကြောင်း သိမြင်နိုင်သည်။ **(၃)** ပရိတ်ရွတ်ခြင်းနှင့် အမျှဝေခြင်းတို့သည် ခေတ်သစ် စိတ်ကုထုံးများအနေဖြင့် မည်မျှ ထိရောက်မှုရှိကြောင်း သုတေသနပြုနိုင်သည်။

## ၈။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓဘာသာ၏ ထုံးတမ်းစဉ်လာများအပေါ် သဘောထားသည် အလယ်အလတ်လမ်းစဉ် ဖြစ်သည်။ အကျိုးမဲ့သော အယူသည်းမှုများကို ပယ်ချသော်လည်း၊ လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် အပြုသဘောဆောင်သော ထုံးတမ်းများကို လက်ခံထားသည်။ ပရိတ်ရွတ်ခြင်းသည် ကြောက်ရွံ့မှုကို ပျောက်ကင်းစေပြီး၊ အမျှဝေခြင်းသည် ပူဆွေးမှုကို သက်သာစေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများသည် ဘာသာရေး အခမ်းအနား သက်သက်မဟုတ်ဘဲ၊ လူ့အဖွဲ့အစည်းကို ကုစားပေးသော ကုထုံးများ ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ဤပို့ချချက်အတွက် ဆက်လက်ဖတ်ရှုသင့်သော စာအုပ်အချို့

ဤစာအုပ်တို့သည် "Buddhist Rituals" နှင့် "Anthropology of Buddhism" ဘာသာရပ်များအတွက် မဖတ်မဖြစ် စာရင်းဝင် စာအုပ်များ ဖြစ်ပါသည်။

၁။ Gombrich, Richard F. (1971). Precept and Practice: Traditional Buddhism in the Rural Highlands of Ceylon. Oxford University Press.

သီရိလင်္ကာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများကို လူထုက မည်သို့ လက်တွေ့ကျင့်သုံးနေကြသည်ကို မနုဿဗေဒ ရှုထောင့်မှ လေ့လာထားသော အဖိုးတန်စာအုပ်ဖြစ်သည်။ စာပေလာ ဗုဒ္ဓဘာသာနှင့် လက်တွေ့ ဗုဒ္ဓဘာသာ ကွာခြားချက်ကို ကောင်းစွာ မီးမောင်းထိုးပြထားသည်။

၂။ De Silva, Lily. (1981). Paritta: The Buddhist Protective Ritual. Spolia Zeylanica.

ပရိတ်ကြီး ၁၁ သုတ်၏ သမိုင်းကြောင်း၊ ရွတ်ဖတ်ပုံ၊ မန္တန် (Mantra) နှင့် ပရိတ် (ပရိတ္တ) ကွာခြားပုံ၊ နှင့် ပရိတ်၏ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို သုတေသနပြုထားသော အကောင်းဆုံး စာတမ်းဖြစ်သည်။

၃။ Spiro, Melford E. (1982). Buddhism and Society: A Great Tradition and Its Burmese Vicissitudes. University of California Press.

မြန်မာနိုင်ငံ၏ နတ်ကိုးကွယ်မှု (Nat Worship) နှင့် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများ ရောယှက်နေပုံကို "Apotropaic Buddhism" (ဘေးကာကွယ်ရေး ဗုဒ္ဓဘာသာ) ခေါင်းစဉ်အောက်တွင် အသေးစိတ် လေ့လာထားသည်။ (ဤစာအုပ်တွင် မနုဿဗေဒပညာရှင် **Melford E. Spiro** သည် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ ကျင့်သုံးမှုများကို (၁) Nibbanic (နိဗ္ဗာန်ရည်မှန်းသော ဗုဒ္ဓဘာသာ)၊ (၂) Kammatic (ကံနှင့် ကောင်းကျိုးကို ရည်မှန်းသော ဗုဒ္ဓဘာသာ) နှင့် (၃) Apotropaic (မျက်မှောက်ဘေးအန္တရာယ်များ၊ ရောဂါများ၊ နတ်ဆိုးများမှ ကာကွယ်ရန် ရည်မှန်းသော ဗုဒ္ဓဘာသာ) ဟူ၍ ၃ မျိုး ခွဲခြားပြခဲ့သည်။ ပရိတ်ရွတ်ခြင်း၊

ယတြာချေခြင်းများသည် ဤ "Apotropaic Buddhism" အမျိုးအစားတွင် ပါဝင်သည်။)

၄။ Tambiah, S.J. (1970). Buddhism and the Spirit Cults in North-east Thailand.

ထိုင်းဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှု ဆက်စပ်ပုံကို လေ့လာထားပြီး၊ ထုံးတမ်းစဉ်လာများသည် လူမှုဖွဲ့စည်းပုံကို မည်သို့ ခိုင်မာစေကြောင်း တင်ပြထားသည်။

**Buddhist Social Philosophy/ Social Dimension of Buddhism ဘာသာရပ်နှင့်စပ်၍ ပို့ချသည့်ဆရာများက အကြံပြုထားသော ထပ်မံ ဖတ်ရှုသင့်သည့် စာအုပ်များ**


1. Bhikkhu Bodhi, ed. *In the Buddha's Words: An Anthology of Discourses from the Pāli Canon.* Boston: Wisdom Publications, 2005.

2. Bhikkhu Bodhi. *The Buddha's Teachings on Social and Communal Harmony: An Anthology of Discourses from the Pāli Canon*. Boston: Wisdom Publications, 2016.

3. Bhikkhu Bodhi. *The Noble Eightfold Path: Way to the End of Suffering*. Kandy: Buddhist Publication Society, 1984.

4. Bhikkhu Bodhi. *The Suttanipata: An Ancient Collection of the Buddha's Discourses Together with Its Commentaries.* Boston: Wisdom Publications, 2017.

5. Bhikkhu Bodhi. *Facing the Future: Four Essays on the Social Relevance of Buddhism.* Kandy: Buddhist Publication Society, 2000.

6. Boyd, James W. *Social Philosophy of Buddhism*. New Delhi: Sterling Publishers, 1993.

7. Chakravarti, Uma. *The Social Dimensions of Early Buddhism*. New Delhi: Munshiram Manoharlal Publishers, 1996.

8. Deegalle, Mahinda, ed. *Buddhism, Conflict and Violence in Modern Sri Lanka*. London: Routledge, 2006.

9. Deegalle, Mahinda, ed. *Justice and Statecraft: Buddhist Ideals in Practice*. London: Routledge, 2018.

10. Field, Lloyd. *Business and the Buddha: Doing Well by Doing Good.* Boston: Wisdom Publications, 2007.

11. Gnanarama, Ven. Pategama. *An Approach to Buddhist Social Philosophy.* Singapore: Ti-Sarana Buddhist Association, 1996.

12. Gross, Rita M. Soaring and Settling: *Buddhist Perspectives on Contemporary Social and Religious Issues.* New York: Continuum, 2000.

13. Guruge, Ananda W. P., ed. *Hsi Lai Journal of Humanistic Buddhism.* Vol. 5. Rosemead: University of the West, International Academy of Buddhism, 2004.

14. Harris, Ian, ed. *Buddhism and Politics in Twentieth-Century Asia.* London: Continuum, 1999.

15. Jha, Anirudha. *Social Philosophy of Bertrand Russell.* Delhi: Ajanta Publications, 1978.

16. ones, Ken. *The New Social Face of Buddhism: A Call to Action*. Boston: Wisdom Publications, 2003.

17. Jones, Ken. *The Social Face of Buddhism:* An Approach to Political and Social Activism. London: Wisdom Publications, 1989.

18. Karunatilake, J. N. S. *This Confused Society*. Colombo: Buddhist Information Centre, 1976.

19. King, Sallie B. Being Benevolence: *The Social Ethics of Engaged Buddhism*. Honolulu: University of Hawaiʻi Press, 2005.

20. Loy, David R. *The Great Awakening: A Buddhist Social Theory*. Boston: Wisdom Publications, 2003.

21. Mallikarachchi, Desmond. *Buddha and Marx: On Man and Humanity.* Peradeniya: Department of Philosophy, University of Peradeniya, 2003.

22. Misra, Ram Deo. *Buddhist Social Philosophy*. Delhi: Abhijeet Publications, 2007.

23. Queen, Christopher S., ed. *Engaged Buddhism in the West*. Boston: Wisdom Publications, 2000.

24. Queen, Christopher S., and Sallie B. King, eds. *Engaged Buddhism: Buddhist Liberation Movements in Asia*. Albany: State University of New York Press, 1996.

25. Ratnapala, Nandasena. *Buddhist Democratic Political Theory and Practice*. Colombo: Sarvodaya Vishva Lekha, 1997.

26. Ratnapala, Nandasena. *Buddhist Sociology.* Delhi: Sri Satguru Publications, 1993.

27. Seneviratne, H. L. *The Work of Kings: The New Buddhism in Sri Lanka.* Chicago: The University of Chicago Press, 1999.

28. Sivaraksa, Sulak. *Seeds of Peace: A Buddhist Vision for Renewing Society.* Berkeley: Parallax Press, 1992.

29. Sivaraksa, Sulak. *Socially Engaged Buddhism.* Delhi: B.R. Publishing Corporation, 2005.

30. Swaris, Nalin. *The Buddha's Way to Human Liberation: A Socio-Historical Approach.* Colombo: Author Publication, 1999.

31. Tambiah, Stanley Jeyaraja. *World Conqueror and World Renouncer: A Study of Buddhism and Polity in Thailand against a Historical Background*. Cambridge: Cambridge University Press, 1976.

32. Tilakaratne, Asanga. *Collected Papers of Asanga Tilakaratne, Volume I, II, III, IIII, IIIII*. Nugegoda: Sarasavi Publishers, 2020.

33. Weeraratne, W. G. *Individual and Society in Buddhism.* Dehiwala: Buddhist Cultural Centre, 2009.

34. Wickramasinghe, J. W. *The End of Economic Science and the Beginning of People-Friendly Economics: Buddhist Theory of Development Economics.* Dehiwala: Buddhist Cultural Centre, 2002.

35. Yarnall, Thomas Freeman. *Engaged Buddhism: The Art of Grand Strategy.* New York: Columbia University Press, 2023.

36. ဒေါက်တာ အရှင်သီရိသုမင်္ဂလ၊ ဗုဒ္ဓဝါဒနှင့် ကျား/မ ခွဲခြားမှု ပြဿနာ Buddhist Social Philosophy ဆောင်ပါးများ

37. ဒေါက်တာ အရှင် သီရိသုမင်္ဂလ၊ လူမှုအကျိုးပြု ဗုဒ္ဓဘာသာသာ Socially Engaged Buddhism

ဗုဒ္ဓဘာသာ လူမှုဒဿနကိုလေ့လာခြင်းသည် မိမိတို့အား "စာအုပ်ထဲက ဗုဒ္ဓဘာသာ" မှ
"ရှင်သန်နေသော ဗုဒ္ဓဘာသာ" သို့ပို့ဆောင်ပေးသည်။
မိမိတို့သည် ယခင်ကဘာသာရေးကို သီးခြားလောကတစ်ခုအဖြစ် မြင်ခဲ့သော်လည်း၊
ဤဘာသာရပ်က ဘာသာရေးသည် လူမှုအဖွဲ့အစည်း၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့်
ခွဲခြား၍မရအောင်ဆက်စပ်နေကြောင်း ပြသနေသည်။